www.burmeseclassic.com

တက္ကသိုလ်

# နှလုံးအောင်

သုံးအုပ်တွဲသိုင်းဝတ္ထု

# အန္တရာယ်ကောင် ယန္တရားဖား

တတိယ
ဇာတ်သိမ်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
# နေလင်းအောင်

# အန္တရာယ်ကောင်ယန္တရားဖား

(ထတိထပိုင်း၀ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၇၅၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၀၉၃၀၆၁၀

၂၀၀၆ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



(၁)

## မသိရှိလေသောသတို့သား

ကောင်းသည်။ သူ့အတွက် အခြေအနေအကောင်းဆုံးပင်။ သူသည် ထရပ်လိုက်၏။ သူသည် ခြေဖွနင်း၍ စံအိမ်တော်ဆီသို့ ထွက်လာခဲ့လေ၏။ ချင်ချင်ကိုတွေ့ဆုံရန်အတွက် သူထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

သူသည် ချင်ချင်၏အခန်းရှေ့သို့ရောက်လာလေ၏။ သူသည် အခန်းသော့ပေါက်မှ ချောင်းမြောင်းကြည့်ရှုလေ၏။

"ဟင်း..."

သူသည် ကျိတ်၍ သက်ပြင်းချမိလေ၏။ သမားတော်ကြီးမိုဟိသည် ထိုသိုင်းသမားကိုချင်ချင်နှင့် မတူတူအောင် ရုပ်ဖျက်ပြုပြင်ပေးခဲ့သဖြင့် ချင်ချင်နှင့်ခွဲမရအောင်တူခဲ့သည်။

ချင်ချင်နှင့်တူသူသည် မှန်ရှေ့၌ အလှပြင်နေ၏။

ချင်ချင်နှင့်တူသူကို ချင်ဖုန်ကြည့်၍ အားပလိုအားမရဖြစ်နေ၏။ သူသည် ကျိတ်၍ သက်ပြင်းချနေမိသည်။

သူ အားမရသည်မှာ အခြားမဟုတ်။ ချင်ချင်အား ပိုက်ထွေးသုယခြင်း မပြုရ၍ဖြစ်သည်။ သူသည် ချင်ချင်အား အလွန်ပိုချင်နေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူသည် စိတ်မထိန်းနိုင်တော့ချေ။ တံခါးကို အသာလေး ဖွင့်၍ ခြေသံမကြားအောင် ဝင်လာခဲ့တော့သည်။

ချင်ချင်နှင့်တူသူကား အလုပြင်ဆဲ။ ချင်ချင်ကိုယ်တိုင်က ဤအခန်းထဲမှမထွက်ရန် မှာကြားခဲ့သည် မဟုတ်ပါလား။ ချင်ဖုန်သည် ခြေဖျားထောက်၍ လျှောက်လာသည်။ သူသည် ချင်ချင်၏ခါးကလေးကို ဖက်လိုက်သည်။

"ဟိတ်"

"အို"

သိုင်းသမားသည် သိုင်းသမားသာ ဖြစ်ပါလေ၏။ သူ့အား အလန့်တကြားသွားဖက်သောအခါ လူကနေသော်လည်း ပညာကမနေချေ။ သူသည် တံတောင်နှင့်တွက်လိုက်သည်။

ချင်ဖုန်သည် အရိုက်ကိုထိသွားသည်။ သူ မျှော်လင့်မထားသဖြင့် ဤသို့အတိုက်ခံလိုက်ရခြင်းဖြစ်သည်။

"ဘယ်... ဘယ်လိုလုပ်လိုက်တာလဲ ချင်ချင်ရယ်၊ မတော်တဆ အသည်းတွေပေါက်ကုန်ရင် ဘယ့်နှယ်လုပ်မလဲ၊ အစ်ကို့ ရင်ကနုနုလေးကွယ်"

ချင်ချင်နှင့်တူသူသည် ချင်ဖုန်ကိုမတွေ့ဘူးခဲ့ချေ။ သူသည် ချင်ဖုန်ကိုကြည့်သောအခါ အလွန်အရုပ်ဆိုးလှသဖြင့် သတို့သားဖြစ်မည်ဟု မထင်ချေ။

တောက်တောင်ပြောင်ပြောင် ဝတ်စားထားသော်လည်း ထိုသူကဲ့သို့ အခြားတောက်တောက်ပြောင်ပြောင် ဝတ်စားသူများလည်းရှိနေသဖြင့် ချင်ဖုန်အား သတို့သားဟု မထင်မိသည်မှာ သူမှာ



များချေ။

"ရှင် ဒီအခန်းထဲမှာ ဘာလာလုပ်တာလဲ၊ ထွက်သွား အပြင်ကိုထွက်သွား"

"ဘယ်လိုလဲ ရက်စက်လှချည်လား ချင်ချင်ရယ်၊ တိုးတိုးပြောပါ၊ မကြာခင် အတူတူနေရမယ့်သူတွေ ဥစ္စာ၊ ဒီလိုမကျီစားပါနဲ့ကွယ်"

ချင်ဖုန်သည် ပတ်ချွဲနပ်ချွဲပြောလိုက်လေ၏။ သူသည် ထပ်မံ ချော့မြှူကြည့်လျှင် ရလိမ့်မည်ထင်၍ အနားကပ်လာပြန်၏။

ချင်ချင်နှင့်တူသူကား ချင်ဖုန်ကို သတို့သားဟု လုံးဝမထင်ပေ။ ယခုအထိလည်း လက်မခံနိုင်ပေ။ သူသည် ပါးရိုက်လိုက်၏။

"ဖြန်း"

"ဟင်"

ချင်ဖုန်မှာ ပါးတစ်ဖက် ထူပူသွားလေ၏။ ချင်ချင်နှင့် တူသူသည် သိုင်းသမားဖြစ်၍ ရိုက်ချက်တကယ်ပြင်းသည်။ ချင်ဖုန်သည်ခံလိုက်ရသဖြင့် ဒေါသထွက်လာလေ၏။ သူ့ကိုပင် မသိသူသည် ချင်ချင်မဟုတ်။ အခြားတစ်ယောက်ဖြစ်လိမ့်မည်ဟု ထင်လာသည်။ သူ မသင်္ကာဖြစ်လာလေပြီ။

ချင်ချင်နှင့် ရုပ်ရည်တူသော်လည်း အပြုအမူကွဲပြားနေသည်ကို သူ သတိပြုမိလာ၏။

"ဟင်... မင်း မင်း ဘယ်သူလဲ ပြောစမ်း၊ မှန်မှန်ပြောစမ်း"

ချင်ချင်နှင့်တူသူသည် ချက်ချင်းသဘောပေါက်သွားလေပြီ။ သူ မှားချေပြီ။ သတို့သားကို သူစိမ်းတစ်ယောက်သဖွယ် ဆက်ဆံမိ

www.burmeseclassic.com



လေပြီ။ ချင်ချင်၏မှာကြားချက်တို့ကို သူမလိုက်နာနိုင်တော့ပေ။

"ဖြောင်း... ဖြောင်း"

ထို့ကြောင့် ချင်ချင်နှင့်တူသည် ဦးဆောင်တိုက်ခိုက်နိုင်သဖြင့် ချင်ဖုန်ကိုအငိုက်မိအောင် တိုက်ခိုက်နိုင်သည်။

ချင်ဖုန်တစ်ယောက် ခံနေရလေပြီ။ အပြင်မှ တိုက်ခိုက်သံများကို မကြားရပေ။ သူသည် ချင်ချင်နှင့်တူသူ၏ သိုင်းကွက်များကြားမှ ရုန်းမထွက်နိုင်ပေ။

(၂)

ရှောင်လင်သိုင်းသမားဟုန်ကျင်းမှာ ဆံပင်တုကိုတပ်ထားသဖြင့် အနေခက်နေဟန်ရှိသော်လည်း တကယ်တော့ ဆံပင်တုတွင် အာရုံမရောက်ချေ။ မရောက်အောင်လည်း စိတ်ကိုလေ့ကျင့်ထားသည်။

"ဖြောင်း... ဖြောင်း... ဖြောင်း"

"ဟုတ်ပြီ... ဟုတ်ပြီ... ရောက်တော့မယ် ရောက်တော့မယ်၊ လျှောက်ပေး... လျှောက်ပေး"

အော်ဟစ်အားပေးသံ၊ လက်ခုပ်တီးသံများကား အုန်းအုန်းကျွတ်ကျွတ်ထွက်ပေါ်နေသည်။

ဟုန်ကျင်းမှာ ဆူးခင်းလမ်းကို လျှောက်နေရာ လမ်းတစ်ဝက်သို့ရောက်နေလေပြီ။ ထို့ကြောင့် အော်ဟစ်အားပေးသူများမှာ



အသည်းအသန်ပို၍ အားပေးလာသည်။ အဘယ်ကြောင့် ဤမျှအားပေးကြသနည်း။ ဆူးခင်းလမ်းလျှောက်သူများတွင် သူတစ်ဦးတည်းသာ ဤမျှလျှောက်နိုင်သူ ဖြစ်သောကြောင့်တည်း။

သူသည် စိတ်ထင်တိုင်း အမြန်မလျှောက်ချေ။ မြန်မြန်လျှောက်လိုက်ပါက ခရီးဆုံးသွားမည်ဖြစ်ပြီး လူထုစိတ်ဝင်စားမှုလျော့ပါးသွားမည်ကို စိုးရိမ်သောကြောင့်တည်း။ သူသည် တတ်နိုင်သမျှဖြည်းဖြည်းလျှောက်၏။ သူ လျှောက်နေစဉ် အများစိတ်ဝင်စားစေရန်ဖြစ်ပေသည်။

ဖြည်းညင်းစွာ လျှောက်နေခြင်းမှာ ဆူးများ၏ဒဏ်ကိုသူ့ခြေဖဝါးများက မခံနိုင်သောကြောင့် ဤသို့လျှောက်နေခြင်းဖြစ်သည်ဟု လူအများ အထင်ရှိသွားစေရန်ဖြစ်၏။ တကယ်တော့ မည်သည့်ဆူးကမျှ ဟုန်ကျင်းအား စူးဝင်စေခြင်းမရှိပါ။ ရှောင်လင်ကျောင်းတော်၌ ထိပ်တန်းသိုင်းပညာတတ်သူတိုင်း ဤသို့လမ်းလျှောက်နိုင်သည်သာ ဖြစ်ပါသည်။

ထိုစဉ် ပိတုန်းဇကရီရှုစီလင်းသည် စိတ်ထဲ၌ တစ်စုံတစ်ယောက်ပျောက်နေသည်ဟု ထင်မြင်မိလေ၏။ ပထမ၌ မည်သူပျောက်နေမှန်း သူမသိချေ။ ထို့ကြောင့်ပျောက်နေသူကို ရှာဖွေတော့သည်။ ဂိုဏ်းချုပ်ကြီးဖန်ကောက်တင် ရှေ့ဆုံးမှ မားမားကြီးရပ်နေ၏။ သူ မပျောက်ချေ။

ကျောက်ဖိန်၊ သူလည်း မပျောက်ချေ။ ကျောင်းချူး သူလည်း မပျောက်ချေ။ ချင်ဖုန်၊ သူ ပျောက်နေပေပြီ။ ဟုတ်သည်။ ချင်ဖုန် ပျောက်နေချေပြီ။ သူသည် ချင်ဖုန်ကို ဒေါင်းတောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရတော့မည်။

ရှုစီလင်းသည် သတို့သားကို အပြင်းအထန်ရှာဖွေတော့၏။ ပထမဆုံးအနီးကပ် ရှိသူများကိုမေးသည်။ သူမသည် ကျောက်ဖိန်ကို မေးလေ၏။

"ကျောက်ဖိန်... ချင်ဖုန်ကော"

"မသိဘူးလေ"

"ကျောင်ချူး... ချင်ဖုန်ကော"

"မသိဘူး... ငါ သူ့ကိုကြည့်နေတာမဟုတ်ဘူး၊ ဆွေးခင်းလမ်းပေါ် လျှောက်နေတဲ့လူကို ကြည့်နေတာ"

ထို့ကြောင့် ရှုစီလင်းသည် တဖြည်းဖြည်း နောက်ဆုတ်နောက်ဆုတ်၍ မေးလာသည်။ ထိုအခါ သတို့သားကို သတိထားမိသူတစ်ဦး တွေ့လာ၏။

"သတို့သားလား... တွေ့တယ်... တွေ့တယ်၊ စံအိမ်တော်ကြီးဆီလျှောက်သွားတာ တွေ့လိုက်တယ်"

ရှုစီလင်း ဝမ်းသာသွား၏။ ချင်ဖုန် ဘယ်သွားသည်ကိုသိပြီမဟုတ်ပါလား။ သူသည် စံအိမ်တော်ဆီသို့လျှောက်လာလေ၏။ ချင်ချင်၏ အလှပြင်ခန်းသို့ ချင်ဖုန်သွားမည်ဟု တွေးမိသည်။ သူသည် ချင်ချင်၏ အလှပြင်ခန်းသို့ တိုက်ရိုက်သွားတော့၏။

အလှပြင်ခန်းသည် ရုတ်တရက် ငြိမ်သက်နေသည်။ သူ



သည် တံခါးအနီးသို့ကပ်ရပ်လိုက်သည်။ ထို့နောက် တံခါးကိုခေါက်လိုက်၏။

"ဒေါက်... ဒေါက်... ဒေါက်"

အထဲမှပြန်ဖြေသံကို မကြားရချေ။ ထို့ကြောင့် စိတ်ထဲ၌မ သိုးမသန့်ဖြစ်လာပြီး တံခါးကိုဆွဲဖွင့်လိုက်၏။

"ကျွိ"

"ဝုန်း"

"ဟင်"

သူမသည် တွေ့လိုက်ရသောမြင်ကွင်းကြောင့် လွန်စွာ အံ့သြသွား၏။ သတို့သားလောင်း ချင်ဖုန်သည် ချင်ချင်နှင့်တူသူ၏လက်ချက်ဖြင့် တံခါးဘေးဝယ်မှေ့မြောနေလေပြီ။

(၃)

## ကြားဖြတ်လုယက်ခြင်း

"ဟဲ့... မြင်း"

မိုတိသည် မြင်းရထားကိုလမ်းခွဲသို့အမြန်ဆုံးရောက်ရှိရန် မောင်းနှင်လေသည်။ ချင်ချင်သည် ရှေ့ရှူးရှူးသို့သာ ကြည့်နေသည်။ သူမသည် စီလင်ရှုနှင့် ချိန်းထားသည့်နေရာသို့ရောက်ရှိရန်သာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



စောနေသည်။

ချင်ချင်က....

"ဘာဘာ ဟိုမှာ လူတစ်ယောက်ပါလား။ ဘယ်သူလဲ မသိဘူး၊ အစ်ကိုစီလင်ရှုများလား မသိဘူး"

သူမသည် သမားတော်ကြီးအား လက်ညှိုးထိုး၍ပြေပြလေ၏။

"ဟာ... လူတစ်ယောက်လဲနေတာပဲ"

မိုတီသည် မြင်းရထားကို ရပ်တန့်လိုက်၏။ ချင်ချင်သည် ထိုလဲကျနေသည့်လူဆီသို့ ပြေးသွားသည်။ သူမစိတ်ထဲတွင် စီလင်ရှု ဟု ထင်မှတ်နေ၏။ အနားရောက်သည်နှင့် လဲကျနေသောသူသည် ခုန်ထလာပြီး ချင်ချင်ကို အကြောထိုးပိတ်လေ၏။

"အင့်"

ချင်ချင်ခွေကျသွားသည်။ လဲကျနေသူမှာ အခြားသူမဟုတ်ပေ။ ကြာဖြူကန်အဘွားပင် ဖြစ်လေ၏။

မြင်းရထားပေါ်မှ မိုတီသည် ခုန်ဆင်းလာ၏။

"ခင်... ခင်ဗျား ဒါ ဘယ်လိုလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲလေ... ချင်ချင်ကိုအကြောပိတ်လိုက်တာပဲ၊ ကျွန်မမျက်နှာကို သေသေချာချာကြည့်စမ်းပါဦး၊ ဘယ်သူလဲဆိုတာ ရှင်သိသွားအောင်"

မိုတီသည် ကြာဖြူကန်အဘွား၏မျက်နှာကို သေချာစွာကြည့်လေ၏။

"ဟင်... ချူ... ချူယီမဟုတ်လား"



"ဟုတ်တယ်... ချူယီပဲ၊ တိမ်ပျံဂိုဏ်းရဲ့မျိုးဆက် ချူယီပဲပေါ့"

"မင်း ဘယ်ရောက်နေလဲ ချူယီ"

"ဒီလိုပဲ ရှောင်နေရတာပေါ့၊ ရှင်ဟာ ကျွန်မရဲ့ဘိုးဘေးတွေကိုလဲ ဆေးကုသပေးတယ်၊ ကျွန်မကိုလဲ လိုက်သတ်တယ်၊ ရှင့်ရည်ရွယ်ချက်က ဘာလဲ"

"မှားနေပြီ ချူယီ၊ ကျုပ် မင်းကို လိုက်မသတ်ပါဘူး၊ ဘယ်သူ့ကိုမှလဲ ကျုပ်မသတ်ဘူး၊ မင်းကိုသတ်တဲ့အဖွဲ့ထဲမှာလဲ ကျုပ်မပါခဲ့ပါဘူး"

"ရှင် ခုမှကြောက်ပြီး ကယောင်ကတန်းတွေ လျှောက်ပြောနေတာ မဟုတ်လား"

"ကယောင်ကတန်းပြောနေတာ မဟုတ်ပါဘူး၊ ကျုပ်အမှန်တွေကို ပြောနေတာပါ၊ သမားတော်ဆိုတာ ဘယ်လူနာမဆို ကုသရပါတယ်၊ မင်းရဲ့ရန်သူကို ငါကဆေးကုသပေးတဲ့အတွက် မင်းက ကျုပ်ကိုရန်သူအဖြစ်မသတ်မှတ်သင့်ပါဘူး။ အဲဒီလိုသတ်မှတ်ရင် မင်းတို့မှားတာပါပဲ"

"ဒီလိုဆိုရင် ကျွန်မမှားတယ်ပဲ ထားပါတော့၊ ကဲ... ရှင် ဒီနေရာက အမြန်ဆုံးထွက်သွား[illegible]ပတော့"

"ဘာ... ကျုပ်တစ်ယောက်တည်းလား"

"တစ်ကိုယ်တည်းပေါ့၊ ဘယ်နှစ်ကိုယ် သွားချင်လို့လဲ"

"ကျုပ် ချင်ချင်ကိုထားခဲ့ရမယ် ဟုတ်လား"

"ဟုတ်တယ် ထားခဲ့ရမယ်၊ ကွမ်ယင်မယ်တော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ရှင်တို့ဘာတွေ တိုင်ပင်တယ်ဆိုတာ ကျွန်မအားလုံးသိပြီး ပြီ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်ကောရှင်... ကျွန်မဟာ ကျောက်စိမ်းနဂါးအဖွဲ့ ကိုဖြိုဖျက်ဖို့ကြိုးစားနေတဲ့လူရှင့်၊ ချင်ချင်ကိုကြားဖြတ်လုရတာ ကျောက်စိမ်းနဂါးကိုအကျပ်ကိုင်ဖို့ပဲ၊ ချင်ချင်ဟာ ဖန်ကောက်တင်ရဲ့ တပည့်နဲ့ ပေးစားမယ့်လူဆိုတော့ သူတို့အတွက် အဖိုးတန်နေတယ်၊ ဒီတော့ ချင်ချင်ကိုပြပြီး သူတို့ကို ကျူပ်အကျပ်ကိုင်ရမှာပဲ"

မိုတီသည် ချူယီက သူ့ကိုအတည်ပြောနေမှန်း ရိပ်မိလေ သည်။

"ကျုပ်ကတော့ ချင်ချင်ကို မင်းလက်ထဲလုံးဝမထည့်နိုင်ဘူး၊ ချင်ချင်ကိုခေါ်သွားချင်ရင် ကျုပ်ကိုသတ်သွားမှ သူ့ကိုခေါ်ရမယ်"

"ဪ... ဒီလိုဆိုရင် ရှင့်ကိုသတ်ရတာပေါ့"

ကြာဖြူကန်အဘွားသည် ဓားတစ်ချောင်းကိုလှစ်ခနဲဆွဲ ထုတ်လိုက်၏။

"ရှမ်း"

သမားတော်ကြီးကလည်း အားထုတ်ရတော့သည်။

ကြာဖြူကန်အဘွားနှင့်သမားတော်ကြီးသည် အပြင်းအ ထန်တိုက်ခိုက်ကြတော့၏။ သမားတော်ကြီးသည် အချိန်များစွာ၌ သူ၏ရန်သူမရှိခဲ့ချေ။ ထို့ကြောင့် သမားတော်ကြီးသည် အလေ့အ ကျင့်နည်းခဲ့၏။

ကြာဖြူကန်အဘွားနှင့်ရင်ဆိုင်တိုက်ခိုက်ရသောအခါ မိုတီ



သည် ခံစစ်ကသာ ကစားရသည်။ အတွင်းအားဖြင့်လည်း ကွာခြားလှ သည်။ ကြာဖြူကန်အဘွားသည် သမားတော်ကြီးထက် အတွင်း အား မြင့်သည်။ ထို့ကြောင့် သမားတော်ကြီးမှာ တစ်လှမ်းပြီးတစ် လှမ်း နောက်သို့ဆုတ်နေရတော့သည်။

"ရွပ်"

"အား"

မိုတီ၏လက်မောင်းတွင် ဓားချက်တစ်ချက်ထိသွား၏။ သွေးများ စီးကျလာသည်။ သူသည် ရေရှည်မခုခံနိုင်ပေ။ သို့သော် သူသည် အညံ့မခံချေ။ အားနှင့်မာန်နှင့် ပြန်လှန် တိုက်ခိုက်၏။

မည်မျှတိုက်သော်လည်း သူ၏သိုင်းကွက်များမှာ ရိုးစင်းလှ သဖြင့် အထက်စီးမှ မတိုက်ခိုက်ဘဲ အောက်မှသာ ခုခံတိုက်တိုက်နေရ သည်။ သူတို့သည် လေထဲသို့ခုန်တက်လိုက်ကြ၏။ ဓားကိုယ်စီ ပြိုင် သွင်းလိုက်ကြသည်။

"ရွှီး"

"ရွှီး"

"အား"

"ဝုန်း"

ဓားလေတိုးသံများနှင့်အတူ အားခနဲနာနာကျင်ကျင် အော် လိုက်သည့်သမားတော်ကြီး၏အသံကို ကြားလိုက်ရတော့သည်။

www.burmeseclassic.com



(၄)

## လမ်းခွဲမရောက်မီ

စီလင်ရှူနှင့်ဝမ်ဖေးတို့သည် လမ်းခွဲ၌ စောင့်နေကြ၏။ လမ်းခွဲ၌ သမားတော်ကြီးမိုတိက ချင်ချင်အား လာပို့မည်ဟု ချိန်းဆိုထားသည်မဟုတ်ပါလော။ ဝမ်ဖေးက....

"အနှောင့်အယှက်တစ်ခုခုတော့ ရှိနေပြီနဲ့တူတယ်၊ ကိုယ်မမြင်ရတော့လဲ ခက်တယ်"

စီလင်ရှူက ခေါင်းညိတ်ပြီး....

"ဖြစ်နိုင်တယ်"

"ဒါဆိုရင် ကျွန်တော်တို့ ဒီလမ်းအတိုင်းလိုက်ကြည့်ရင် ကောင်းမယ်၊ ဘာဖြစ်သလဲဆိုတာ သိကောင်းသိရမှာပေါ့"

"ကောင်းတယ်... ဒါမှအကျိုးအကြောင်းသိရမယ်"

စီလင်ရှူနှင့်ဝမ်ဖေးတို့သည် လမ်းကြောင်းအတိုင်း မြင်းစီး၍လာ၏။ သူတို့သည် မျက်စိရှင်ရှင်နှင့် ခရီးလမ်းတစ်လျှောက်ကို ကြည့်ရှုခဲ့ကြ၏။ စီလင်ရှူမှာ ချစ်ရသူ ချင်ချင်အတွက် စိုးရိမ်ကြီးစွာ ခံစားနေရသည်။ ဝမ်ဖေးသည် အလွန်တစ်ရာ မျက်စိရှင်သူဖြစ်၏။

"ဟောဟိုမှာ လူတစ်ယောက်"



"ဘယ်မှာလဲ"

"သွေးအိုင်ထဲ လဲနေတယ်"

စီလင်ရှူသည် လှမ်းကြည့်ပြီး ရင်ထိတ်သွားလေ၏။ သူတို့သည် မြင်းကိုဒုန်းစိုင်းနှင်ကြ၏။ သွေးအိုင်ထဲလဲနေသူ မည်သူဖြစ်ခဲ့သည်ကို သူတို့သိလိုကြသည်။ လဲကျနေသူမှာ မှောက်လျက်ကြီးဖြစ်နေ၏။ သူတို့သည် ဆွဲ လှန်လိုက်ကြ၏။

"ဟင်... သမားတော်ကြီးမိုတိပါလား"

စီလင်ရှူမှာ ဦးခေါင်းတစ်ခုလုံးမိုးကြိုးပစ်သလို ခံစားလိုက်ရ၏။ သမားတော်ကြီးမိုတိ၏ တစ်ကိုယ်လုံးအေးစက်တောင့်တင်းမှာလေပြီ။ အသက်ကင်းမဲ့သော ခန္ဓာကိုယ်ကြီးမှာ မြေပြင်ပေါ်၌စန့်စန့်ကြီး ဖြစ်နေရှာ၏။

"တောက်... ဘယ်သူများသတ်သွားသလဲ မသိပါဘူးကွာ"

စီလင်ရှူသည် သမားတော်ကြီးမိုတိကို မည်သူသတ်သွားသည်၊ ချင်ချင်ကို မည်သူခေါ်သွားသည်ကို သူမသိသဖြင့် အကြီးအကျယ်ဦးနှောက်ခြောက်သွားလေ၏။

ဝမ်ဖေးသည် စီလင်ရှူ ဦးနှောက်ခြောက်နေသည်ကိုကြည့်ပြီး သူထင်သည်ကို ခန့်မှန်းပြောကြားလေ၏။

"ကျောက်စိမ်းနဂါးဂိုဏ်းကပဲ ပြန်ခေါ်သွားသလား မသိဘူး၊ သူတို့ဟာ ကျောက်စိမ်းနဂါးဂိုဏ်းက လွတ်အောင်ပြေးလာတာ မ

www.burmeseclassic.com



ဟုတ်လား"

စီလင်ရှု ခေါင်းခါလေ၏။

"မဖြစ်နိုင်ဘူး ဝမ်ဖေး၊ မဖြစ်နိုင်ဘူး၊ ကျောက်စိမ်းနဂါးဂိုဏ်းကို ဟုန်ကျင်းကောင်းကောင်းထိန်းထားနိုင်မှာ သေချာတယ်၊ ကြားထဲက တစ်ယောက်ယောက်ဖောက်သွားတာ ဖြစ်နိုင်တယ်"

စီလင်ရှုသည် သူ့ထင်မြင်ချက်ကိုပြောပြလေ၏။ သူသည် ချစ်သူအတွက် ခေါင်းမီးတောက်နေ၏။ ချင်ချင်ကို သူတို့မရရှိခြင်းအားဖြင့် ဟုန်ကျင်းနှင့် ခွန်ချန်းတို့ဒုက္ခရောက်နိုင်ပေသည်။

"သဲလွန်စရှာကြည့်ရင် မကောင်းဘူးလား"

"အေး... ရာကွာ"

စီလင်ရှုနှင့် ဝမ်ဖေးတို့သည် ထိုလမ်းကြောင်းပေါ်၌ သဲလွန်စရှာဖွေနေကြ၏။ ထိုစဉ် တစ်နေရာ၌ ရင်ထိုးကလေးတစ်ခုကောက်ရလေ၏။ ဝမ်ဖေးသည် ကောက်ရသောရင်ထိုးကလေးကိုကြည့်ကာ အံ့ဩနေ၏။

"ဘာလဲ ဝမ်ဖေး"

"ရင်ထိုးကလေး"

ဝမ်ဖေးသည် ကြာဖြူကန်ဘွားဘွားကိုကြည်ညိုလေးစားသူဖြစ်၏။ ကြာဖြူကန်ဘွားဘွားသည် သူ၏မျက်မှောက်တွင် လေးစားကြည်ညိုထိုက်စွာ နေထိုင်နိုင်သူတစ်ဦးတည်းဖြစ်သည်။

ဤရင်ထိုးကလေးကိုတွေ့ခြင်းအားဖြင့် ကြာဖြူကန်ဘွားဘွားသည် ဤကိစ္စ၌ ပါဝင်ပတ်သက်နေသည်မှာ ထင်ရှားလာသည်။

မည်သို့မည်ပုံ ပါဝင်ပတ်သက်သည်ကို သူစုံစမ်းပေးမည်ဟု



စိတ်ထဲမှ ဆုံးဖြတ်လိုက်၏။ သို့သော် ရင်ထိုးကလေးကိုမူ စီလင်ရှု လက်ထဲသို့ထည့်လိုက်ရသည်။

"အဲဒါ ဘယ်သူ့တံဆိပ်လဲ ဝမ်ဖေး"

ဝမ်ဖေး မဖြေချင်ပါ။ သို့သော် မဖြေ၍ ဇာတ်ရှုပ်လာလျှင် သူ့တာဝန်ဖြစ်နေမည်ကို စိုးရိမ်သည်။ ထို့ကြောင့် အဖြေပေးလိုက်ရသည်။

"မိစ္ဆာဂိုဏ်းက ကြာဖြူကန်ဘွားဘွားရဲ့ ရင်ထိုးတံဆိပ်ပဲ"

"မင်းပြောပြောနေတဲ့ အဘွားကြီးလား"

"ဟုတ်ပါတယ်... ကျွန်တော်လဲ မစဉ်းစားတတ်တော့ဘူး။ ကြာဖြူကန်ဘွားဘွား ဒီကိစ္စမှာ ဘယ်လိုဝင်ပတ်သက်နေကြတယ်ဆိုတာ သူနဲ့တွေ့ပြီး ဆွေးနွေးလိုက်ရင် ပိုကောင်းမယ်ထင်တယ်"

သူသည်လည်း မိစ္ဆာဂိုဏ်းအဖွဲ့သားဖြစ်ရာ ဤကိစ္စထဲ၌ သူ့အနေခက်လေ၏။ ရွှေခားသခင်စီလင်ရှုသည် မိစ္ဆာဂိုဏ်း၏ရင်ထိုးတံဆိပ်ကလေးကို လက်ထဲ၌ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အဝေးသို့ငေးမျှော်ကြည့်နေလေ၏။

သူသည် ကြာဖြူကန်ဘွားဘွား ဤကိစ္စထဲ၌ပါလာသည့်အကြောင်းကို တွေးနေ၏။ ကြာဖြူကန်ဘွားဘွားသည် ဤကိစ္စထဲ၌ ပါလာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏မိစ္ဆာဂိုဏ်းကို ကျောက်စိမ်းနဂါးဂိုဏ်းက ဖြိုခွင်းခဲ့သောကြောင့်တည်း။

ဝမ်ဖေး သူတို့လူစုထဲသို့ရောက်လာပုံကိုပင် ကြည့်ပါ။ ယခုဆိုလျှင် ဝမ်ဖေးကို သွေးသောက်ရဲဘော်တစ်ဦးအဖြစ် သူတို့သတ်မှတ်ထားကြလေပြီ။ ကြာဖြူကန်ဘွားဘွားသည် သူတို့ဂိုဏ်းအဖြို

www.burmeseclassic.com



ခွင်းခံလိုက်ရသည့်ကိစ္စကို မည်သို့မျှမကျေနပ်နိုင်ပေ။ သူ လက်စ
ပြန်ချေမည်မှာ သေချာသည်။

စီလင်ရှူသည် ကျောက်စိမ်းနဂါးရုပ်ကိုဖြုခွင်းဖို့သာ စိတ်
စောနေမိသည့် သူ့အဖြစ်ကို အပြင်တင်မိသည်။ သူသည် ဖြစ်နိုင်ချေ
ရှိသည်များကို အားလုံးထည့်သွင်းတွက်ချက်သင့်သည် မဟုတ်
လော။

"ဝမ်ဖေး"

"ဗျာ"

"မင်း ကြာဖြူကန်ဘွားဘွား ဘယ်မှာရှိတယ်ဆိုတာ
မသိဘူးလား"

"မသိပါဘူးဗျာ... ကျွန်တော်တို့ဂိုဏ်းဖြိုခွင်းခံရပြီးကတည်း
က ကွဲသွားတာပါ၊ သူ အသက်ရှင်နေတယ်ဆိုတာတောင် ကျွန်တော်
မသိပါဘူး။ အခု ရင်ထိုးတံဆိပ်ကိုတွေ့ရမှ ကြာဖြူကန်ဘွားဘွား
သေသေးဘူးဆိုတာ သိရတာပါဗျာ"

"အခု ကြာဖြူကန်ဘွားဘွားက ဘယ်မှာရှိတယ်ဆိုတာ
မင်း မသိနိုင်ဘူးလား"

"အခု မသေသေးဘူးဆိုတော့ စုံစမ်းရင် ရနိုင်ပါတယ်"

"ကဲ... အခုတော့ ဟုန်ကျင်းနဲ့ခွန်ချန်းတို့ဆီ ပြန်သွား
မယ်၊ နောက်တော့မှ မင်းစုံစမ်းစရာရှိတာစုံစမ်း၊ ချင်ချင်ကိုကယ်စ
ရှိတာ ကယ်ကြမယ်၊ အခု ပြန်ကြစို့"

"ကောင်းပါတယ်"

သူတို့သည် သမားတော်ကြီးမိုတိကို မြေမြှုပ်သင်္ဂြိုလ်ပြီး



ချက်ချင်း မြင်းကိုယ်စီဖြင့် ဟုန်ကျင်းတို့ဆီ ထွက်ခွာလာကြလေ၏။

(၅)

မရဏမင်းဆိုက်ရောက်ခြင်း

ပြိုင်ပွဲကွင်းတွင် စွမ်းရည်ပြပွဲ၌ လူဝိုင်းအုံနေဆဲပင်။ ရှောင်
သင်သိုင်းသမားဟုန်ကျင်းက ပရိသတ်အား ထိန်းထားနိုင်ဆဲဖြစ်လေ
၏။

"ရှီး... ရှီး... ရှီး"

"လျှောက်ထား... လျှောက်ထား"

"ရောက်ဇတော့မယ်... ရောက်တော့မယ်"

အော်ဟစ်အားပေးသံများ ဆူညံနေဆဲပင်။ ဟုန်ကျင်းသည်
တစ်နာရီမက နှစ်နာရီနီးပါး ကြာမြင့်နေချေပြီ။ သူသည် ဆွဲဆောင်
ထားသည်မှာ ပြိုင်ပွဲကွင်းတစ်ခုလုံးကိုပင်။ ဖန်ကောက်တင်က....

"အတော့်ကို အားရစရာကောင်းတာပဲ၊ ဒီလူတော်တယ်"

ကျောက်ဖိန်က ထောက်ခံလိုက်၏။

"ဟုတ်တယ်... ဒီလူဟာ အတော်ဆုံးပါပဲ၊ စွမ်းရည်အ
ကောင်းဆုံးလဲဖြစ်ပါတယ်၊ သူ့ကို အကောင်းဆုံးဆု ပေးထိုက်ပါ
တယ်ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောသည်မှာ မှန်သည်။ ပြိုင်ပွဲဝင်သည့် လူအများထဲတွင် ဟုန်ကျင်းတစ်ယောက်သာ အကြာဆုံးဖြစ်သည်၊ သံချွန်များပေါ်၌ မည်သူမျှ ဤမျှလောက် ကြာကြာရပ်နိုင်လိမ့်မည်မဟုတ်ပေ။

ကျောက်စိမ်းနဂါးဂိုဏ်းခေါင်းဆောင်ကြီးသည် ဟုန်ကျင်းကိုကြည့်၍ သဘောကျနေ၏။ ထိုစဉ် ပိတုန်းကေရီရှုစီလင်းသည် သုတ်သီးသုတ်ပျာနှင့် ပြန်ရောက်လာကြ၏။ သူမသည် ချင်ဖုန် မေ့မြောနေသည်ကိုတွေ့ရှိခဲ့သဖြင့် ထိုအဖြစ်အပျက်အား ဖန်ကောက်တင်အားတင်ပြရန် ပြန်လာ ခဲ့ခြင်းဖြစ်သည်။

သူမသည် လူကြားထဲတိုးဝှေ့ဝင်လာပြီး ဖန်ကောက်တင်အနီးသို့ ချဉ်းကပ်လာ၏။ ဖန်ကောက်တင်က လှည့်ကြည့်ပြီး....

"ရှုစီလင်း... ဘာပြောစရာရှိလို့လဲ"

"ဆရာကြီး... ဟိုမှာ ချင်ဖုန်တစ်ယောက်မေ့လဲနေပြီ၊ ဘယ်သူက တိုက်ခိုက်သွားတယ်ဆိုတာလဲ မသိပါဘူး။ အခြေအနေကို သိသိချင်း လာအကြောင်းကြားတာပါ"

ဖန်ကောက်တင်၏မျက်နှာမှာ တဖြည်းဖြည်း ညှိုမည်းစပြုလာသည်။

"သတို့သမီးကော"

"အခန်းထဲမှာ ချင်ဖုန်တစ်ယောက်ပဲရှိပါတယ်၊ သတို့သမီးကိုလဲ မတွေ့ခဲ့ပါဘူး"

"ဘာ.. သတို့သမီးမရှိတော့ဘူး ဟုတ်လား"

မြို့စားကြီးဝမ်ပင်းသည် အခြေအနေကိုသိလိုက်လေပြီ။ သမီးကလေးကား လွတ်မြောက်သွားချေပြီ။ သူပဲကျန်ခဲ့၏။ သူကား



ဖန်ကောက်တင်လက်မှ လွတ်မြောက်နိုင်တော့မည်မဟုတ်ပေ။

သို့သော် မြို့စားကြီးဝမ်ပင်းသည် ဟန်နှင့်နေလေ၏။

"ဘယ့်နှယ်လဲ ခေါင်းဆောင်ကြီး၊ ဘယ်လိုဖြစ်တာလဲဗျာ"

ဖန်ကောက်တင်သည် မြို့စားကြီးဝမ်ပင်းအား စားတော့မလို ဝါးတော့မလိုကြည့်လိုက်၏။

"ကျုပ်ကို ခင်ဗျားဘာမှပြန်မေးစရာမလိုဘူး၊ ခင်ဗျားသမီးဘယ်မှာလဲ၊ ခင်ဗျားတို့လုပ်ပုံ မဟုတ်ဘူး။ ကျုပ်တို့ကျောက်စိမ်းနဂါးအဖွဲ့ကို လူပုံအလယ်ခေါ်ပြီး အရှက်ခွဲသလိုဖြစ်နေပြီ"

ဖန်ကောက်တင်က မြို့စားကြီးဝမ်ပင်းကို စွပ်စွဲလိုက်၏။

မြို့စားကြီးဝမ်ပင်းက....

"ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားနဲ့ ကျုပ်အတူတူရှိနေတာပဲ၊ ကျုပ် ဘာမှမသိရပါဘူး၊ ခင်ဗျားပြောတာတွေကိုလဲ ကျုပ်နားမလည်ပါဘူး"

ဖန်ကောက်တင်သည် ဖျတ်ခနဲ မြို့စားကြီးဝမ်ပင်း၏ရင်သို့ ဓားဖြင့်ထောက်လိုက်၏။ တစ်ဆက်တည်းပင် ပိတုန်းကေရီရှုစီလင်းက အော်ဟစ်အမိန့်ပေးလိုက်သည်။

"စွမ်းရည်ပြနေတဲ့သိုင်းသမားကိုလဲဖမ်း၊ ဝိုင်းထားကြ... မလွတ်စေနဲ့"

ဤသို့အော်ဟစ်အမိန့်ပေးသံကြောင့် ပြပွဲကွင်းပြင်ကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။ ကျောက်စိမ်းနဂါးအဖွဲ့သားများသည် ဟုန်ကျင်းအား ဖမ်းဆီးရန် စင်မြင့်ပေါ်သို့ ခုန်တက်လာကြလေ၏။ ဟုန်ကျင်းသည် အစီအစဉ်တစ်ခုခုတော့ လွဲချော်သွားပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိလိုက်လေ၏။

ဖန်ကောက်တင်သည် မြို့စားကြီးဝမ်ပင်းအား ဖမ်းဆီးနိုင်လိုက်ပြီး ဟုန်ကျင်းအား ဖမ်းရန် ကြံစည်နေပြန်တော့သည်။ ရှောင်လင်သိုင်းသမားဟုန်ကျင်းသည် သူ့ခေါင်း၌ စွပ်ထားသော ဆံပင်တုကိုဆွဲချွတ်ပစ်လိုက်၏။ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းဖြစ်ကြောင်း ဖော်ပြလိုက်လေပြီ။

"လာကြလေ... စင်ပေါ်တက်ခဲ့ကြ၊ ဓားချင်း ယှဉ်ဖမ်းကြတာပေ့ါ"

သို့သော် စင်ပေါ်တက်၍ ယှဉ်ပြိုင်မည့်သူတစ်ယောက်မျှ မရှိသေးပေ။

(၆)

ထိုပြင် စီလင်ရှုက သူနှင့်အတူထားခဲ့မည်ဆိုသည့် ခွန်ချုန်း တစ်ယောက်လည်း ယခုတော့ ဘယ်ပျောက်နေသည်မသိပေ။

ကျောက်စိမ်းနဂါးဂိုဏ်းမှ အဆင့်မြင့်သိုင်းသမားသည် ကြေးဝါတုတ်တစ်ချောင်းကိုကိုင်ကာ စင်မြင့်ပေါ်သို့ခုန်တက်သွားလေ၏။ ထိုအခါ ဟုန်ကျင်းသည် ဖြန့်ခင်းထားသည့် ဆူးများပေါ်တက်လိုက်၏။ ထိုအခါ ကျောက်စိမ်းနဂါးဂိုဏ်းသားသည် ဆူးများပေါ် မဖြစ်မနေတတ်ရတော့၏။



"ဗိုး... ဗိုး... ဝှစ်"

သူသည် တိုက်ခိုက်ရင်း ဟုန်ကျင်းကိုဆူးလွတ်ရာနေရာသို့ မျှားခေါ်လာ၏။ ဟုန်ကျင်းကလည်း သူ့မျှားခေါ်ချက်အတိုင်း ဆူးလွတ်ရာသို့ လိုက်သည်။ ဆူးလွတ်ရာနေရာသို့ရောက်သည်နှင့် ထိုဂိုဏ်းသားကိုတစ်ချက်လွတ် တိုက်ခိုက်လိုက်၏။

"ဗိုး"

"ဖြောင်း"

ကျောက်စိမ်းနဂါးဂိုဏ်းသားမှာ တစ်ချက်တည်းနှင့် မှောက်သွားလေတော့၏။

"ဖယ်စမ်း"

ရှေ့မှပိတ်ဆို့နေသော ကျောက်စိမ်းနဂါးဂိုဏ်းသားများကို ဖယ်ရှားလျက် ဝိတုန်းဇကေရီရှုစီလင်းသည် စင်မြင့်ပေါ်သို့ခုန်တက်သွားလေ၏။

"ဝှစ်... ဝှစ်... ဝှစ်"

သူမသည် ဓားနှစ်လက်ကိုဝှေ့ယမ်းလျက် အငြိုးကြီးစွာ တိုက်ခိုက်တော့၏။ ရှုစီလင်းသည် ပါးနပ်၏။ ဆူးခင်းလမ်းကိုရှောင်ပြီး တိုက်သည်။

သူမ၏ဓားနှစ်လက်သည် ဟုန်ကျင်းအား အရိပ်လွှမ်းနေ၏။ ဟုန်ကျင်းကလည်း လိမ္မာပါးနပ်စွာရှောင်သည်။ သူ့အား အရိပ်လွှမ်း နေသော်လည်း ဓားသည် သူ့ကိုလုံးဝမထိပေ။ ဟုန်ကျင်းသည် ရှုစီလင်းအား ကန်ထုတ်လိုက်၏။

"ဘုံး"

www.burmeseclassic.com

www.burmeseclassic.com



ကန့်ချက်သည် မှန်သွား၏။ ရှူစီလင်း လွင့်ထွက်သွားသည်။ သို့သော် သူမသည် တစ်ပတ်ကျွမ်းပစ်လိုက်လျက် ပြန်ထလာ၏။

"ကျား"

မာန်သွင်းအော်ဟစ်ပြီး ဟုန်ကျင်းအား ခုတ်ထစ်ပြန်လေ၏။ ဟုန်ကျင်းသည် လျှင်မြန်သွက်လက်စွာ ရှောင်တိမ်းနေရသည်။

ဟုန်ကျင်းသည် **ဓားတစ်လက်ကို**ကိုင်ပြီး ခုခံလိုက်သည်။

"ထန်း... ထန်း... ထန်း"

"ခြွမ်း... ခြွမ်း... ခြွမ်း"

"ရွမ်း"

သူသည် ဓားတစ်ချက် ထွက်လိုက်၏။ ထိုဓားချက်သည် ရှူစီလင်းအား ထိသွားသည်။

"အား"

ထိုအခါ ဟုန်ကျင်းသည် ရပ်မနေတော့ပေ။ ချက်ချင်း ဓားချက်နှစ်ချက် ဆင့်ခုတ်လိုက်သည်။

"ရွမ်း... ရွမ်း"

"အား"

ရှူစီလင်းသည် စင်ပေါ်မှပစ်ကျသွား၏။ ဟုန်ကျင်း၏ဓားချက်များက ရှူစီလင်း၏ဇီဝိန်အား ခြွေသွားလေ၏။ ထိုစဉ် ပြိုင်ပွဲကွင်းထဲမှ ယမ်းထုပ်များ ဖောက်ခွဲသံကိုကြားလိုက်ရသည်။

"ဖောင်း... ဖောင်း... ဖောင်း"

"ဝုန်း... ဝုန်း... ဝုန်း"

"ဝီ... ရှူး... ဝုန်း"



မီးရှူးမီးပန်းများပေါက်သံ၊ ယမ်းထုပ်များ ပေါက်သံသည် ဆူညံနေလေ၏။ ထိုစဉ် ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ချန်းသည် မြင်းတစ် စီးကိုဆွဲလျက် ကွင်းထဲသို့ဝင်လာတော့၏။ လူအများသည် ပြေးကြလွှားကြလုပ်နေသဖြင့် တစ်ကွင်း လုံး ပျားပန်းခတ်မျှ လူများ ရုတ်ရုတ်သဲသဲဖြစ်နေသည်။ ကျောက်စိမ်း နဂါးဂိုဏ်းသားများသည် ဘာမှလုပ်၍မရပေ။ ခွန်ချန်းက ဟုန်ကျင်းအား လှမ်းခေါ်၏။

"ကိုယ်တော်... ဒီမှာမြင်းပါလာတယ်၊ အောက်ကိုဆင်းလာခဲ့"

ဟုန်ကျင်းသည် မြင်းအပိုတစ်စီးဖြင့် တရကြမ်းစီးနင်းလာသော်ခွန်ချန်းအား အချက်ပြလိုက်၏။ ဟုန်ကျင်းသည် စင်မြင့်အနီးသို့မြင်းများကို ဒုန်းစိုင်းစီးနှင်လာ၏။

ဟုန်ကျင်းသည် မြင်းတစ်စီးပေါ်သို့လွှားခနဲ ခုန်တက်လိုက်သည်။ ထို့နောက် ခွန်ချန်းမြင်းစီးထွက်ပြေးသည့်ဘက်သို့ သူလည်း ဒုန်းစိုင်းစီးနှင်တော့သည်။ ကျောက်စိမ်းနဂါးဂိုဏ်း၏ အစီအစဉ်မှန်သမျှ ပျက်စီးရသောနေ့တည်း။

www.burmeseclassic.com

www.burmeseclassic.com



(၇)

## ရေခဲတောင်သို့

မြို့စားကြီးဝမ်ပင်ကား ဖန်ကောက်တင်၏လက်ထဲသို့ ရောက်နေလေ၏။ နှိပ်စက်ညှဉ်းပန်းထားသဖြင့် တစ်ကိုယ်လုံးဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နှက်နေသည်။

ဖန်ကောက်တင်သည် လွန်စွာဒေါသထွက်နေ၏။ သူ၏တပည့်ချင်ဖုန်မှာလည်း ခံလိုက်ရသည်။ အသက်တော့ မသေပေ။ ဝိတုန်းကေရီနှင့်စီလင်းကတော့ အသက်ပါသေသွားသည်။

ဖန်ကောက်တင်က....

"ခင်ဗျားသမီးကို တစ်ပတ်အတွင်းပြန်ရအောင်ရှာ၊ မရရင် ခင်ဗျား သေပြီသာမှတ်ထား"

မြို့စားကြီးဝမ်ပင်းကား မျှော်လင့်ချက် မဲ့နေလေပြီ။ သမီးဖြစ်သူလည်း ဘယ်ရောက်၍ ဘယ်ပေါက်မှန်း မသိတော့ပေ။ မြို့စားဝမ်ပင်းသည် ကျောက်စိမ်းနဂါးအဖွဲ့၌ အကြောက်ဆုံးအရာနှစ်ခုရှိ၏။ ထိုအရာကား ယန္တရားဖားပေတည်း။

ယခုသမီးဖြစ်သူအား ရှာမတွေ့လျှင် ဖန်ကောက်တင်သည် သူ့အား ဖားကြီးနှင့် လွှတ်ပေးမည်သာဖြစ်၏။ ယန္တရားဖားကြီးသည်



ပျက်စီးပါစေဟုသာ ဆုတောင်းရတော့သည်။

စီလင်ရှူ၊ ဟုန်ကျင်း၊ ခွန်ချန်းနှင့် ဝမ်ဖေးတို့မှာလည်း ခေါင်းချင်းရိုက်ကြလေ၏။ သူတို့အားလုံး ခြေပစ်လက်ပစ်ဖြစ်နေကြသည်။ သူတို့အစီအစဉ်မှားသွားပြီဟု သူတို့အားလုံးထင်မှတ်ထားကြ၏။

သူတို့သည် ချင်ချင်အား အလျင်ကယ်တင်ပြီးမှ ကျောက်စိမ်းနဂါးဂိုဏ်းအား ဖြိုခွင်းရမည်ဟု ယူဆခဲ့ကြသည်။ ယခု ချင်ချင်အား ကယ်တင်ခြင်းမှာ အဆင်မပြေဖြစ်ကြလေပြီ။ သူတို့အယူအဆမှားယွင်းသွားပြီဟုယူဆရခြင်း ဖြစ်လေသည်။

ရှောင်လင်သိုင်းသမားဟုန်ကျင်းက....

"ဝမ်ဖေး... ကြာဖြူကန်အဘွားရှိတဲ့နေရာကို မင်းသိတယ် မဟုတ်လား"

ဝမ်ဖေးက ခေါင်းညိတ်၏။

"အသေအချာတော့ မသိဘူး၊ သူဟာ ကြာဖြူကန်ကိုတော့ ဘယ်တော့မှပြန်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကြာဖြူကန်ရွာဟာ သိုင်းဂိုဏ်းတစ်ခုတည်ဆောက်နိုင်လောက်တဲ့အခြေခံကောင်းမရှိလို့ဘဲ၊ ဒီတော့ သူဟာ လင်းယုန်တောင်ကြားမှာလောက်တော့ ခိုအောင်းလိုက်တယ်"

"လင်းယုန်တောင်ကြားမှာ သူရှိမှာ သေချာရဲ့လား"

"ဒါတော့ မပြောနိုင်ဘူး၊ ခန့်မှန်းချက်ပဲခင်ဗျ"

ဟုန်ကျင်းက ပြောလိုက်၏။

"ဒီတစ်ခါတော့ ကျုပ်တို့ရေခဲတောင်ကိုအလျင်ဆုံးသွားသင့်တယ်လို့ထင်တယ်၊ ကျုပ်တို့ဟာ ဘာပဲဖြစ်ဖြစ် ကျောက်စိမ်းနဂါး

www.burmeseclassic.com



ဂိုဏ်းကို အလျင်ရှင်းသင့်တယ်၊ ပြီးတော့မှ လင်းယုန်တောင်ကြောကို သွားသင့်တယ်"

စီလင်ရှုက ခေါင်းညိတ်၏။

"ကိုယ်တော်ပြောတာ မှန်ပါတယ်၊ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကို ငဲ့ကွက်နေကြတဲ့အတွက် အားလုံးကသိကအောက်ဖြစ်သွားကြရတာပါ။ ဒီတော့ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကို မငဲ့ကွက်ကြပါနဲ့တော့၊ လုပ်သင့်တာကို အလျင်လုပ်ကြပါ"

စီလင်ရှု၏အပြောကို အားလုံးကခေါင်းညိတ်လက်ခံလေသည်။ သူတို့သည် ချင်ချင်၏ဒုက္ခကိုမသိ၍ မဟုတ်ပါ။ သို့သော် ချင်ချင်၏ဒုက္ခထက် တစ်မြို့လုံးတစ်နယ်လုံး၏ဒုက္ခက အရေးကြီးပါသည်။ မြွေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချန်းက....

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ မြို့စားဝမ်ပင်းကို ရေခဲတောင်စခန်းအထိခေါ်သွားမှာ သေချာတယ်"

"ကျိန်းသေလို့လား"

ဝမ်ဖေးက ပြန်မေးလိုက်၏။

"ခန့်မှန်းကြည့်ရတာပေါ့ကွာ၊ အတိအကျတော့ ဘယ်ပြောနိုင်မလဲ၊ ဖန်ကောက်တင်ဟာ မြို့စားမင်းကို အရှပ်တစ်ရှပ်လိုတော့ ဘယ်ထားရက်ခဲ့မှာလဲ"

ရွှေဓားသခင်က အံကြိတ်၍ ပြောလိုက်၏။

"ဖန်ကောက်တင်ဟာ ဘဝင်မြင့်နေတဲ့အရူးတစ်ယောက်ပဲ၊ သူဟာ မြို့တွေနယ်တွေကိုပိုင်စိုးချင်တယ်၊ တတ်နိုင်ရင် တစ်တိုင်းပြည်လုံးကို ပိုင်စိုးချင်တဲ့အရူးပဲ၊ အရူးတစ်ယောက်ကြောင့် သားအဖနှစ်ယောက် ဒုက္ခရောက်ကြပြီပေါ့၊ ကဲ... ကျုပ်တို့ကျောက်စိမ်းနဂါးဂိုဏ်းဆီ သွားကြရအောင်"



ရှောင်လင်သိုင်းသမားဟုန်ကျင်းက တားလိုက်သည်။

"**နေဦး...** အဲဒီလိုစိတ်လိုက်မာန်ပါ မလုပ်နဲ့ဦးလေ၊ ကျုပ်တို့တစ်တွေက ကျောက်စိမ်းနဂါးဌာနချုပ်ဆီ သွားတဲ့အခါ ဖန်ကောက်တင်ဟာ ဒီလိုထိုင်နေမှာ မဟုတ်ဘူး"

"သူ ဘာတတ်နိုင်သလဲ"

"ဖန်ကောက်တင်ဟာ သူ့ဂိုဏ်းဌာနချုပ်ကို တိုက်လိမ့်မယ်လို့ယူဆရင် သူဟာ ငြိမ်နေမှာမဟုတ်ဘူး၊ သူ့ရဲ့ယန္တရားဓားကြီးကို အစွမ်းပြစေမှာပဲ၊ အနည်းဆုံးတော့ မြို့စားဝမ်ပင်းကို ဓားကြီးနဲ့လွှတ်ပေးမှာပဲ"

ဟုန်ကျင်း၏တွက်ချက်ပြမှုကို အားလုံးကလက်ခံကြရသည်။ ရေခဲတောင်သို့ မည်သည့်ပုံစံဖြင့်သွားရမည်ကို အားလုံး၏စိတ်ထဲတွင် တွေးနေကြ၏။

အတန်ကြာ တွေးတောနေကြပြီးမှ ခွန်ချန်းက....

"ရေခဲတောင်ကိုသွားရင်တော့ ခုအချိန်ဟာ အကောင်းဆုံးပဲ၊ အဲဒီနေရာသွားရင် ရာသီဥတုနဲ့ပတ်ဝန်းကျင်ဟာလဲ ထည့်တွက်ရမယ်"

ထိုအခါ ဝမ်ဖေးက အကြံပြုဆွေးနွေးလေ၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ကျုပ်တို့အားလုံး မြို့ထဲကို ပြန်ဝင်ရင် ကောင်းမယ်၊ ဒီအတိုင်းတော့ ဘယ်ဟုတ်မလဲ၊ ရုပ်ဖျက်ပြီးပြန်ဝင်ရင် အကောင်းဆုံးပဲ၊ မြို့စားကြီးဝမ်ပင်းကို သူတို့ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွား မသွား စုံစမ်းကြတာပေါ့”

စီလင်ရှုက....

“ဟာ... ဒါ သက်သက်မဲ့ အချိန်ဖြုန်းတာပဲ၊ အခု ဆွေးနွေးတာတောင် အချိန်အတော်ကုန်နေပြီ၊ ဒီထက်အချိန်ဖြုန်းနေရင် မြို့စားကြီးရဲ့အသက်ရော ချင်ချင်ရဲ့အသက်ပါ စိုးရိမ်ရတယ်”

ခွန်ချန်းကလည်း ထောက်ခံလိုက်သည်။

“ဟုတ်တယ်... သွားရမှာက နှစ်နေရာဖြစ်နေတယ်၊ ရေခဲတောင်နဲ့လင်းယုန်တောင်ကြားဆိုတော့ ခရီးက အတော်ဝေးတယ်”

ရှောင်လင်သိုင်းသမားကိုယ်တော် ဟုန်ကျင်းက....

“အဲဒီလို နှစ်နေရာခွဲပြောမနေနဲ့လေ၊ ပထမသွားရမယ့်နေရာဟာ ဘယ်နေရာဆိုတာ ခွဲခြားပြီး ပြောပါ”

စီလင်ရှုက....

“ကိုယ်တော်ပဲပြောတယ် မဟုတ်လား။ ရေခဲတောင်ဟာ ပထမသွားသင့်တဲ့နေရာလို့ တပည့်တော်တို့မြို့စားကြီးဝမ်ပင်းရဲ့အသက်ကို သွားကယ်ကြပါစို့”

ထိုအခါ အားလုံးက ရေခဲတောင်သို့ခရီးဆက်ရန် ပြင်ဆင်ကြတော့၏။



(၈)

## လင်းယုန်တောင်ကြား

လင်းယုန်တောင်ကြား....။

အချို့နေရာများမှာ နာမည်ပါသတ္တဝါမရှိ၊ နာမည်အားဖြင့်သာ မှည့်ခေါ်ထားသောနေရာများဖြစ်သည်။ ယခု လင်းယုန်တောင်ကြားကား နာမည်နှင့်လိုက်အောင် လင်းယုန်ငှက်များ ကွန်းခိုသည့်စခန်းဖြစ်နေသည်။ လင်းယုန်ငှက်များသည် သူတို့တောင်ကြားအတွင်းသို့ လူစိမ်းသူစိမ်း အလာမခံချေ။

လူစိမ်းသူစိမ်းလာသည်နှင့် တစ်ဟုန်ထိုး ထိုးဆိတ်တိုက်ခိုက်တတ်ကြသည်။ နေရောင်က တောအုပ်ပေါ်သို့ကျဆင်းနေ၏။ ကွက်လပ်တစ်ခုတွင် ကြာဖြူကန်ဘွားဘွားသည် လင်းယုန်ငှက်များကို ငါးများကျွေးရန် ချောမြှူလျက်ရှိသည်။

“ဂီး... ဂီး... ဂီး”

“ဂီး... ဂီး... ဂီး”

လင်းယုန်ငှက်များသည် ဝေဟင်မှ ထိုးဆင်းလာပြီး ငါးများကိုသုတ်၍ ပျံတက်သွားပုံမှာ လွန်စွာကြည့်၍ကောင်းလှသည်။ ကြာဖြူကန်ဘွားဘွားသည် ငယ်စဉ်ကပင် လင်းယုန်တောင်ကြားနှင့် ရင်း

www.burmeseclassic.com

www.burmeseclassic.com



နီးကျွမ်းဝင်သူဖြစ်လေ၏။ ထို့ကြောင့် သူနှင့်လင်းယုန်ငှက်များသည် ရင်းနှီးနေသည်။ လင်းယုန်ငှက်ကြီးများက ကြာဖြူကန်အဘွားအား ထိုးဆိတ်ခြင်း မ ရှိကြပေ။

ထို့ပြင် ကြာဖြူကန်အဘွားသည် ဤနေရာသို့ရောက်တိုင်း ရောက်တိုင်း ငါးများကို တုံးတစ်၍ ကျွေးလေ့ရှိသောကြောင့် ကြာဖြူကန်အဘွားအား ငှက်များက ရင်းနှီးကျွမ်းဝင်နေကြသည်။ ကြာဖြူကန်အဘွားသည် ဤနေရာသို့ရွေးချယ်ခြင်းမှာ အကြောင်းရှိသည်။

မြို့စားကြီးဝမ်ပင်းသမီး ချင်ချင်ပျောက်ဆုံးသွားသည်နှင့် ခြေရာခံလိုက်လာသူရှိလျှင် လင်းယုန်ငှက်များက တိုက်ခိုက်ခြင်း ကြည့်၍ ခြေရာခံသူများကိုသိရှိနိုင်သောကြောင့် ဖြစ်ပေသည်။

ကြာဖြူကန်အဘွားသည် သူမ၏လုပ်ရပ်ကိုကြည့်၍ အလွန် ကျေနပ်နေ၏။ ဖန်ကောက်တင်ယမ်းပုံမီးကျ ဖြစ်နေမည်ကို သူမ မြင်ယောင်မိသေးသည်။ မိစ္ဆာဂိုဏ်းအား ကျောက်စိမ်းနဂါးဂိုဏ်းက ဖြိုခွင်းမှုအပေါ် တွေးမိတိုင်း သူရင်နာပေသည်။ သူသည် ယန္တရားဖားကြီး တစ်စစီ ပျက်စီးသွားသည်ကို ကြည့်မြင်လိုသည်။

သူသည် လင်းယုန်ငှက်များကို အစာကျွေးပြီးနောက် သူမ၏ တဲဆီသို့ပြန်လျှောက်လာခဲ့၏။ ထိုတဲကလေး၌ ဖမ်းဆီးလာသည့် ချင်ချင် ရှိလေသည်။ ချင်ချင်သည် သူမ မည်သည့်နေရာသို့ ရောက်နေမှန်း လုံးဝမသိရှိပေ။ နေရောင်က တဲကလေးဆီသို့ဖြာကျ နေသည်။

ကြာဖြူကန်အဘွားလာသည်ကို တဲအိမ်ပြတင်းဝမှ ချင်ချင် တွေ့နေရသည်။ သူမသည် ကြာဖြူကန်အဘွားကို မျက်လုံးချင်းဆိုင်



၍ မကြည့်ဝံ့ချေ။

"ကောင်မလေး... ဆန်ပြုတ်သောက်ပြီးပြီလား"

"ဟုတ်... ဟုတ်ကဲ့၊ သောက်ပြီးပါပြီအဘွား"

သူမသည် ကြောက်ကြောက်လန့်လန့်နှင့် ပြောလိုက်မိ၏။

"အပြင်ကိုလုံးဝမထွက်နဲ့နော်၊ လင်းယုန်ငှက်တွေက လူစိမ်းဆို ထိုးကြဆိတ်ကြတယ်ကွယ့် ကြားရဲ့လား"

"ဟုတ်... ဟုတ်ကဲ့"

သူမသည် စိတ်ထဲမှန်းကျပ်နေလေ၏။ အကျယ်ချုပ်ချုပ်ခံထားရသူတစ်ဦးကဲ့သို့ ခံစားနေရရှာသည်။ ဤကဲ့သို့အသက်ရှင်နေရခြင်းထက် သေရသည်ကမှ ပို၍မြတ်ပေလိမ့်မည်။

ကြာဖြူကန်အဘွားသည် မည်သည့်ရည်ရွယ်ချက်ဖြင့် သူမအား ဖမ်းဆီးခေါ်ဆောင်လာသည်ကို မသိသေးပေ။ သူမ သတိရ၍ ကြည့်လိုက်သောအခါ မိုတိမှာ ပျောက်ဆုံးနေသည်။

ရွှေဓားသခင် စီလင်ရှုတို့ကိုလည်း လုံးဝမတွေ့ရပေ။ ဖခင်ကြီးမှာ မည်သို့ဖြစ်ပျက်နေပြီလဲ။ အားလုံးကို ချင်ချင် မသိခဲ့ရပေ။ အခြားတစ်ကမ္ဘာသို့ရောက်နေသည်နှင့် တူလှတော့သည်။

"မင်း သိုင်းပညာတတ်သလား"

"ဟင့်အင်း မတတ်ပါဘူး"

ကြာဖြူကန်အဘွားသည် တစ်စုံတစ်ခုကိုတွေးနေပြီး....

"မင်း ကျန်းမာရေးကောင်းအောင် အနားယူလိုက်ပါဦး။ နောက်မှ မင်းကိုသိုင်းပညာသင်ပေးဖို့ကိစ္စကို ဆွေးနွေးကြတာပေါ့"

ကြာဖြူကန်အဘွားက သူမအား မည်သည့်အတွက်သိုင်းပ

www.burmeseclassic.com

www.burmeseclassic.com



ညာသင်ကြားလိုခြင်းဖြစ်ကြောင်း မေးမြန်းကြည့်ချင်မိသည်။ သို့သော် မမေးဖြစ်ပေ။ သူမသည် စိတ်ပျက်လက်ပျက်ဖြင့် အိပ်ရာထဲ လှဲချမိတော့သည်။ သူမ အိပ်ချလိုက်သောအခါ တစ်စုံတစ်ခုက သူမ၏ကျောဥ္ဇခံနေသဖြင့် နာကျင်သကဲ့သို့ဖြစ်သွားသည်။

သူမက ကပျာကယာဆွဲ ထုတ်လိုက်သောအခါ ရွှေဓားရှင် စီလင်ရှူပေးသွားသည့် ပုတီးကလေးကိုတွေ့ရလေ၏။ သူမသည် ပုတီးကလေးကိုပွတ်သပ်ရင်း စီလင်ရှူအကြောင်း တွေးတောနေ၏။ စီလင်ရှူနှင့် သူမတို့သည် ပြန်လည်တွေ့ဆုံနိုင်ဦး မည်လော။

သူမသည် ကြာဖြူကန်အဘွား နွေ့စဉ်အလုပ်လုပ်နေသည်ကို စောင့်ကြည့်နေမိ၏။ ဤလင်းယုန်တောင်ကြားမှ သူမထွက်ပြေးရန်ကိစ္စမှာ လွယ်သည်တော့မဟုတ်ပေ။ လင်းယုန်တောင်ကြားသို့ သူမရောက်ရှိကတည်းက လူဟူ၍ တစ်ဦးတစ်ယောက်မျှ မမြင်ရပေ။ သူမကိုယ်သူမ အားကိုးရပေတော့မည်။ သူမသည် ဤတဲအိမ်တစ်ဝိုက် လွတ်လပ်စွာ သွားလာခွင့်ရနေသည်မှာ ကံကောင်းနေသည်။

"ညည်း ဒီနေရာက ဝေးဝေးမသွားနဲ့နော်၊ တဲအိမ်နားက ဝေးဝေးသွားရင် လင်းယုန်ငှက်တွေ ထိုးဆိတ်လိမ့်မယ်၊ ကြပ်ကြပ်သတိထား"

မည်သို့ပင်ဖြစ်စေ တဲအိမ်တစ်ဝိုက်၌တော့ သူမ ကောင်းစွာသွားလာခွင့်ရနေသေးသည်။ ဤသည်မှာ ကံကောင်းခြင်းတစ်ရပ်ပင်။ သူသည် တဲအိမ်အနီး၌ လှည့်ပတ်သွားလာရင်း သိမ်းငှက်ကြီးများကို မော့ကြည့်နေ၏။

"ဂီး... ဂီး... ဂီး"



"ဂဲ... ဂဲ... ဂဲ"

လင်းယုန်ငှက်နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်နေကြ၏။

"ဘုတ်"

"ဟယ်"

သူမရှေ့သို့ လင်းယုန်ငှက်ကလေး ပြုတ်ကျလာ၏။ ကြီးနိုင်ငယ်ညှဉ်းဆိုသောလုပ်ရပ်သည် တိရစ္ဆာန်လောကမှ စတင်ခဲ့ခြင်းဖြစ်သည်။

"ဟော့... ရှူး... ရှူး"

ထိုးဆိတ်ရန် တစ်ဟုန်ထိုး ထိုးဆင်းလာသည့်လင်းယုန်ငှက်ကြီးကို ခဲဖြင့်ပစ်ပေါက်၍ ခြောက်လှန့်လိုက်သည်။ ထို့နောက် လင်းယုန်ငှက်ကလေးအား ပွေ့ပိုက်ရန် တဲအိမ်ဆီသို့ပြေးလာခဲ့သည်။

"ဟဲ့... ဘာဖြစ်လာတာလဲ၊ ပြောစမ်း"

"ဟို... ဟို လင်းယုန်ငှက်ကြီး ထိုးဆိတ်လို့ပါ ဘွားဘွား"

သူမက အဆင်ပြေအောင် ပြောလေ၏။

"ညည်းကို ဒါကြောင့်ပြောတာပေါ့၊ လင်းယုန်ငှက်တွေကို သွားမစပါနဲ့လို့ အုပ်စုလိုက်သာထိုးဆိတ်ရင် ညည်းအသက်ပျောက်လိမ့်မယ်"

ကြာဖြူကန်ဘွားဘွားသည် သူမ၏လက်ထဲမှ လင်းယုန်ငှက်ကလေးကိုကြည့်ကာ...

"ဒီလက်ထဲက အကောင်ကကော..."

"ဒဏ်ရာရလာတဲ့ ငှက်ကလေးပါ၊ ဆေးကုပေးမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အထဲကိုယူသွား"

ကြာဖြူကန်ဘွားဘွားသည် ကြွင်နာမှုရှိသည့် ချင်ချင်၏သဘောကို နားလည်သွား၏။ သူသည် လင်းယုန်ငှက်ကလေးအား ဆေးကုသပေးရန် တဲထဲသို့ပြေးဝင်သွားလေတော့၏။

(၉)

## လင်းယုန်မိတ်ဆွေ

ချင်ချင်သည် လင်းယုန်ငှက်ကလေးကို ဆေးဝါးကုသပေးလေ၏။ လင်းယုန်ငှက်ကလေး၏ဒဏ်ရာသည် ပျောက်ကင်းစပြုလေပြီ။ သူမ အပြင်ထွက်သည်နှင့် လင်းယုန်ငှက်ကလေးသည် တောင်ပံတဖျပ်ဖျပ်ခါကာ သူမနောက်မှလိုက်လေ၏။

ကြာဖြူကန်ဘွားဘွားက....

"ညည်းကို ငါပြောထားတယ်၊ ညည်း ဒီကောင်လေးနဲ့ အပြင်သိပ်မထွက်နဲ့၊ အပြင်သိပ်ထွက်လို့ တခြားအကောင်တွေဝိုင်းထိုးဆိတ်ရင် ညည်းအော်ပြီးပြေးမလာနဲ့ ဒါပဲ"

ကြာဖြူကန်အဘွားပြောသည်မှာ မှန်သင့်သလောက်မှန်၏။ အခြား သိမ်းငှက်များက တိုက်ခိုက်ချင်ဟန်ပြကြ၏။ သို့သော် တိုက်တော့ မတိုက်ခိုက်ပေ။ လင်းယုန်ငှက်ကလေးအား အကြမ်းပတမ်းတိုက်ခိုက်ခဲ့သော လင်းယုန်ငှက်ကြီးသည် ငှက်ကလေးကိုမြင်လျှင် တဂီးဂီးဂဲဂဲ မာန်လုပ်တတ်ပေသေးသည်။



ချင်ချင်သည် လင်းယုန်တောင်ကြားမှ ထွက်ပြေးရန်တော့ ခဲ့စားနေပေသည်။ သို့သော် မည်သို့မည်ပုံထွက်ပြေးရမည်ကို မသိသေးပေ။ ချင်ချင်သည် ကြာဖြူကန်ဘွားဘွား လင်းယုန်ငှက်များကို အစာကျွေးသောအချိန်၌ လင်းယုန်ငှက် ဘယ်နှစ်ကောင်ရှိသည်ကို မှတ်သားထားသည်။ လင်းယုန်ငှက်အကောင်သုံးဆယ်ခန့် ရှိလေ၏။

ကြာဖြူကန်ဘွားဘွားသည် ချင်ချင်ထွက်ပြေးမည်ကို မစိုးရိမ်ချေ။ ထို့ကြောင့် သူမအား လွတ်လပ်စွာ ထားသည်။ သူမအား ခမ်းဆီးခေါ်ဆောင်လာသည့်ကိစ္စနှင့်ပတ်သက်၍ စကားတစ်ခွန်းမျှ မဟပေ။ သို့သော် သူမကိုတော့ မျက်ခြည်ပြတ်မခံဘဲ ကြည့်နေကြောင်း ချင်ချင်သိသည်။

ချင်ချင်သည် ကြာဖြူကန်လက်မှလွတ်ထွက်ပြေးရန် အမြဲကြံစည်နေတော့သည်။ တစ်လဆိုသော အချိန်ကာလသည် ကြာမြင့်သွားလေ၏။ ချင်ချင်သည်လည်း အတော်ပင် ကျန်းကျန်းမာမာဖြစ်လာသည်။ မြို့စားဝမ်ပင်းနှင့် ကျောက်စိမ်းနဂါးဂိုဏ်းထံမှ ပြန်ပေးဆွဲလာသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် လိုအပ်လာပြီဟု ယူဆမိသည်။ ကျောက်စိမ်းနဂါးဂိုဏ်းသည် ချင်ချင်ကိစ္စကို ခေါင်းအေးသွားပြီဟု ယူဆသောကြောင့်ဖြစ်သည်။

လင်းယုန်တောင်ကြားဒေသသည် ရေခံမြေခံကြမ်းတမ်း၏။ ဤဒေသ၌ ချင်ချင်သည် ကြာရှည်နေနိုင်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ချင်ချင်အား ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ဦး ချင်ချင်"

ကြာဖြူကန်ဘွားဘွားသည် အပြင်သို့သွားရန် ဟန်ပြင်နေသည့် ချင်ချင်အား ပြောလိုက်သည်။ ချင်ချင်သည် မဝံ့မရဲထိုင်ချလိုက်ရသည်။

"ချင်ချင်... မင်းကို အဘွားပြောစရာရှိတယ်"

"ပြောပါ ဘွားဘွား"

"မင်းကိုဘွားဘွားက သွေးကြောပိတ်ပြီး ဒီနေရာကိုခေါ်လာတာတော့ မင်းသိမှာပေါ့"

"သိပါတယ် ဘွားဘွား"

ဘွားဘွားသည် စကားကိုဆက်မပြောပေ။ ပြောရန်စဉ်းစားနေသည်။ အတန်ကြာ စဉ်းစားပြီးမှ....

"လောကမှာ အသက်ကယ်တဲ့သမားတော်ရှိသလို အသက်သတ်တဲ့သမားတော်တွေလဲရှိတယ်၊ အဲဒါကို ချင်ချင်သိသလား"

"မသိပါဘူး... ချင်ချင်သိတာကတော့ အသက်ကယ်တဲ့သမားတော်တွေကိုပါပဲ"

"သမားတော်ကြီးမိုတိဟာ လူကောင်းလူမိုက်မရွေးဘူး။ ဒဏ်ရာရသူ ဘယ်သူ့ကိုမဆို ကုသပေးတာပဲ၊ သူက လူဆိုးကိုကုသပေးလိုက်တော့ အဲဒီလူဆိုးဟာ လူအယောက်တစ်ရာကိုသတ်ရော၊ မခက်ဘူးလား"

"သူက သမားတော်ပဲ၊ သူ့ကိုလာပင့်တဲ့လူရှိရင် လိုက်ရမှာပဲ"

"ကဲ... ထားပါတော့။ ကျောက်စိမ်းနဂါးဂိုဏ်းက ဖန်



ကောက်တင်အကြောင်း ပြောရအောင်"

"ပြောပါ"

"သူဟာ သိုင်းလောကမှာ အင်မတန်ကြောက်စရာကောင်းတဲ့လူ"

"ပြောကြပါတယ်"

"အန္တရာယ်လဲရှိတဲ့လူ"

"ဖြစ်နိုင်ပါတယ်"

"သူ့မှာယန္တရားဖားကြီးတစ်ကောင်ရှိတယ်ဆိုတာ သိရဲ့မဟုတ်လား"

"ဟင့်အင်း... မသိပါဘူး"

"ညည်း ဘာကြောင့် ငါ့ကိုညာတာလဲ ချင်ချင်"

ချင်ချင် ခေါင်းငုံ့နေလေ၏။ အတန်ကြာမှ....

"ကျွန်မကို ဘာကြောင့်ခေါ်တာလဲ ဘွားဘွား"

"ကျောက်စိမ်းနဂါးဂိုဏ်းကို အကျပ်ကိုင်ချင်လို့ပေါ့ ချင်ချင်ရယ်၊ ညည်းကိုအပိုင်ကိုင်ရင် ဒီကောင်တွေ ခြေမကိုင်မိ လက်မကိုင်မိဖြစ်မယ်လို့ထင်လို့ပါ"

"ကျွန်မဟာ ကျောက်စိမ်းနဂါးဂိုဏ်းနဲ့မှ ဘယ်လိုမှမပတ်သက်တဲ့မိန်းကလေးပါ"

"မဟုတ်ဘူး... ညည်းဟာ ကျောက်စိမ်းနဂါးဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေကိုသိထားတဲ့ မိန်းကလေးဆိုတာ ငါသိတယ်"

"ဟင့်အင်း... ကျွန်မ မသိပါဘူး"

ချင်ချင်သည် သမားတော်ကြီးမိုတိကို သတ်ထားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူကန်ဘွားဘွားအား ရှုံ့မှုန်းနေသည်။

ကြာဖြူကန်ဘွားဘွားက....

"အေး... ညည်းမသိဘူးလို့ဖြေနေတယ်နော်၊ နောက်တစ်ခါ ထပ်မေးလို့ ဒီအဖြေမျိုးထပ်ထွက်လာရင် ပါ့အဆိုးမဆိုနဲ့"

ချင်ချင်သည် ထိတ်လန့်သွားလေ၏။ ဤအဘွားကြီးသိုင်းပညာတော်မှန်းလည်း သိရှိသည်။

"ဒုက္ခပဲ... ငါ့ကို ဘယ်လိုများနှိပ်စက်ဦးမယ်မသိဘူး"

သူသည် စိတ်ထဲမှတွေးနေမိလေ၏။ ကြာဖြူကန်ဘွားဘွား ထသွားသဖြင့် သူမသည် ထိတ်လန့် တုန်လှုပ်နေသော ရင်အစုံကိုဖိမိလေ၏။ သူမသည် လင်းယုန်တောင်ကြားမှ ထွက်ပြေးရပေတော့မည်။ မည်သို့ပြေးမည်နည်း။ မည်သူ့ကို အကူအညီတောင်းမည်နည်း။ ထို့ကြောင့် သူမသည် စာတစ်စောင်ရေးလေ၏။

"ကျွန်မသည် မြို့စားကြီးဝမ်ဖင်း၏သမီး ချင်ချင်ဖြစ်ပါသည်။ ကျွန်မကို အမြန်ဆုံးကယ်တင်ပါ။ ကျွန်မ လင်းယုန်တောင်ကြားမှာ အဖမ်းခံထားရပါသည်။

ချင်ချင်"

သူမသည် ထိုစာကလေးကိုရေး၍ ဘောင်းဘီကြား၌ ဝှက်ထားလေ၏။ သူမသည် စဉ်းစားရင်း ရင်မောနေလာသည်။ စာကိုမိသွားလျှင် ကြာဖြူကန်ဘွားဘွားသည် သူမအား ရိုက်နှက်ဆုံးမပေလိမ့်မည်။ သူမကို တောင်ပေါ်၌ ဖမ်းချုပ်ထားလျှင်လည်း စာကိုအောက်သို့ပစ်ချနိုင်သေးသည်။ ကျွန်းတစ်ကျွန်း၌ ဖမ်းထားလျှင် လည်း စာကို ပုလင်းထဲထည့်၍ ပစ်နိုင်သေးသည်။



ယခုတော့ သူမကိုဖမ်းထားသည်မှာ တောင်ကြား၌ ဖြစ်နေသည်။ စာကိုပစ်ချ၍လည်းမရချေ။ စာကို ရေ၌မျှောရန်လည်း မရချေ။ သူမ ဒုက္ခရောက်နေချေပြီ။

သူမသည် စာကိုဆုတ်ဖြဲပစ်ရန် ကြံမိလေ၏။ ထိုအကြံဖြစ်ပေါ်လာသဖြင့် သူမသည် ကြာဖြူကန်ဘွားဘွားဝင်လာမည်ကို ကြည့်သည်။ အနီးအနား၌ ကြာဖြူကန်ဘွားဘွားမရှိမှန်းသိမှ စာကို ထုတ်ယူလိုက်သည်။ သူမသည် စာကိုဆုတ်ဖြဲပစ်ရန်ပြင်လိုက်သည်။

"ဂီး... ဂီး"

ထိုအခါ ပြတင်းပေါက်၌ လင်းယုန်ငှက်ကလေးသည် လာနားရ၍ အော်မြည်လေ၏။ ချင်ချင်သည် လင်းယုန်ငှက်ကလေးကို ကြည့်၍ စဉ်းစားသည်။

"ဟုတ်ပြီ... ဒီလင်းယုန်ငှက်ကလေးကိုအသုံးချရမှာပဲ"

သူမ စိတ်ကူးပေါက်သွားသဖြင့် အလွန်ဝမ်းသာမိသည်။

"လာ... လာ၊ လင်းယုန်ငှက်ကလေး။ မင်း ဒီတစ်ခါတော့ ငါ့အကျိုးဆောင်ရမယ်"

လင်းယုန်ငှက်ကလေးသည် ချင်ချင်၏ပခုံးထက်၌ လာနားနေလေ၏။

www.burmeseclassic.com



(၁၀)

## တောဝရိယာယ်အသွယ်သွယ်

ကျားမုဆိုးဟန်ချင်းသည် တောမုဆိုးသာဖြစ်သည်။ သူသည် တော၌ပျော်သည်။ သားကောင်များကို ရှာဖွေရသည်ကိုပျော်သည်။ ခြေရာကောက်ရသည်ကို ပျော်သည်။ ယခုတော့ ကျောက်စိမ်းနဂါးဂိုဏ်း၌ လူသူအများနှင့် နေနေရသည်။ လူစော်နံနေသည်။ ဤသည်ကို ငြီးငွေ့သည်။

တိတ်ဆိတ်သော တောအုပ်သည် ဟန်ချင်းစိတ်ကြည်နူးသည့်နေရာဖြစ်သည်။ တောသည် သားကောင်တို့ကို ဖုံးကွယ်ထားသည်။ ဟန်ချင်းသည် သားကောင်တို့ကို လျှောက်ရှာဖွေရသည်။

ကျောက်စိမ်းနဂါးဂိုဏ်း၌နေပြီး လူပေါင်းများစွာကိုရှောမြားနှင့် ပစ်သတ်ခဲ့ရသော်လည်း ဟန်ချင်းမပျော်ခိုက်ချေ။ တောထဲတောင်ထဲ သားကောင်နောက်သို့ ဖွဲနပဲကြီးစွာ လိုက်ရသည်ကိုပျော်သည်။

ဖန်ကောက်တင်က ဟန်ချင်းကို ယုံကြည်အားကိုးသည်။ ဟန်ချင်းကိုယ်တိုင်က သစ္စာရှိရှိဆောင်ရွက်တတ်သဖြင့် ဖန်ကောက်တင်အားကိုးသည်နှင့် အံကိုက်ဖြစ်နေသည်။ သို့သော် ကျောက်စိမ်းနဂါးဂိုဏ်း၌နေရသည်မှာ တောလိုက် သားကောင်နောက်လိုက်ရသည်သို့ ပျော်စရာမကောင်းလှသဖြင့် ဖန်ကောက်တင်သည် သူ၏ရောင်းရင်းဟောင်းကြီးအား ကျေကျေနပ် နပ်နှင့်ခွင့်ပြုခဲ့သည်။



တောတွင်းသို့ရောက်သည်နှင့် ဟန်ချင်းသည် မြူးကြွသွားသည်။ တောနံ့တောင်နံ့သည် ဟန်ချင်းကိုလန်းဆန်းတက်ကြွစေသည်။ သူသည် တောထဲရောက်သည်နှင့် ခြေရာကောက်တော့သည်။ ဒရယ်များ ရေဆင်းသောက်သည်ကို ခြေရာကောက်မိသည်။

ဒရယ်ဖိုကြီးသည် ချိုကားကားဟန်ထွားထွားဖြင့် လွန်စွာလှပနေ၏။ ဒရယ်ဖိုကြီးရပ်နေသည်ကို ဟန်ချင်းသည် လေးနှင့်မပစ်လိုချေ။ ဟန်ချင်းသည် လှုပ်ရှားနေသောပစ်မှတ်ကိုသာ ပစ်လိုသည်။ ထို့ကြောင့် ရွှတ်ခနဲအသံပြုလိုက်၏။ ဒရယ်ဖိုကြီးထွက်ပြေးလေပြီ။

"ဝှီး"

"ဒုတ်"

ဒရယ်ဖိုကြီးမှာ ဝေးဝေးမပြေးနိုင်ချေ။ ဟန်ချင်း၏မြားချက်ပြီး လဲသွားရသည်။ မြားချက်က တိကျလှ၏။ လှုပ်ရှားနေသည့်အကွင်းဖြစ်သော်လည်း ဒရယ်ဖိုကြီးမှာ တစ်ချက်တည်းနှင့်ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး ဇီဝိန်ကြွေသွားသည်။ ဤသို့သော စွမ်းဆောင်ချက်ကသူ့အား ကျားမုဆိုးဟန်ချင်းဟုခေါ်သည် မဟုတ်ပါလော။

သားကောင်အား မြားချက်ထိမှန်သွားပြီဟုသိသည်နှင့်တစ်ပြိုင်နက် စိတ်ဝင်စားမှုမှာလည်း ပျက်သုဉ်းသွားရ၏။ ဟန်ချင်းသည် မြားချက်ထိမှန်သွားသောဒရယ်ကြီးအား သွားကြည့်၏။ ထိုဒရယ်ကြီးမှာ စားသုံး၍မရတော့ချေ။ မရခြင်းမှာ ဟန်ချင်းပစ်လိုက်သည့်မြားကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချင်းသုံးသည့် **အဆိပ်ဆယ်မျိုးရှိသည်။** ထိုအဆိပ်ဆယ်
မျိုးအနက် အပြင်းထန်ဆုံးသောအဆိပ်ကို မြားဦးလိမ်းကျံခဲ့သော
ကြောင့် ဖြစ်သည်။ ထိုမြားချက်ထိသွားလျှင် ထိုသားကောင်ကိုမည်
သူမျှစားသုံး၍ မရတော့ချေ။ ထိုသားကောင်ကိုစားသုံးသည့် လင်းတ
ပင်လျှင် သေဆုံးရချေမည်။

ထိုလင်းတကိုစားသုံးသည့် အခြားသတ္တဝါသည်လည်း သေ
ဆုံးရချေမည်။ သုံးသက်သေဆုံးရမည့်**အဆိပ်**ကိုသုံးခြင်းဖြစ်၍ ဒရယ်
ကြီးထခုန်လိမ့်မည်ဟု ဟန်ချင်း **လုံးဝမယုံကြည်ပေ။** ဟန်ချင်း ထွ
လာခဲ့သည်။ ဟန်ချင်း၏တောလိုက်လေ့ကျင့်မှုသည် ပြီးဆုံးသွားခဲ့ပြ

ဆက်၍ ခြေရာကောက်လျှင် ရနိုင်သေးသည်။ သို့သေ
ဆက်၍မလိုက်တော့ဟု ဆုံးဖြတ်ပြီး ပြန်လာသည်။

"ဂီး... ဂီး... ဂီး"

ငှက်အော်သံကြားသဖြင့် လှမ်းကြည့်လိုက်ရာ ညွတ်ကွင်း
မိနေသော လင်းယုန်တစ်ကောင်ကိုမြင်မိလေ၏။ ဟန်ချင်းသည်
ဆိုးဆိုသော်လည်း ကောင်းကင်၌ပျံသန်းနေသည့်ငှက်များကိုမူ တ
ကြိမ်တစ်ခါမျှ မပစ်ချေ။ ကောင်းကင်၌ ပျံသန်းနေသည့်ငှက်များ
မပစ်အပ်ဟု သူယုံကြည်သည်။

"**အင်း...** မုဆိုးတွေဟာ **တာ**ကယ်ခက်တယ်၊ ကောင်းက
~ ငှက်လဲအလွတ်မပေးဘူး၊ မြေပြင်က သားကောင်လဲ အလွတ်
ပေးဘူး၊ ဘာမှအလွတ်မပေးတာကို မုဆိုးလို့မခေါ်သင့်ဘူး"

သူသည် လင်းယုန်ငှက်ကို ညွတ်ကွင်းမှလွှတ်ပေးမည်ဆို
လျှောက်လာသည်။ သူသည် ညွတ်ကွင်းကိုဖြုတ်ရန် ကြိုးစားလိ



ြ၏။

"ဟင်... ဘာလေးပါလိမ့်"

သူသည် ငှက်၏ခြေထောက်၌ ချည်နှောင်ထားသည့်စာ
ခိပ်လေးတစ်လိပ်ကလေးကိုတွေ့သွားသည်။ သူသည် ကမန်းက
တမ်းဖြေယူလိုက်သည်။

"စာတစ်စောင်ပါလား"

သူသည် ငှက်ကိုအလျင်မလွှတ်ဘဲ စာကိုအလျင်ဖြေယူ
လိုက်၏။ သူသည် ချင်ချင်ရေးသားထားသည့်စာကိုဖတ်မိလေ၏။
ထို့နောက်မှ ငှက်ကိုလွှတ်ပေးလိုက်သည်။သူသည် စာကိုသိမ်းဆည်း
လိုက်၏။

"အင်း... ကောင်မလေးကို ငါတို့ခေါင်းတောက်လောင်ရှာ
နေရတယ်၊ တကယ်တော့ ကောင်မလေးက လင်းယုန်တောင်ကြား
ရောက်နေတာကိုး၊ ဒီအကြောင်းကိုသိရင် ဂိုဏ်းချုပ်ကြီးဖန်ကောက်
ဘင် ဘယ်လောက်ဝမ်းသာမလဲ"

မြို့စားဝမ်ပင်း၊ သမီးချင်ချင်နှင့် ချင်ဖုန်အကြောင်းကို ကျား
ဆိုးဟန်ချင်း သိရှိပြီးပေပြီ။ သူသည် အခြေအနေကိုကောင်းစွာ
သဘောပေါက်လေ၏။ ချင်ချင်သည် ကယ်တင်သူရှာဖွေသော်လည်း
ကျားရှေ့မှောက်လျက်လဲသည့်အဖြစ်ဆိုးကို ကြုံတွေ့ရသည်။

လင်းယုန်တောင်ကြားသို့သွားလာရဲသူများမှာ ကျားမုဆိုး
ဟန်ချင်းတစ်ယောက်သာ ရှိသည်။ သူသည် လေထဲတွင်ပျံသောငှက်
များကို ချစ်ခင်သူဖြစ်၍ ငှက်များကလည်း များသောအားဖြင့် သူ့ကို
ရန်မမူကြချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လင်းယုန်တောင်ကြားသို့သွားရောက်ပြီး ကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် ချင်ချင်အား သနား၍ကယ်တင်သည်မဟုတ်ပေ။ ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်စိတ်ကျေနပ်မှုရှိစေရန်ပင် ဖြစ်တော့သည်။

သူသည် လင်းယုန်တောင်ကြားအကြောင်း ကောင်းစွာသိသည်။ လင်းယုန်တောင်ကြား၌ လင်းယုန်များရှိသည်။ လင်းယုန်များသည် လူစိမ်းသူစိမ်းကိုတိုက်ခိုက်တတ်သည်။ ဤသဘောကို သူသိသည်။

ထို့ကြောင့် သူသည် ညနေနေဝင်ရီသရောမှ လင်းယုန်တောင်ကြားသို့ဝင်လျှင် ညဖြစ်နေပေပြီ။ လင်းယုန်များအိပ်တန်းတက်နေကြပြီ။ မည်သည့်လင်းယုန်ငှက်များမှ တိုက်ခိုက်နိုင်တော့မည် မဟုတ်ချေ။ လင်းယုန်များမတိုက်ခိုက်လျှင် သူဝင်ရလွယ်ပေပြီ။

ချင်ချင်အား ဖမ်းဆီးထားသူကို သူမသိပေ။ မည်သို့သော စွမ်းရည်ရှိသည်ကို သိထားပါက ပိုကောင်းသည်။ ယခုတော့ ဖမ်းဆီးထားသူ၏စွမ်းရည်ကိုမသိဘဲ သူ ချင်ချင်ကိုသွားရောက်ကယ်တင်တော့မည်။

သို့သော် သူသည် ကျားမှဆိုးဟန်ချင်းဖြစ်သည်။ တောအကြောင်း တောင်အကြောင်း သူ့လောက်ကျွမ်းကျင်သူ မရှိပေ။ ချင်ချင်အား ဖမ်းဆီးထားသူသည် သိုင်းညာဏ်တော်လျှင်တော်မည်။

တောအကြောင်း တောင်ကြောင်း သူ့လောက်သိမည်မဟုတ်ဟု သူယုံကြည်ပေသည်။



(၁၁)

## လူလော သားကောင်လော

လမင်းကြီးသာနေသည်။ ချင်ချင်သည် အဆွေးစိတ်ခံရှိသူဖြစ်၏။ သူမသည် အိမ်ပြတင်းမှ လမင်းကြီးကိုကြည့်၍ လွမ်းဆွေးနေလေ၏။ သူ့ဘဝသည် ယခု အမှောင်ကျနေသကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလော။ နေအရောင်အလင်း သို့မဟုတ် လရောင်အလင်းကျရောက်ရန် လိုပါသည်။ ယိုအလင်းရောင်ရလျှင် သူမဘဝလည်း လန်းဆန်းတက်ကြွ လာပါလိမ့်မည်။

ကြာဖြူကန်ဘွားဘွားနှင့် သူမ၏ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ ကြာဖြူကန်ဘွားဘွားသည် ယခင်က တဲအနီးအနားတဝန်းကျင်ကို သွားလာခွင့်ပေးခဲ့သည်။ ယခု သွားလာခွင့်မပေးတော့ပေ။ သူမ၏ အခွင့်အရေးများ ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

"ကြာဖြူကန်အဘွားဟာ ငါ့စိတ်တွေကိုပြောင်းလာအောင် ငါ့ကိုတမင်ညှဉ်းဆဲနေတာပဲ ဖြစ်မယ်၊ ငါက ကျောက်စိမ်းနဂါးဂိုဏ်းအကြောင်း မပြောပြသရွေ့ ငါ့ကို သူ့စိတ်ထဲမှာ အကျိတ်အခဲဖြစ်နေမှာပဲ၊ သူစိတ်ဖောက်လာရင် မလွယ်ဘူး၊ ငါ့ကိုသတ်ပစ်ချင်သတ်နေမှာ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်သည် သက်ပြင်းချလိုက်၏။ သူမ၏စိတ်ထဲမှ ဖ
သူ့ကိုလည်း တမ်းတမိသည်။

"ဖေဖေရယ်... သမီးကိုခွင့်လွှတ်ပါ၊ သမီးကောင်းမယ်ထ
လို့ စိစဉ်တာဟာ အခုဆိုရင် သမီးလဲဒုက္ခရောက် ဖေဖေလဲ ဒု
ရောက်နေလောက်ပါပြီ၊ ခွင့်လွှတ်ပါ ဖေဖေရယ်"

ချင်ချင်သည် သိုင်းသမားတစ်ယောက် မဟုတ်ပေ။ ရဲရင့်
တစ်ယောက်ဖြစ်သော်လည်း မိန်းမသဘာဝအားငယ်ခြင်း ဝမ်းနည်း
ကြေကွဲခြင်းတို့ **ခံစားရနေရာ၏**။ ဤသို့ဖြင့် ကြံမိကြံရာ လင်းယု
ငှက်ကလေး **ခြေထောက်၌ စာတစ်စောင်**ချည်နှောင်ပြီး လင်းယု
ငှက်ကလေးကိုလွှတ်လိုက်ရာ ငှက်ကလေးသည် ယခုအချိန်အထိ ပြ
မလာသေးပေ။ သူမသည် **တောင်ဇတွးမြောက်**တွေးတွေးလျ
လင်းယုန်ငှက်ကလေးကိုမျှော်နေလေ၏။ **ထိုစဉ်....**

"အူး... ဝူး... ဝူး"

"အူး... ဝူး... ဝူး"

ဆွဲဆွဲငင်ငင်အူလိုက်သောတောခွေးများအူသံသည် တဲအိ
ကလေးဆီမှ အတိုင်းသားကြားရလေ၏။ ကြာဖြူကန်အဘွားသည်
တောခွေးများ အူသံကြောင့် အိပ်ပျော်နေရာမှနိုးလာသည်။ တော
ခွေးအူသံများကို သူသည် အတန်ကြာ နားစိုက်ထောင်သည်။ သူ
သည် ထထိုင်လေ၏။ တောခွေးအသံများကို သူမသက်ာပေ။

"ဟဲ့... ချင်ချင်၊ တံခါးပေါက် ပိတ်ထားစမ်း"

ချင်ချင်သည် ကြာဖြူကန်အဘွားစကားကြောင့် ကဲလားတံ
ခါးကို ပိတ်လိုက်သည်။ ကြာဖြူကန်အဘွားဘက်သို့လှည့်၍ မေး



လိုက်၏။

"ဘာဖြစ်လို့ အဘွား၊ အလျင်ကတော့ တံခါးကိုတစ်ခါမှ မ
ပိတ်ခိုင်းခဲ့ပါဘူး"

"ရှူး... တိတ်တိတ်နေစမ်း၊ တောခွေးအူသံကြားတယ်
မဟုတ်လား၊ အဲဒါ **သဘာဝမဟုတ်ဘူး**၊ ဒီအချိန်မှာ တောခွေးဟာ
အလိုအလျောက်**မအူကြဘူး** ဒီလင်းယုန်တောင်ကြားကို လူစိမ်းတစ်
ယောက်ရောက်**လာလို့သာ** အူကြတာ၊ ညည်း နားလည်ရဲ့လား"

**ထိုအခါ ချင်ချင်သည်** စိတ်ထဲကျိတ်၍ ဝမ်းသာသွားသည်။
သို့သော် သူ့ဝမ်းသာမှုဟန်ပန်ကိုတော့ မပေါ်စေပါ။ သူမစာကို တစ်
ယောက်ယောက်ရရှိသွားပြီး သူမကို ကယ်တင်ရန်လာပြီဟု သူမထင်
မိသည်။ ကြာဖြူကန်ဘွား သူ့အပေါ်သံသယမဝင်ရန် အရေးကြီး
သည်ကို သူမ သိသည်။ သူမသည် ဣန္ဒြေမပျက်နေလေသည်။

သူမအား ကယ်တင်ရန် ရောက်ရှိလာသူသည် မည်သူဖြစ်
မည်နည်း။ ကြာဖြူကန်အဘွားအား ယှဉ်ပြိုင်တိုက်ခိုက်**နိုင်သူ**ဖြစ်ပါ
စေဟု သူမ ဆုတောင်းမိသည်။

တစ်ခုတော့ **သူမကျေနပ်သည်။ အကယ်၍လူတစ်ယောက်**
က သူမအား ကယ်တင်**ရန် လာသည်ဟုဆိုပါစို့**။ ထိုလူသည် မခိုးဟု
သူမ သဘောပိုက်မိသည်။ **အဘယ်ကြောင့်ဆိုသော်** ထိုလူသည်
လင်းယုန်တောင်ကြားသို့ ညဘက်မှလာသူဖြစ်နေခြင်းတည်း။

ညဘက်မှလာခြင်းကြောင့် ထိုလူသည် လင်းယုန်များ၏
တိုက်ခိုက်မှုကိုကြိုတင်တွက်ဆနိုင်သူ ဖြစ်ရပေမည်။ ထို့ပြင် သူမ
သည်လည်း မှောင်ရိပ်ခိုကာ ထွက်ပြေးနိုင်သည်။ ချင်ချင်သည် ကြို

www.burmeseclassic.com



တင်ဖြစ်ပေါ်လာမည့်အခြေအနေများကို ကြိုတင်တွက်ဆထား၏။

သို့မှသာ သူမသည် အလွယ်တကူပြေးထွက်နိုင်မည် ဖြ ဟုတ်ပါလား။ အကယ်၍ သူမနှင့်ကြာဖြူကန်အဘွားရှိနေပါက ကယ်တင်သူအနေဖြင့် ကြာဖြူကန်အဘွားနှင့်တိုက်ခိုက်ရပေတော့မည်။ နိုင်ပါမှ သူမအား ကူညီကယ်တင်နိုင်ပေမည်။

သူမနှင့် ကြာဖြူကန်အဘွား အတူရှိမနေစဉ် ရောက်ရှိလာပါက ဟန်ကျနိုင်သည်။ ကယ်တင်သူနှင့်အမှောင်ရိပ်ခိုကာ ထွက်ပြေးနိုင်သည်။ ကြာဖြူကန်အဘွားက....

"ညည်း သိပ်ကြောက်နေပြီလား"

"ဟုတ်... ဟုတ်ကဲ့"

ချင်ချင်သည် ချော်လဲရောထိုင် လုပ်လိုက်သည်။

"အင်း... ဒီအတိုင်းဆိုရင်တော့ မဖြစ်တော့ဘူး။ ညည်းကို သိုင်းပညာသင်ပေးထားဖို့လိုနေပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ညည်း သိုင်း ပညာမတတ်တော့ ညည်းကိုယ်ညည်း မကာကွယ်နိုင်ဘူးပေါ့ ငါ့မှာ ဒီအတွက်ပါပူနေရပြီပေါ့၊ ဒီတောင်ကြားကို လူစိမ်းရောက်လာတာဟာလဲ ငါ့အတွက် အန္တရာယ်ပဲ၊ ကဲ... ကဲ အိပ်ရာဝင်တော့ချေ"

"အဘွားကကော"

"အခု တောင်ကြားကိုလူစိမ်းရောက်လာတဲ့ အရိပ်အယောင်တွေ တွေ့နေရတယ်၊ ဒီတော့ ငါက ကင်းစောင့်ရမှာ"

ချင်ချင်သည် အိပ်ရာထဲမအိပ်ချင်ဘဲနှင့် အိပ်ရတော့သည်။ အိပ်ရာထဲ၌ ချင်ချင်အိပ်မပျော်ချေ။ ကြာဖြူကန်အဘွားသည် ခွေးအူသံများ တိတ်ဆိတ်သွားသော်လည်း သစ်ပင်ရိပ်များ ဖုံးလွှမ်းနေသည့်



အမှောင်ရိပ်များထဲသို့ လှည့်လည်ကြည့်ရှုနေသည်။

သူမသည် အမှောင်ထဲသို့ကျင့်သားရသောမျက်လုံးများဖြင့် ကြည့်လေ၏။ သူ၏နားသည် အလွန်ပါးသဖြင့် အသံကိုလည်း ဂရုတစိုက်နားထောင်နေသည်။

ကျားမှဆိုးဟန်ချင်းကလည်း လျင်သည်။ ရန်သူ့ပိုင်နက်အတွင်းဝင်ရမည့်ကိစ္စကို ပေါ့သေးသေးမမှတ်ယူချေ။ ဂရုတစိုက်ဖြင့် ဝင်သည်။ ခြေကိုလုံလုံနင်းသည်။ မည်သည့်အသံမျှမကြားအောင် တောကိုတိုးသည်။ ကိုယ်ဖော့ပညာရပ်ကိုသုံးသည်။ တောခွေးများ ဆူညံစွာအော်ဟစ်သည့်အခါ အနည်းငယ် လန့်သွားသည်။

သို့သော် ချက်ချင်းပင် အသင့်ပြုလုပ်လာသည့် ကောက်ညှင်းပျားရည်ဆမ်းများကိုကျွေးပြီး အနီးကပ်ချဉ်းကပ်လာခဲ့သည်။

ကြာဖြူကန်အဘွားနှင့်ချင်ချင်တို့ စကားပြောနေချိန်တွင် သူသည် တဲအိမ်အနီးသို့ရောက်ရှိနေလေပြီ။ ထို့နောက် ကဲလားတံခါးပိတ်သွားသည်ကို တွေ့ရသည်။ တဲအတွင်း၌ ထူးခြားမှုတစ်စုံတစ်ခုရှိမည်ကို သိလိုက်သဖြင့် ငြိမ်၍ကြည့်နေမိသည်။

ထိုအချိန်၌ ချင်ချင်သည် အိပ်ရာထဲဝင်နေသည့်အချိန်ဖြစ်သည်။ ချင်ချင်သည် အချိန်အခါကိုအိပ်ရာထဲ၌ စောင့်နေပေပြီ။ ကြာဖြူကန်အဘွားသည် လန်းဆန်းတက်ကြွနေသည်။ အဘွားသည် ချင်ချင်အနီးသို့လျှောက်လာပြီး အကဲခတ်ကြည့်သည်။

အဘွားသည် ရန်သူအား ကျိန်းသေတိုက်ရမည့်ပုံမျိုး စောင့်နေသည်။ ယခု သူ့ကိုကြည့်လျှင် အိပ်မက်ထဲတွင် ယောင်ယမ်းထလျှောက်နေသူကဲ့သို့ မြင်ရ၏။ တကယ်တော့ အိပ်မက်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းထလျှောက်နေသူမဟုတ်ပေ။ ရန်သူအား ရင်ဆိုင်ဖြို ဖျက်နိုင်မည့် တကယ်တမ်းတက်ကြွ လန်းဆန်းနေသော အဘွားအို တစ်ယောက်သာဖြစ်ပေသည်။

သူမသည် အမှောင်ထဲသို့စိုက်ကြည့်နေသည်။ ထိုအမှောင် ထဲတွင် တစ်စုံတစ်ခုသောအရာရှိနေပြီကို သူမစိတ်က သိနေသည်။

တိရိစ္ဆာန်ဆိုလျှင် အသံတစ်ခုခုကြားရမည်။ ကျားပင်လျှင် ညင်သာသော တောတိုးသံကိုပြုပေမည်။ ယခု မည်သည့်**အသံမျှမ** ကြားရဘဲ တစ်စုံတစ်ခုရှိနေသယောင်ထင်နေခြင်းမှာ **အမှန်ပင်** လူတစ်ယောက်ရှိနေ၍ဖြစ်ရမည်။

ကြာဖြူကန်အဘွားကား အတွေ့အကြုံကြွယ်ဝသည့်အမျိုး သမီး**ကြီးတစ်ဦး** ဖြစ်ပေသတည်း။

(၁၂)

## ကယ်တင်ရန်လာသူ

ဟန်ချင်းသည် တဲအနီးသို့ချဉ်းကပ်ရန် **လမ်းကိုရွေး၏**။ အိမ် ဘေးမှချဉ်းကပ်မည်လော။ အိမ်နောက်ဘက်မှ **ချဉ်းကပ်မည်လော**။ အိမ်ရှေ့မှ ချဉ်းကပ်မည်လော။ အိမ်ရှေ့မှ ချဉ်းကပ်**ရန်လွယ်မည်မ** ဟုတ်ဟု သူယူဆသည်။ ထို့ကြောင့် အိမ်ဘေးမှချဉ်းကပ်**ရန် သူဆုံး**



ဖြတ်လိုက်သည်။

သူသည် ပါလာသောလက်နက်များကို စမ်းသပ်ကြည့်လိုက် သည်။ လေးနှင့်မြား လက်နက်တစ်မျိုး၊ ဆောင်ဓားလက်နက်တစ် မျိုးနှင့် အမဲလိုက်ဓားမြှောင်တစ်မျိုးတို့ ဖြစ်ကြ၏။ ထိုလက်နက်သုံး မျိုးသည် သူတစ်သက်လုံးအားကိုးလာသည့် အသက်ကယ်လက်နက် များ ဖြစ်ပေသည်။

ကောင်မလေးကို ဖမ်းဆီးထားသူသည် **တစ်ဦးတည်းသာ** ဖြစ်ကြောင်း သေးငယ်သောတဲအိမ်၏**အခြေအနေကိုကြည့်၍** တွက် ချက်လိုက်၏။ ဤမျှသေးငယ်သောတဲအိမ်တွင် သုံးဦးမနေနိုင် ကြောင်း သိ၏။ ဟန်ချင်းသည် လေးနှင့်မြားကို ကိုယ်နှင့်မကွာထား လေ့ရှိသော်လည်း ယခုအချိန်ကား လက်နက်ကိုရွေးရမည်ဖြစ်၍ လေး နှင့်မြားကို ကိုယ်မှဖြုတ်၍မြေပြင်တွင် အသာအယာမြှုပ်နှံလိုက်၏။

"ငါ ရန်သူကိုအလစ်ဝင်တိုက်ခိုက်ရမယ်၊ ဒီတော့ ဆောင်ဓား နဲ့ ဓားမြှောင်ကိုပဲ အသုံးပြုမယ်"

ဟန်ချင်းသည် ဓားမြှောင်နှင့်ဆောင်ဓားကို ကိုင်တွယ်ကြည့် လိုက်၏။ ထို့နောက် တဲအိမ်ဆီသို့ပြန်ချောင်းနေပြန်တော့သည်။

ဘားမှဆိုးဟန်ချင်းသည် သိုင်းပညာအားဖြင့် နိမ့်ကျသူမဟုတ်ချေ။

ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်က သူ၏သိုင်းပညာများကို သင်ကြားပေးခဲ့သဖြင့် ဟန်ချင်း၏သိုင်းပညာရပ်များသည် အ တော်ကျွမ်းကျင်ခဲ့သည့်လူတစ်ဦးဖြစ်နေခဲ့ပေသည်။ ထို့ပြင် အစဲ ဆတ်ဝံ့သောသတ္တိကိုပါ ထည့်ပေါင်းလိုက်သောအခါ ဟန်ချင်းကို တော်ရုံတန်ရုံသိုင်းသမားသည် အနိုင်မယူနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ထိန်ထိန်သာလမင်းကြီးကို တိမ်မည်းတစ်အုပ်ဖုံးလွှမ်းသွားလေ၏။ မကြာမီ ချက်ချင်းပင် တိမ်မည်းထဲမှထိုးထွက်လာကာ ချက်ချင်းပင် လင်းထိန်လာသည်။ ကျားမုဆိုးဟန်ချင်းသည် တဲအိမ်အနီးသို့ရောက်ရှိလေပြီ။ ကြာဖြူကန်အဘွားကို ဒါမျိုးလုပ်လို့ ဘယ်ရမလဲ။

"ဝိုး... ဝိုး"

"ဝှစ်... ဝှစ်"

အိမ်ဘေးမှကဲလားတံခါးပေါက်သည် ရုတ်ကရက်ပွင့်သွားပြီး တဝိုးဝိုးတဝှစ်ဝှစ်နှင့် လက်နက်ပုန်းများထွက်လာလေတော့၏။ ထိုအခါ ဟန်ချင်းသည် မြေပေါ်တွင် ပြားပြားဝပ်မှောက်နေရတော့သည်။ ကြာဖြူကန်အဘွားသည် အသံကြားရာသို့မှန်း၍ ပစ်ခြင်းဖြစ်၏။

ဟန်ချင်းမှာ မြေပြင်မှမထရဲချေ။ ထလျှင် ကြာဖြူကန်အဘွားက ထပ်ပစ်မည်မှာသေချာသည်။ ကျားမုဆိုးဟန်ချင်းခမျာ ယခုအခါမတော့ မုဆိုးမဟုတ်တော့ချေ။ သားကောင်ဖြစ်နေရလေပြီ။ သူကိုယ်တိုင် လက်နက်ပုန်းဖြင့် အပစ်ခံနေရပြီ မဟုတ်ပါလော။

ကြာဖြူကန်အဘွားသည် ရန်သူရောက်ရှိနေပြီကို သိ၏။ ထို့ကြောင့် မီးခြစ်ခြစ်ပြီး မီးတုတ်၌ညှိလိုက်ကာ ပြတင်းပေါက်အပြင်သို့ လွှဲပစ်လိုက်၏။

"ရှဲ"

"ဟုန်း"

မီးတောက်ကြီးသည် မြေပြင်၌ဝပ်နေသော ဟန်ချင်းအား



လက်ညှိုးထိုးညွှန်ပြသကဲ့သို့ ရှိနေ၏။ ထိုအခါ သူသည် မပုန်းသာတော့သဖြင့် ခုန်ထလိုက်၏။ ကြာဖြူကန်အဘွားလည်း ခုန်ထွက်လာ၏။

"မင်း ဘယ်သူလဲ"

"ခင်ဗျားသိဖို့ မလိုပါဘူး"

"ဟ... ဘာဖြစ်လို့ ငါသိဖို့မလိုရမှာလဲ၊ ငါ့ပိုင်နက်ထဲကိုခိုးကြောင်ခိုးဝှက် ဝင်လာတဲ့ကောင်ကို ငါသိဖို့လိုတာပေါ့၊ နောက်ပြီး လင်းယုန်တောင်ကြားဟာ ငါ့နေရာ ငါ့ဒေသလင်းယုန်တွေဟာ ငါ့မိတ်ဆွေတွေ"

"ဒါတွေကို ကျုပ်မသိဘူး"

"မင် ဘာကိစ္စနဲ့လာတာလဲ"

"ကျုပ်က မြို့စားသမီးကို ကယ်တင်ဖို့လာခဲ့တာပဲ"

"ဘယ်က မြို့စားသမီးလဲ"

"ခင်ဗျား ဘာမသိချင်ယောင်ဆောင်နေတာလဲ၊ ကောင်မလေးကို ခင်ဗျားဖမ်းထားတယ်ဆိုတာ ကျုပ်သိတယ်၊ ကောင်မလေးဘယ်မှာလဲ ဘယ်မှာဝှက်ထားသလဲပြော"

ကြာဖြူကန်အဘွားသည် ဆက်လက်လိမ်ညာ၍မရတော့မှန်း သိလိုက်သည်။

"ကောင်းပြီ... မင်းဒီလောက်သိချင်နေတယ်ဆိုရင် တမလွန်ဘဝကိုလိုက်သွားပေတော့၊ မင်းကို တမလွန်ဘဝရောက်အောင် ငါပို့ပေးလိုက်မယ်"

ကြာဖြူကန်အဘွားသည် သူ၏ဓားရှည်ကိုဆွဲထုတ်လိုက

www.burmeseclassic.com



သည်။

“ရွှမ်း”

ဟန်ချင်းလည်း သူ၏မားရှည်ကိုဆွဲထုတ်ရတော့သည်။

“ရွှမ်း”

သူတို့သည် ဓားနှစ်ချောင်းဖြင့် တိုက်ခိုက်ကြတော့သည်။

(၁၃)

ကြာဖြူကန်အဘွားၕ်ဓားသိုင်းပညာသည် ဟန်ချင်းထက် ပိုမိုအစွမ်းထက်သည်။ ဓားသည် ဟန်ချင်း၏ဦးခေါင်းနားမှလည်း ကောင်း၊ ရင်ဘတ်နားမှလည်းကောင်း မွှတ်ကာသိကာထွက်နေ၏။

ဟန်ချင်းသည် လွန်စွာထိတ်လန့်သွား၏။ သူသည် အဘွား အို၏ဓားချက်မျိုးကို တစ်ကြိမ်မျှ မတွေ့ရဖူးချေ။

သူသည် အဘွားအိုကိုအပြင်းအထန်ခုခံရန် မစဉ်းစားချေ။ အလိုက်သင့်သာ ရှောင်တိမ်းနေရသည်။ ဤသို့ရှောင်တိမ်းနေသည် မှာ မှန်ကန်၏။ မရှောင်တိမ်းလျှင် သူခေါင်းပြတ်မည်မှာ ကြာချေပြီ။

“ဝှီး... ဝှစ်... ဝှစ်”

“ရွှမ်း... ဝှစ်... ဝှစ်”

ထိုအခိုက် ပြင်းထန်စွာတိုက်ခိုက်နေသည့်ဓားနှစ်စင်းသည် ဓားချင်း ယှဉ်ခုတ်မိကြ၏။



“ထန်း”

“ခြွမ်း”

ဓားနှစ်စင်းထိကပ်သွားသောအခါ ဟန်ချင်းမှာ လက် မောင်းများပင် ထုံကျဉ်သွားသည်။ ထိုသို့တိုက်ခိုက်နေသည်ကို ချင် ချင်သည် အားလုံးကြားသိနေ၏။ သူမသည် အိပ်ရာထဲမှထလိုက် လေ၏။ သူမကိုလာရောက်ကယ်တင်သူကို သူမ သိရှိရန်မလိုတော့ ချေ။ သူမလွတ်မြောက်ရန် အခွင့်အရေးပေါ်လာပေပြီ။ ထိုအခွင့်အ ရေးကို သူမ အရယူတော့မည်။

သူမကို ယခင်က ကြာဖြူကန်အဘွားသည် တစ်ရံမပြတ် စောင့်ကြပ်ကြည့်ရှုနေခဲ့၏။ သူမ ဘယ်လိုမှပြေးခွင့်မသာခဲ့ချေ။ ယခု တော့ ရန်သူနှင့်တိုက်ခိုက်နေရချေပြီ။ သူမကိုစောင့်မကြည့်နိုင်ချေ။

သူမသည် တဲအိမ်နောက်ဖေးမှ အောက်သို့ဆင်းလိုက်၏။ လသာနေသော်လည်း သစ်ပင်ရိပ်များရှိနေရာ၌ မှောင်ကျနေသည်။ သူမသည် ထိုအမှောင်ထဲသို့ ပြေးဝင်လာတော့၏။ သူမသည် တိုက် ပွဲနှင့်ဝေးရာသို့သာ ထွက်ပြေးနေသည်။ ကြာဖြူကန်အဘွားကို လည်းကောင်း၊ သူမကိုကယ်တင်မည့်သူကိုလည်းကောင်း သူမ မ တွေ့လိုချေ။

သူမဘာသာလွတ်မြောက်မည့်လမ်းစကို ရှာဖွေလေတော့ သည်။ သူမသည် လမ်းမများကိုမမှတ်မိသော်လည်း တောင်ကြားမှ တောင်ပေါ်သို့ပြေးတက်သည်။ တောင်ကြားအတိုင်းပြေးထွက်လျှင် နောက်မှလိုက်သူများ အလွယ်တကူလိုက်နိုင်မည်ဟုမှတ်ယူပြီး တောင်ပေါ်သို့တက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တောင်ပေါ်သို့ပြေးတက်ပြီး ကျောက်ဂူသို့မဟုတ် လိုဏ်ဂူတစ်ခုခု၌ပုန်းခိုမည်ဟု စဉ်းစားထားသည်။ ပုန်းခိုရန်နေရာ တစ်နေရာတွေ့ရန် အရေးကြီးသည်။ သူမသည် မောပင်မောနေ သော်လည်း တောင်ပေါ်သို့ ပြေးဆဲတက်ဆဲ။

ဟန်ချင်းသည် ကြာဖြူကန်အဘွားအား အတင်းပူးကပ် လျက် တိုက်ခိုက်နေသည်။ သူသည် ကြာဖြူကန်အဘွားအားလှန်၍ တိုက်ခိုက်ရခြင်းဖြစ်၍ အတင်းအဓမ္မကြမ်းတမ်းစွာ တိုက်ခိုက်ရသည်။

"ဝုန်း… ဘုံး"

ဟန်ချင်းသည် ကြာဖြူကန်အဘွားအား နှစ်ချက်မျှ ကန် လိုက်နိုင်၏။ ကြာဖြူကန်အဘွားသည် လွင့်ထွက်သွားသည်။ သို့ သော် ချက်ချင်း ခုန်ထ၍လာနိုင်သည်။

တိုက်ပွဲသည် ရှည်ကြာလာသည်။ တစ်ဦးနှင့်တစ်ဦးအပြင်း အထန် တိုက်ခိုက်နေသော်လည်း အရှုံးအနိုင်မပေါ်နိုင်ဘဲ ဖြစ်နေသည်။

"ထန်း… ခြွမ်း"

သူတို့သည် ဓားချင်းပူးကပ်မိသွားပြန်၏။ သူတို့၏မျက်လုံး များ၌ မုန်းတီးမှုများက အလျှံထနေ၏။ သူတို့သည် သူတို့၌ရှိနေသ မျှ အတွင်းအားများကိုထုတ်လိုက်ကြသည်။

"ခြွမ်း… ချလန်း… ချလန်း"

ဓားနှစ်စင်းသည် အံ့ဩဖွယ်ရာ အပိုင်းပိုင်းကျိုးကျသွား သည်။ နှစ်ဦးစလုံး ဓားကျိုးများကိုင်ပြီး ရပ်နေမိကြ၏။ နှစ်ဦးစလုံး အံ့ဩသွား၍ဖြစ်သည်။

ဟန်ချင်း၏အတွင်းအားသည် မထင်မှတ်ဘဲ ကြာဖြူကန်



ဘွားဘွားနှင့် တူညီနေပါတကား။ ပြန်လည်သတိဝင်လာသူမှာ ကြာ ဖြူကန်ဘွားဘွားဖြစ်သည်။ သူမသည် လက်ဝါးတစ်ချက်ရိုက်ထုတ် လိုက်ရာ ဟန်ချင်းမှာ လွင့်ထွက်သွားလေ၏။ သို့သော် သူသည် ကောင်းစွာ ပြန်ထနိုင်သည်။

ကြာဖြူကန်ဘွားဘွားသည် ဟန်ချင်းထံပြေးလာပြန်၏။ ထိုအခါ ဟန်ချင်းသည် ကောက်ကျစ်စဉ်းလဲမှုကိုအသုံးပြုတော့သည်။ သူပြုမှုပုံမှာ သဲများကိုကောက်ယူပြီး အဘွားအို၏မျက်နှာကို ပက် လိုက်ခြင်းဖြစ်ပေတည်း။

"အို"

ကြာဖြူကန်အဘွားမှာ လေထဲ၌ကိုးရိုးကားရားကြီးဖြစ် သွား၏။ ထိုအချိန်၌ ဟန်ချင်းသည် ကြာဖြူကန်ဘွားဘွား၏ရင်ဘတ် သို့ သူ၏ဓားကျိုးကြီးကိုပစ်သွင်းလိုက်တော့၏။

"ဒုတ်"

"အား"

ကြာဖြူကန်ဘွားဘွား၏ရင်ဝ၌ ဓားကျိုးကြီးစိုက်ပြီး မြေ ပြင်သို့ဝုန်းခနဲကျသွား၏။ မြေပြင်လည်း အရောက်အသက်လည်း ပျောက် ဖြစ်သွားသည်။ တိုက်ပွဲဆိုသည်မှာ ဤသို့ပင်တည်း။ အ ကောက်ဉာဏ်သာ သူက ဂေါက်ပန်းသာတတ်သည်။ ဟန်ချင်းက ကြာ ဖြူကန်ဘွားဘွား ထက်တစ်ပန်းသာသွားပေသည်။

ဟန်ချင်းသည် ကြာဖြူကန်ဘွားဘွားကိုကြည့်လိုက်၏။ သေပြီဆိုသည်ကိုသေချာသွားမှ သူသည် တဲအိမ်ဆီသို့သွားတော့ သည်။ တဲအိမ်ထဲ၌ သူသည် မီးထွန်းညှိလိုက်၏။ မီးရောင်ဖြင့် တဲ

www.burmeseclassic.com

www.burmeseclassic.com



အနှံ့ရှာဖွေသော်လည်း ချင်ချင်ကို လုံးဝမတွေ့ရချေ။ သူသည် သေး
ငယ်လှသောတဲအိမ်အတွင်း အကြိမ်ကြိမ်ရှာဖွေ၏။

မြေလျှိုးသွားပြီလော။ မိုးပျံ၍သွားပြီလော။

"တောက်... ဘယ်များထွက်ပြေးသွားပါလိမ့်ကွာ၊ ဒီကောင်
မလေး ဒီတောကိုလဲ မကျွမ်းဘဲနဲ့"

ကျားမုဆိုးဟန်ချင်းသည် ဦးနှောက်ခြောက်သွားလေ၏
သူသည် တဲဝန်းကျင်၌လိုက်လံရှာဖွေသည်။ ချင်ချင်အား ရှာမတွေ့
ချေ။ ထိုအချိန်၌ နံနက်လင်းခါနီးအချိန်ဖြစ်လေသည်။ လင်းယုန် ငှက်
တို့လည်း အိပ်တန်းထလာကြချေပြီ။

"ဂီး... ဂီး... ဂီး"

ဟန်ချင်းသည် လင်းယုန်ငှက်များကိုသတ်ဖြတ်သူမဟုတ်
သော်လည်း လင်းယုန်ငှက်များက ထိုအချက်ကို အသိအမှတ်ပြု
မည်မဟုတ်ချေ။ တိရစ္ဆာန်သက်သက်မျှသာဖြစ်ရာ ဟန်ချင်းအား
တိုက်ခိုက်မည်သာဖြစ်၏။

ထို့ကြောင့်ဟန်ချင်းသည် သစ်ပင်များအောက်သို့ဝင်ရောက်
ပြီး ချင်ချင်ကိုရှာဖွေရ၏။ အမြင့်မှကြည့်လျှင် ထွက်ပြေးသူကိုပိုမြင်
နိုင်သဖြင့် သူသည် တောင်ပေါ်သို့ပို၍တက်ခဲ့၏။

အရုဏ်တက်အလင်းရောင်ဖြင့် ချင်ချင်သည် ကြောက်အား
လန့်အားနှင့်ပြေးရင်း တောင်ကုန်းအောက်ချောက်ထဲသို့ ကျသွား
လေသည်တကား။ ချင်ချင်သည် တောင်ကုန်းအောက်၌ ခွေခွေက
လေးမေ့လဲနေသည်။

"ကြည့်ရတာ မမြင်မကန်းနဲ့ ညကြီးမင်းကြီးလျှောက်ပြေးလို့



ချော်ကျတာဖြစ်ရမယ်၊ ဒီတောင်ကြားဟာ လျှိုမြောင်ချောက်ကမ်းပါး
ပေါ်များတဲ့တောင်ကြားပါ၊ ဒါကို ဒီမိန်းကလေး သိပုံမရဘူး"

ဟန်ချင်းသည် တတွတ်တွတ်နှင့် တစ်ကိုယ်တည်းပြောနေ
သည်။ ထို့နောက် သူသည် ချင်ချင်ကိုသယ်ယူရန် တောင်ကုန်း
အောက်ခြေဆီသို့ ဆင်းသက်ရတော့သည်။

"အင်း... ဒီမိန်းကလေးကိုသယ်ပြီး ဂူဏ်းချုပ်ကြီးဖန်
ကောက်တင်ဆီပို့ဖို့တာဝန်ပဲ ရှိတော့တယ်၊ ဒါပေမယ့် ဒီထက်ပိုပြီး
အလင်းရောင်ရလာရင် လင်းယုန်ငှက်တွေ အုပ်လိုက်ပြုဆင်းလာနိုင်
တယ်၊ ဒီတော့ ငါ အမြန်ဆုံးလုပ်ရတော့မယ်"။

ဟန်ချင်းသည် ချင်ချင်ရှိရာ တောင်ကုန်းအောက်ခြေသို့တ
ရကြမ်း ဆင်းသက်လာတော့၏။

(၁၄)

## အအေးလွှမ်းခြုံသောခေသ

ရေခဲတောင်သို့ခရီးထွက်လာသူ လေးဦးရှိသည်။ ၎င်းတို့မှာ
ရွှေမားသခင်စီလင်ရှု၊ ရှောင်လင်ကိုယ်တော် ဟုန်ကျင်း၊ ခြေသလုံး
အိမ်တိုင်သိုင်းသမား ခွန်ချန်းနှင့်မိစ္ဆာဂိုဏ်းသားဝမ်ဖေးတို့ ဖြစ်ကြ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေခဲတောင်ခရီးမှာ ခက်ခဲကြမ်းတမ်းလှသည်။ ရာသီဥတု ဆိုးရွားလွန်းသည်။ သူတို့သည် တွေ့ရှိကြရသော ရွာကလေးများတွင် တည်းခိုပြီး ခရီးဆက်ကြရာ တစ်လကျော်မျှကြာမြင့်ခဲ့သည်။

ရာသီဥတုကောင်းလာသည့်အခိုက်တွင် ပါလာသောမြင်းများကို စီးကြသည်။ သူတို့သည် ဤခရီးကိုမစတင်မီ မွေးပွအင်္ကျီများကို စုဆောင်းဝယ်ယူခဲ့ရသည်။ အအေးဒဏ်ကို သားမွေးအင်္ကျီများသာ ခံနိုင်ပေ၏။ သူတို့ သည် သားမွေးအင်္ကျီကိုယ်စီ ဝတ်ဆင်ထားကြရ၏။ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက....

"မြင်းတွေနဲ့ဆက်သွားရင် ကျုပ်တို့တတွေ ရေခဲမြစ်အောက် ရောက်သွားနိုင်တယ်ဗျ"

ဤသို့စကားပြောလိုက်သောအခါ အေးလွန်းသဖြင့် ဟုန်ကျင်း၏ပါးစပ်မှ အငွေ့တထောင်းထောင်းထလေ၏။ သူတို့ထဲတွင် ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ချန်းမှာ အတော်ဟန်ကျနေသည်။

လူလေးဦးစလုံးတွင် သူတစ်ယောက်သာ အရက်ပါသည်မဟုတ်ပါလော။ အရက်ကိုဒုက္ခခံ၍ သယ်ယူလာသူဖြစ်၍ ဒုက္ခခံ၍မသယ်ကြသူများမှာ သူ့ထံမှတောင်း၍ မသောက်ဝံ့ကြတော့ချေ။

"ဒီအတိုင်းဆက်သွားသင့် မသွားသင့် မင်းတို့စဉ်းစားဖို့ကောင်းတယ်၊ အခုဟာက လမ်းပျောက်နေတာကွ။ လမ်းပျောက်ရင် ဆက်မသွားသင့်တော့ဘူး၊ ဘယ်လမ်း ဘယ်ကမ်းဆိုက်မယ်ဆိုတာ ဘယ်သူမှမသိနိုင်တော့ဘူးကွ"

ခွန်ချန်းက ပြောလိုက်ခြင်းဖြစ်သည်။ သူတို့သည် ဖွေးဖွေးလှုပ်နေသော ရေခဲလွင်ပြင်ကြီးကိုကြည့်နေကြ၏။ သက်ပြင်းများ



လည်း ချမိသည်။ လမ်းမသိဘဲ စမ်းတဝါးဝါးသွားနေကြရ၍ အားလုံးစိတ်ပျက်နေကြသည်။ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက....

"ဒီလိုအခြေအနေမျိုးတွေ့ရင် အမြင့်ဆုံးတောင်တန်းကိုမှတ်သားရတယ်လို့ လူကြီးသူမတွေ ပြောဖူးတယ်၊ မြေပုံအရဆိုရင် အဲဒီရှေ့မှာမြင်နေရတဲ့တောင်တန်းရဲ့အရှေ့မြောက်အရပ်ကို သွားရမှာပဲ"

စီလင်ရှူက....

"စိတ်ပျက်နေလို့မဖြစ်ဘူး၊ စိတ်ပျက်ရင် ဘယ်လိုမှအလုပ်ဖြစ်သွားမှာ မဟုတ်တော့ဘူး၊ အဲဒီတွေ့နေရတဲ့ တောင်ခြေကိုပဲသွားကြတာပေါ့"

သူတို့သည် ရေခဲလွင်ပြင်ကိုကျော်ဖြတ်ပြီး ထိုတောင်ခြေသို့ သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် သူတို့အားလုံး ခရီးဆက်ကြလေတော့၏။ သူတို့သည် ငိုက်စိုက်ငိုက်စိုက်ဖြင့် ခရီးဆက်ကြသည်။ မြင်းများကို လက်မှဆွဲကြရသည်။ မြင်းများသည်လည်း အအေးဒဏ်ကြောင့် ဆတ်ဆတ်တုန်နေသည်။

ခွန်ချန်းသည် မြင်းများ၏သဘာဝကိုသိသဖြင့် မကြာခဏပွတ်နွှေးအောင် ပြုလုပ်ပေးရသည်။ သူတို့အတော်အတန် ခရီးသွားမိသောအခါ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက တားမြစ်လိုက်သည်။

"အားလုံး ခဏနေကြဦး"

အားလုံး ရပ်တန့်သွားကြသည်။

"ဘာဖြစ်တာလဲ ကိုယ်တော်"

"ရှေ့မှာ အန္တရာယ်တွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအန္တရာယ်လဲ"

"အဆိပ်ငွေ့တွေလို့ထင်တာပဲ၊ သူဖြစ်နေပုံက ရေခဲတန်းကြီး
လို မြွှင်နေရတယ်၊ တွေ့ကြတယ်မဟုတ်လား"

"တွေ့တယ်"

မှန်သည်။ ရေခဲတန်းကြီးလိုနေရာတစ်ခုသည် သူတို့အား
တားဆီးထားလေ၏။

"ရှောင်လင်ကျောင်းက ကျုပ်ကိုသင်ပေးခဲ့ဟယ်၊ အဲဒါမျိုး
ဟာ အဆိပ်ငွေ့တံတိုင်းပဲ"

"ဘယ်လိုလုပ်ကြမလဲ"

"လုပ်ရမှာကတော့ အားလုံးဝပ်နေကြဖို့ပဲ၊ ကျုပ်က အဲဒီရေ
ခဲတန်းကိုလက်နက်တစ်ခုခုနဲ့ ပစ်ရမှာပဲ၊ တစ်ခုတော့ ကျုပ်တို့ဘက်
ကသာပါတယ်၊ ကျုပ်တို့က လေတင်က ရှိနေတာပဲ"

"လေတင်ကရှိတော့ ဘာဖြစ်မှာလဲ"

"ခင်ဗျားတို့ကြည့်ကြပါ၊ ကဲ... အားလုံးဝပ်ကြ"

အားလုံးဝပ်လိုက်သည်။ ဟုန်ကျင်းသည် သက်န်းဝတ်ရုံအ
တွင်းမှပစ္စည်းတစ်ခုကိုထုတ်ယူပြီး ပစ်ထည့်လိုက်၏။

"ဝုန်း"

လက်နက်ပုန်းသည် ရေခဲတန်းကိုထိပြီး ထပေါက်ကွဲသွား
သည်။ ထိုအခါ အရောင်နှင့်အငွေ့များထွက်လာသည်။ အငွေ့များ
သည် ဟုန်ကျင်းတို့ရှိရာသို့ မလာချေ။ ဝေးရာသို့သာ ထွက်သွားသည်။

ဟုန်ကျင်းက....

"ရေခဲတောင်ဒေသဟာ အေးလွန်းတဲ့အတွက် သီးခြားအ



ခောင့်တွေ မထားနိုင်ခဲ့ဘူး၊ အဲဒီအခါမှာ သူတို့ဟာ ဒီအဆိပ်အိတ်တွေ
ကို ထားတာပဲ၊ အဆိပ်ငွေ့အိတ်တွေဟာ ထိတာနဲ့ ပေါက်တာပဲ၊
ဂါးဂိုဏ်းရဲ့ရန်သူတွေမဝင်နိုင်အောင် လုပ်ထားတာပဲ"

ရှောင်လင်ကျောင်းတော်သည် ဟုန်ကျင်းအား ပညာကုန်
သင်ပေးထားဟန်ရှိ၏။ ထို့ကြောင့်လည်း သူတစ်ယောက်ည်းကို ယုံ
ကြည်စားစား လွှတ်ပေးလိုက်ဟန်တူသည်။ သူသည် ကျောက်စိမ်းနဂါး
ဂိုဏ်း၏ ထောင်ချောက်ကိုလည်း သိထားလေ၏။

ကျောက်စိမ်းနဂါးဂိုဏ်းဌာနချုပ်သည် ရေခဲတောင်အ
နောက်မြောက်ဘက်ရှုးရှုး မိုင်အတော်များများ၌ စခန်းချနေထိုင်
သည့် နေရာဖြစ်သည်။ ထိုနေရာ၌ ကျောက်ဂူကြီးများရှိသည်။ ထို
ကျောက်ဂူကြီးများသည် အအေးဒဏ်ကိုအကာအကွယ် ပေးနိုင်
သည်။

ဖန်ကောက်တင်သည် အလွန်ပါးနပ်သည့်အတွက် ယုံကြည်
စိတ်ချရဆုံးတပည့်များမှလွဲ၍ အခြားဂိုဏ်းသားတို့အား ဌာနချုပ်
သို့ခေါ်လာလေ့မရှိပေ။ ထို့ကြောင့် ဌာနချုပ်ကို လူသိနည်းရခြင်း
ဖြစ်သည်။

ချင်ချင်ကို လင်းယုန်တောင်ကြားမှ ဟန်ချင်းသည် ကယ်
ဆောင်သွားနိုင်သည်။ ချင်ချင်သည် တောင်ပေါ်မှကျသည့်ဒဏ်ဖြင့် အ
သိစိတ်မေ့နေသည်။ ဖန်ကောက်တင်က လုံးဝသဘောကျသည်။

"ဒီကောင်မလေး အတိတ်ကို ပြန်သတိရစရာမလိုဘူး"

"ဖြစ်ပါ့မလား ဆရာကြီး၊ ကျွန်တော်တို့စီစဉ်ထားတဲ့လက်
ထပ်ပွဲကိစ္စကို ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ကောက်တင်က ဒေါသတကြီးကြိမ်းမောင်းလိုက်သ

"တော်စမ်း... မင်းရဲ့ကိစ္စကိုရှေ့တန်းတင်ခဲ့မိလို့ ငါတို့ တွေအားလုံး ဒုက္ခနဲ့ကြုံရတယ်ဆိုတာ မြင်တယ်မဟုတ်လား။ အ ကိစ္စကို အားလုံးဖျက်သိမ်းလိုက်ပြီ"

ချင်ဖုန်သည် လက်မဲ့ဖြစ်ရပြီ။ ချင်ချင်လည်း အတိတ် ဆရာဖြစ်သူကလည်း လက်ထပ်ပွဲကိုဖျက်။ အားလုံးသည် ချင်ဖု တွက် ဆုံးရှုံးစရာပင်ဖြစ်နေသည်။ ဖန်ကောက်တင်က....

"သူတို့သားအဖနှစ်ယောက်ဟာ ဘဝခြားနေကြပြီကွ၊ မြို့ **စားသမီးချင်ချင်** ဘဝမေ့နေပြီဆိုတော့ သူ့အဖေကိုလဲ မသိ ဘူး၊ **ကောင်မလေး**ကို ကျောက်စိမ်းနဂါးဂိုဏ်းဝင်အဖြစ် သတ် မြှောက်**စားမယ်**။

"**မြို့စားကို**လဲ စည်းရုံးထားမယ်၊ မြို့စားသမီးကို မင်းနဲ့ စားလိုက်တာနဲ့ **သွေးသား**ပြောင်းပြီး အတိတ်ကိုပြန်သတိရချင် တယ်လို့ သမား**တော်ကြီးက**ပြောတယ်၊ ဒါကြောင့် မင်းဟာ ချင် ကိုလက်ဖျားနဲ့တောင် **မတို့ရဘူး**"

ဤကား ကျောက်စိမ်းနဂါးဂိုဏ်းချုပ်ကြီး၏ အမိန့် တည်း။ ထို့နောက် ဖန်ကောက်တင်သည် မြို့စားဝမ်ပင်းနှင့်သ ဖြစ်သူချင်ချင်တို့ကို ရေခဲတောင်သို့ပြောင်းရွှေ့ထားခဲ့တော့သည်

ရေခဲတောင်ဌာနချုပ်၌နေနေရသဖြင့် မြို့စားနှင့်သမီး သူ တို့မှာ သူတို့နှင့်ဆက်သွယ်သူများနှင့် အဆက်ပြတ်သွားမည် ဖန်ကောက်တင်ယူဆထားသည်။ အမှန်တော့ ဖန်ကောက်တင်မှ ခြင်းသာဖြစ်၏။



ယခုပင်လျှင် သိုင်းသမားလေးယောက်ချီတက်လာ နေပြီ ဆုတ်ပါလား။ သူတို့သည် အတွေ့အကြုံများသောသိုင်းသ များဖြစ်၍ ရေခဲတောင်ဌာနချုပ်သို့ မုချရောက်လာမည့်သူများ ပါလေသည်။

(၁၅)

## ဂိုဏ်းချုပ်ကြီး၏အကြံအစည်

ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်သည် ချင်ချင်၏ဘဝတစ်ခုကို ည်ဖုံးကားချထားပြီး ဘဝသစ်တစ်ခုကိုဖွင့်လှစ်ပေးလေသည်။

ဖန်ကောက်တင်က....

"ဟော... လာပြီထင်တယ်"

ဖန်ကောက်တင်၏စကားအဆုံးတွင် ချင်ချင်သည် အထိန်း တ်နှစ်ယောက်ခြံရံလျက် ဂူအတွင်းသို့ဝင်လာခဲ့၏။

ဖန်ကောက်တင်က ပြုံးလိုက်ပြီး....

"ကျောက်စိမ်းသခင်မ... ကြွပါ၊ ဟဲ... ဟဲ"

သူမ၏အကြည့်များသည် မှုမမှန်ချေ။ အတိတ်မေ့နေသူ ကြောင်း အလွန်သိသာသည်။

"ကျောက်စိမ်းနဂါးဂိုဏ်းကြီးတည်တံ့ခိုင်မြဲရေးအတွက် သ

www.burmeseclassic.com

www.burmeseclassic.com



ခင်မလေးရဲ့အထောက်အပံ့တွေ အများကြီးလိုအပ်ပါတယ်၊ ဒီ ကြောင့် ကျုပ်တို့ဟာ သခင်မလေးရဲ့ကျန်းမာရေးကို ဂရုစိုက်နေတာ ပါ"

ဖန်ကောက်တင်က ပြောလိုက်သောအခါ ချင်ချင်က ဖန် ကောက်တင်ကိုကြည့်သည်။

**"နေပါဦး ဂိုဏ်းချုပ်ကြီးရဲ့၊ ကျွန်မက ကျောက်စိမ်းနဂါး ဂိုဏ်းနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ"**

"ဟော... သခင်မလေး **မေ့သွားပြီပဲ၊ ပတ်သက်တာပေါ့** အများကြီးပတ်သက်တာပေါ့၊ ဒီကျောက်စိမ်း**နဂါးဂိုဏ်းဟာ** သခင်မ လေးရဲ့ဘိုးဘွားဘီဘင်တွေတည်ထောင်ခဲ့တဲ့ဂိုဏ်းပါ။ **ဒီဂိုဏ်းကို** သ ခင်မလေး အမွေဆက်ခံရမယ်လေ၊ မြို့စားကိုလဲ ကျုပ်တို့ဘာကြောင့် ဖမ်းဆီးထားရသလဲဆိုတော့ မြို့စားကောက်ထားတဲ့အခွန်ဘဏ္ဍာ တွေကိုလိုချင်လို့ပဲ၊ မြို့စားကို သခင်မရေလးတွေ့တဲ့အခါဘ ဒီကိစ္စ ဆွေးနွေးရမယ်"

ဖန်ကောက်တင်သည် သားအဖကိုရန်တိုက်ပေးနေခြင်းသာ ဖြစ်သည်။ ချင်ချင်ခမျာ အတိတ်ကိုလုံးဝသတိမရချေ။ သူမအား ဖန် ကောက်တင်က ဆက်ပြောသည်။

"နောက်ကိစ္စတစ်ခုက မြို့စားရဲ့အရိက်အရာကို သခင်မ လေးဆက်ခံဖို့ပဲ၊ အဲဒါ အရေးအကြီးဆုံးအချက်ပဲ"

ချင်ချင်က....

"သူနဲ့ကျွန်မက ဘာဆိုင်လို့ မြို့စားဝမ်ပင်းရဲ့အရိက်အရာ ကို ခံစေရမှာလဲ"



ဖန်ကောက်တင်မှာ ရုတ်တရက် စကားမပြောနိုင်တော့ချေ။ သူသည် ဉာဏ်နီဉာဏ်နက်ထုတ်ရတော့၏။

"ဒီလိုလေ သခင်မလေးရဲ့၊ မြို့စားရဲ့သေဆုံးသွားတဲ့သမီး ကလေးက သခင်မလေးနဲ့အတော်ကိုတူတာ၊ ရုပ်ရည်ချင်းဟန်ပန် ချင်း တော်တော့ကိုတူတာ၊ အဲဒီမြို့စားဟာ သမီးလေးသေဆုံးက တည်းက သမီးကလေးစိတ်နဲ့စိတ္တဇဖြစ်နေတာ၊ အခုအချိန်မှာ သ ခင်မလေးကသာ အဆင်ပြေအောင် ဆက်ဆံနိုင်ရင် အားလုံးအဆင် ပြေသွားမှာပါ"

ဖန်ကောက်တင်သည် အကောင်းဆုံးလံကြုပ်ဇာတ်လမ်းကို ခင်းလိုက်နိုင်၏။ ချင်ချင်မှာ အတိတ်မေ့နေသူဖြစ်၍ **သူမ၏ခေါင်း** ထဲ၌အဖြူစကြီး ဖြစ်**နေသည်။** တစ်ဖက်လူပြောသမျှ **အမှန်ဟုချည်း** ယူဆရမလို ဖြစ်**နေသည်။** ချင်ချင်မှာ ဖန်ကောက်တင်လမ်းကြောင်း ပေးသလို **သူ့ ကိုယ်သူ** ကျောက်စိမ်းနဂါးသခင်မလေးဟု ထင်သွား သည်။ ထို့ **ကြောင့်....**

**"ကောင်းပြီလေ...** ဒါဆိုမြို့စားကိုတွေ့ပြီး မြန်မြန်ကလေး ဘာရင်းရှင်းလိုက်ရုံပေါ့"

**ဖန်**ကောက်တင်၏မျက်နှာမှာ ချက်ချင်းဝင်းပကြည်လင် သွား၏။ သူအကွက်ဆင်သည့်အထဲသို့ ချင်ချင်ဝင်လာပြီမဟုတ်ပါ လား။ မကြာမီ ကျောက်စိမ်းနဂါးဂိုဏ်း၏ဩဇာအာဏာသည် အပြည့်ဖြစ်လာတော့သည်။ ချင်ချင်သည် အထိန်းတော်နှစ်ယောက် နှင့်အတူ ကျောက်ဂူအတွင်းခန်းသို့ ပြန်ဝင်သွားလေ၏။

ဖန်ကောက်တင်က အမိန့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားဝမ်ပင်းကို သေသေချာချာဂရုစိုက်ကြ၊ ရိုက်နှက်ထားတဲ့ဒဏ်ရာတွေအားလုံး ကောင်မလေးမမြင်ရအောင် လုပ်ထားကြ"

အစောင့်များက ခေါင်းညိတ်ကြရ၏။

(၁၆)

အရက်တက်စနံနက်ခင်း....။

နှင်းများက တဖွဲဖွဲကျနေသည်။ မည်မျှနှင်းကျသနည်းဆိုသော် နှင်းများ တောင်ပုံရာပုံဖြစ်သည့်အထိပင်။ ယခင်နေ့ရက်များကထက် နှင်းများပိုကျသည်။

ကျောက်ဂူဝမှ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် ဂူပြင်သို့ကြည့်ပြီး သက်ပြင်းချနေသည်။ သူတို့သည် နှင်းများပေါ်၌ တိုက်ခိုက်လေ့ကျင့်လာဖူးသော်လည်း အမြဲတမ်းမဟုတ်သဖြင့် ချွတ်ချော်မှားယွင်းသွားမည်ကို စိုးရိမ်သည်။ သူတို့ထဲမှ တစ်ယောက်မျှ အဖိတ်အစဉ်မခံနိုင်ချေ။ ဟုန်ကျင်းက....

"ကျုပ်တို့အားလုံး အဝတ်အစားပြောင်းလဲဝတ်ဆင်ရမယ်။ အခုဝတ်ထားတဲ့အရောင်တွေအစား အဖြူရောင်ကိုဝတ်ဆင်ကြရမယ်"

"ဘာဖြစ်လို့လဲ"



ဝမ်ဖေးက မေးလိုက်၏။ ဟုန်ကျင်းက ရှင်းပြသည်။

"ဘာဖြစ်လို့လဲဆိုတော့ နှင်းကြောင့်ပေါ့... နှင်းကြောင့် နှင်းတွေက အဖြူတွေလေ၊ အဖြူပေါ် အဖြူတင်မှ ဘာမှမထင်မှာပေါ့၊ အဖြူပေါ် အရောင်တင်ရင် အားလုံးငါးပါးမှောက်ကုန်မယ်၊ ကျုပ်တို့ရန်သူပိုင်နက်အတွင်း ရောက်နေပြီဆိုတာကို သတိရှိကြရမယ်"

အားလုံးသည် အပြင်ထွက်ရမည်ကိုကြောက်နေကြ၏။ အပြင်၌ အလွန်အေးလှသည်။ ကျောက်ဂူအတွင်း၌ အပူငွေ့ရှိသည်၊ နေသာထိုင်သာရှိသည်။

ဝမ်ဖေးမှာ အပူပိုင်းဒေသသားဖြစ်၍ အခြားသူများထက် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ ထို့ပြင် သူတို့သည် ကျောက်ဂူထဲ၌ မီးဖိုထားသဖြင့် မီးဖိုမှာလည်း အပူဓာတ်ရနေသည်။

ခွန်ချန်း၏အရက်မှာလည်း အနည်းငယ်သာကျန်တော့သည်။ ထို့ကြောင့် သူစိတ်မကောင်းဖြစ်နေသည်။ ရေခဲတောင်၌ အောက်ထပ်အရက်ထပ်ရစရာနေရာ လုံးဝမမြင်တော့ချေ။

သူတို့အားလုံးတွင် နေသားထိုင်သား အကျဆုံးလူမှာ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသာ ဖြစ်သည်။ သူသည် ရှောင်လင်ကျောင်းတော်၌ အအေးအတွင်းအားသိုင်းကို လေ့ကျင့်ခဲ့ရသည်မဟုတ်ပါလား။

"မြေပုံမှာ ကင်းစခန်းတွေအတိအကျပါတယ် မဟုတ်လား"

စီလင်ရှုက မေးလိုက်၏။

"ပါဟယ်လေ... ဒါပေမယ့် ဆီးနှင်းတွေက ပြင်းပြင်းထန်ထန်ကျနေတော့ မြေပုံထဲက ပြသထားတဲ့အနေအထားတွေ ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲသွားတာပေါ့"

"ဒီလိုဆိုရင် ကင်းစခန်းတွေကို မသိနိုင်တော့ဘူးပေါ့"

"ဒီလိုလဲ မဟုတ်ပါဘူး၊ သူတို့ကင်းစခန်းလုပ်ထားတဲ့နေရာတွေဟာ ကျောက်ဂူတွေတဲ့၊ ကျောက်ဂူတွေပေါ်မှာ နှင်းတွေဖုံးအုပ်သွားလို့ အနေအထားတော့ ပြောင်းသွားမှာပဲ၊ ဒါပေမယ့် ကင်းစခန်းဆိုတာတော့ တစ်စွန်းတစ်စပေါ်နေမှာပဲ"

"ဒါဆိုရင်တော့ ကိစ္စမရှိပါဘူး"

"ကျုပ်ပြောချင်တာကတော့ ရန်သူနဲ့တွေ့ရင် စိတ်ထင်တိုင်း မကြမ်းရမ်းမိဖို့ဘဲ၊ မေတ္တာထားပြီး ဆက်ဆံပါ၊ သူတို့တုံ့ပြန်မှုတွေ ဘယ်လိုဖြစ်ဖြစ် ကျုပ်တို့ဘက်က ပျော့ပျောင်းနေဖို့လိုတယ်"

"အဲဒါ စဉ်းစရာပဲ၊ ကျုပ်တို့က လေးယောက်တည်း၊ နောက်ပြီး ကျုပ်တို့က သူတို့ကိုမေတ္တာထားရမယ်ဆိုတာကတော့ တော်တော်စဉ်းစားရတဲ့အချက်ပဲ၊ ကိုယ်တော်ပဲစဉ်းစားကြည့်... အားလုံးက အကြိတ်အနယ်ဖြစ်လာရင်...."

ခွန်ချန်းက ပြောလိုက်၏။ ဟုန်ကျင်းက....

"ဒီတစ်ခါကျတော့လဲ အခြေအနေအရပေါ့"

စီလင်ရှုက....

"ဒါပေါ့... ကျုပ်တို့ဟာ ဘာကိုဖြစ်ဖြစ် လေ့နံ့ခါးထစ်လုပ်လို့ မရဘူး၊ ကျုပ်တို့လာတာကိုက လေးယောက်တည်းမဟုတ်လား၊ ဒီတော့ အားလုံးကိုအခြေအရကြည့်လုပ်ကြရမှာပေါ့"

ခွန်ချန်းက....

"မြို့စားကြီးကို ကယ်ဖို့ကော"



"ကယ်တာပေါ့... မြို့စားကြီးကိုကယ်ထုတ်ပြီးမှ တခြားကိစ္စတွေကို စဉ်းစားကြမယ်"

စီလင်ရှုက ပြောလိုက်၏။ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက အဝါရောင်ဆေးမှုန့်များကိုထုတ်၍ တစ်ယောက်စီ အနည်းငယ်စီ ပေး၏။

"အဲဒါကိုစားလိုက်ကြပါ၊ အအေးဒဏ်ခံနိုင်တဲ့ဆေးပါ"

အားလုံးပင် ဝမ်းသာအားရစားကြလေ၏။ ဝမ်ဖေးက....

"ကိုယ်တော်ရယ်... ဒီဆေးပါဘာ စောစောကတည်းက တပည့်တော်တို့ကို ကျွေးသင့်ပါတယ်၊ အခု အအေးဒဏ်ခံရတာ သေမလောက်ဖြစ်ခဲ့ပြီးပြီဘုရား"

ဟုန်ကျင်းက ရှင်းပြ၏။

"ဒီဆေးက အရမ်းကျွေးလို့မရဘူး၊ ခင်ဗျားတို့ အခုသောက်ရအောင် အအေးခံပြီးကြပြီ၊ အဲဒီအချိန်ကျမှ ဒီဆေးကိုကျွေးရတယ်၊ ဒါကြောင့် အခုမှ ကျွေးရတာပါ"

"ဩော်... ဩော်"

သူတို့အားလုံးသည် ဝတ်စုံအဖြူများကိုဝတ်ဆင်ကြ၏။ သူတို့သည် ကျောက်စိမ်းနဂါးဂိုဏ်းသားများကို စစ်ဆင်ရေးလုပ်ကြရတော့မည် မဟုတ်ပါလား။ ကျောက်စိမ်းနဂါးစစ်ဆင်ရေး။ မှန်သည်။ သူတို့သည် ကျောက်စိမ်းနဂါးဂိုဏ်းကိုစစ်ဆင်ရေးပြုလုပ်တော့မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက မီးဖိုကိုကြည့်၍ပြောလိုက်၏။

"ကဲ... ဒကာကြီးတို့ ဟောဒီက မီးဖိုက မီးသတ်ကြဦး၊ မီးခိုးတွေက ဂူပေါက်က ထွက်နေတာပဲ၊ ကျုပ်တို့ထွက်ပြီး မီးကြွင်းမီးကျန်တွေကျန်နေရင်လဲ မကောင်းပါဘူး"

ဝမ်ဖေးနှင့် ခွန်ချွန်းတို့သည် မီးများကို ငြိမ်းသတ်လေသည်။

"ကဲ... ပြီးရင် အားလုံးဂူထဲကထွက်ကြမယ်"

ဟုန်ကျင်းက ပြောလိုက်၏။

လူအားလုံးဂူထဲမှ ထွက်ကြလေ၏။ အတန်ကြာ သူတို့လျှောက်မိသည်နှင့် မြင်းခွာသံများ ကြားလိုက်ကြရသည်။ သူတို့မြင်းများကိုစွန့်ခွာကြသည်မှာ ကြာချေပြီ။ မည်သည့်မြင်းခွာသံများပေနည်း။ ကျောက်စိမ်းနဂါးဂိုဏ်း၏မြင်းခွာသံများမှလွဲ၍ အခြားသူများအသံ မဖြစ်နိုင်ပေ။

"ခွပ်ခွပ်... ခွပ်ခွပ်"

"ခွပ်ခွပ်.... ခွပ်ခွပ်"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် မြင်းခွာသံများကို ရှေးဦးစွာကြားသူဖြစ်၏။



"မြင်းခွာသံကြားတယ်... အားလုံးဆီးနှင်းတွေပေါ်အိပ်ကြ၊ နောက်ပြီး ကိုယ်ပေါ်ကို ဆီးနှင်းတွေဖုံးထားကြ၊ သူတို့ကို ဒီလိုကိုယ်ယောင်ဖျောက်မှရမယ်"

သူတို့သည် အနီးရှိ ဆီးနှင်းပုံကြီးပေါ်တွင် အိပ်လိုက်ကြပြီး ဆီးနှင်းများကို ကိုယ်ပေါ်သို့ယက်တင်ကြ၏။ မကြာမီ လေးယောက်စလုံး လူလုံးပျောက်သွားကြ၏။

ဆီးနှင်းများ ဤမျှထူထပ်စွာကျနေသည့် တောင်ပတ်လမ်းကိုမြင်းများဖြင့် ဖြောင့်တန်းစွာ လာနိုင်သောကျောက်စိမ်းနဂါးဂိုဏ်းသားများကို အားလုံးကချီးကျူးကြသည်။ အစိမ်းရောင်ဝတ်ဆင်သူများသည် သစ်ပင်အုပ်ကြီးရွေ့လျားလာသလို တဖြည်းဖြည်းနီးကပ်လာသည်။ အင်အားက ခုနစ်ယောက်ဖြစ်သည်။

သူတို့သည် မလိုအပ်ဘဲတိုက်ခိုက်ပါက အကျိုးယုတ်ဖို့များနေသဖြင့် အားလုံး ငြိမ်နေကြရသည်။ မြင်းစီးသမားများသည် စီလင်ရှူတို့နှင့် ၎င်းတို့နေထိုင်ခဲ့သည့်ဂူအကြား ရပ်လိုက်၏။

မြင်းစီးသမားတို့၏ခေါင်းဆောင်သည် ကောင်းကင်သို့မော့ကြည့်လိုက်၏။ နှင်းများကျနေချိန်ဖြစ်၍ မီးခိုးများဆိုင်းနေသည်ကို ထင်ရှားစွာ တွေ့မြင်နေရသည်။ ခေါင်းဆောင်က အမိန့်ပေးလိုက်၏။

"ချင်ချိန်နဲ့နှစ်ယောက် ဂူထဲကိုသွားရှာကြစမ်း၊ ဂူထဲမှာရှိလိမ့်မယ်"

ဂူထဲသို့ဝင်လိုက်၏။ ရှာဖွေကြသည်။ ဝမ်ဖေးနှင့် ခွန်ချွန်းသည် မီးပုံအား ပိပိရိရိအစဖျောက်ခဲ့သဖြင့် မီးပုံကိုလည်းမတွေ့ချေ။

ပြာ၊ မီးသွေးစသည့်တစ်စွန်းတစ်စကိုမျှ မတွေ့ချေ။ ချင်း

www.burmeseclassic.com

www.burmeseclassic.com



ချိန်နှင့်အဖွဲ့သည် ပြန်ထွက်လာပြီး ခေါင်းဆောင်ကိုအစီရင်ခံ၏။

"ဘယ်သူမှမတွေ့ပါဘူး ဆရာ"

"ဘာဖြစ်လို့မတွေ့ရမှာလဲ၊ မီးဖိုထားတဲ့အကြွင်းအကျန်တွေတော့ တွေ့ရမှာပေါ့"

"**ဘာမှ** မတွေ့ပါဘူးဆရာ"

ခေါင်းဆောင်သည် စဉ်းစားတွေးတောတတ်သူဖြစ်၏။ မီးခိုးများသည် အဘယ်ကြောင့် ဤအထက်ကောင်းကင်၌ ရောက်နေရသနည်း။ ရန်သူများသည် သဲလွန်စများကို ဖျောက်ဖျက်ရာ၌အလွန်တော်သူများ ဖြစ်မည်ဟု သူသိလိုက်သည်။

"ရန်သူတွေဟာ ဒီဂူထဲမှာခိုလှုံခဲ့တာတော့ သေချာတယ်၊ အခုကိစ္စကို ဂိုဏ်းချုပ်ကြီးသိသွားရင် အားလုံးဖားစာဖြစ်ကုန်တော့မှာပဲ၊ ကဲ... ကဲ အနီးအနားတစ်ဝိုက်မှာရှာကြ၊ သတိဝီရိယထားပြီးရှာကြ၊ ရန်သူမတွေ့ရင်လဲ သဲလွန်စတော့ တွေ့ရမယ်၊ အနီးဆုံးကင်းကိုရန်သူရောက်နေကြောင်းလဲ သတင်းပို့ရမယ်"

"**ဟုတ်ကဲ့** ဆရာ"

**ကျောက်စိမ်းနဂါးဂိုဏ်းသားများ** ပြောဆိုနေသည့်**စကားကို** အားလုံးက အတိုင်းသားကြားနေကြရသည်။ ယခု **ရန်သူများက**လည်း သူတို့ကိုပိုက်စိပ်တိုက်ရှာကြတော့မည်။ **အနီးဆုံးကင်းကိုသာ** ဤသူများက သတင်းပို့ထားလျှင် **သူ** တို့လွှပ်ရှား**ရသည်မှာလွယ်**တော့မည် မဟုတ်ချေ။

ထို့ကြောင့် ဤရန်သူခုနစ်ယောက်**အား** **အပြတ်**ရှင်းမှဖြစ်မည်ဟု အားလုံးကရိပ်မိကြသည်။ ထိုစဉ် အခြေအနေက ခွန်ချန်းမထွက်လျှင်မဖြစ်သည့်အခြေအနေသို့ ဖန်တီးလာလေ၏။



**ခွန်ချန်း၏ အရက်ဘူးသည်** ဆီးနှင်းထဲ၌ မြုပ်တစ်ဝက်ပေါ်တစ်ဝက်ဖြစ်နေသည်။ မြင်းသမားများမလာမီက ပုန်းကွယ်လိုက်စဉ် အရက်ဘူး ပြုတ်ကျကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ထိုဘူးကို ကျောက်စိမ်းနဂါးဂိုဏ်း သားတစ်ဦးက ကောက်ယူလိုက်၏။

သူနမ်းကြည့်လိုက်သောအခါ အရက်ဘူးဖြစ်နေကြောင်းတွေ့ရသည်။ ဟန်ကျလေပြီ။ အရက်ချိုးသည် အရက်ဘူးကိုတွေ့လေပြီ။ ထိုဂိုဏ်းသားသည် အရက်ဘူးကိုကောက်မော့ရန် ဟန်ပြင်လိုက်၏။ သူ့အရက်ကိုတစ်စက်မျှ အဆုံးရှုံးမခံနိုင်သောခွန်ချန်းသည် နှင်းပုံအောက်မှ တိုးထွက်လာလေ၏။

(၁၈)

## လက်ဘျန်မရှိတိုက်ပွဲ

"နေ... နေပါဦးဗျာ၊ ခင်ဗျားလက်ထဲက အရက်ဘူးဟာကျုပ်... ကျုပ်ရဲ့ဘူးပါ"

ကျောက်စိမ်းနဂါးဂိုဏ်းသားသည် ခွန်ချန်းကိုမသင်္ကာသောမျက်လုံးဖြင့် ကြည့်သည်။

"မင်း... ဘယ်သူလဲ၊ ဘယ်ကလဲ... မှန်မှန်ဖြေစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ချိန်န "ဟို… ဟို… ရေခဲတောင်က နှင်းလူအမျိုးအနွယ်ပါ"

"ဘာ"

ကျောက်စိမ်းနဂါးအဖွဲ့သည် မသက်ာတော့ပေ။ သူသည် ရှေ့သို့တိုးလာ၏။ ခွန်ချန်းနှင့်နီးလာသည်။ ခွန်ချန်းသည် သူ့ဘူးကို ဆတ်ခနဲလုယူလိုက်ပြီး အရက်များကို တစ်စက်မကျန်သောက်ပစ် လိုက်တော့၏။ အရက်ဝင်သွားသောအခါ ချက်ချင်း အာသွက်လျှာ သွက်ဖြစ်လာသည်။

"ခင်ဗျားမေးတာကို ကျုပ်ဘာမှမှန်မှန်ဖြေစရာ အကြောင်း မရှိဘူး"

ကျောက်စိမ်းနဂါးဂိုဏ်းသားသည် ချက်ချင်း သဘောပေါက် သွား၏။ ဤသူသည် ရန်သူသာတည်း။ ဤသူကို တိုက်ခိုက်ရပေ တော့မည်။

"သြော်… ဒီလိုလား"

သူသည် မြင်းကုန်းနှီးပေါ်၌ ချိတ်ဆွဲထားသည့် ဓားကိုဆွဲယူ လိုက်၏။

"ရွမ်း"

"မင်း… မင်း ရန်သူပဲ၊ မင်း ငါတို့နယ်ထဲ ထိုးဖောက်လာတဲ့ ရန်သူမဟုတ်လား"

သူသည်ပြေး၍ ထိုးခုတ်လေတော့၏။ ခွန်ချန်းကလည်း ပြန် လှန်ခုခံလေ၏။ ကျန်မြင်းစီးသမား ခြောက်ယောက်တို့သည် မြင်းကို ဒုန်းစိုင်းစီးလာလေ၏။ ထိုအချိန်တွင် ခွန်ချန်းသည် ကျောက်စိမ်းနဂါး ဂိုဏ်းသားကို လက်ဝါးနှင့်ရိုက်ချလိုက်၏။



"ဝုန်း"

ထိုဂိုဏ်းသား လွင့်စဉ်သွားသည်။ ထိုဂိုဏ်းသားသည် ဝုန်းခနဲထပြီး သူ့လူများကို လှမ်းအော်လေ၏။

"ရန်သူဟေ့… ရန်သူ… ရန်သူ"

ရန်သူခြောက်ယောက်သည် ခွန်ချန်းအနီးသို့လျင်မြန်စွာ ရောက်ရှိလာတော့၏။ ထိုအခါ စီလင်ရှု၊ ဟုန်ကျင်းနှင့်ဝမ်ဖေးတို့ မနေသာတော့ချေ။ ဆီးနှင်းပုံကြီးအောက်မှ ရုန်းထွက်လိုက်ကြသည်။

"ဝုန်း"

သူတို့သည် ဆီးနှင်းပုံအောက်မှ ရုန်းထွက်မိလျှင်မိချင်း ဓား သုံးချောင်းနှင့် ပစ်လိုက်ကြ၏။ ရှေ့ဆုံးမှပြေးလာသူကျောက်စိမ်း ဂိုဏ်းသားသုံးဦးမှာ မျှော်လင့်မထားကြသဖြင့် ဓားများ ပြေးစိုက်ခြင်း ကိုခံလိုက်ရသည်။

"ဒုတ်… ဒုတ်… ဒုတ်"

ထိုသုံးဦးသည် မြင်းပေါ်မှဦးစိုက်ပြောင်းပြန်ကျသွားလေ ၏။ ကျန်သုံးဦးမှာ ဖရိုဖရဲဖြစ်သွားကြလေ၏။

ထို့နောက် စီလင်ရှုတို့လေးဦးနှင့် ကျောက်စိမ်းနဂါးဂိုဏ်း သားသုံးဦးတို့မှာ အပြင်းအထန်တိုက်ခိုက်ကြတော့သည်။

"ချကြ… တိုက်ကြ၊ အားလုံးအလွတ်မပေးနဲ့"

ပထမဆုံးခွန်ချန်း၏အရက်ဘူးကို ကောက်ယူခဲ့သော ကျောက်စိမ်းနဂါးဂိုဏ်းသားသည်လည်း ပြန်လှည့်ပြီး သူတို့ဂိုဏ်း သားများကိုအားဖြည့်ပြီး တိုက်ခိုက်သည်။

လေးယောက်ချင်းဖြစ်သော်လည်း သိုင်းပညာအဆာစီးရှိ

www.burmeseclassic.com

www.burmeseclassic.com



သော စီလင်ရှုတို့ကိုအထက်စီးမှ မတိုက်ခိုက်နိုင်ချေ။ ခေါင်းဆော ဖြစ်သူမှတစ်ပါး ကျန်သောဂိုဏ်းသားသုံးဦး ကျဆုံးသွားသည်။ ထို ခါ ခေါင်းဆောင်သည်ထွက်ပြေးရန် ပြေးပေါက်ရှာရတော့သည်။

ဟုန်ကျင်းသည် တစ်ယောက်မျှ အလွတ်မပေးသင့်သည် သိရှိသည်။ မြင်းတစ်စီးပေါ်ခုန်တက်ပြီး ထိုခေါင်းဆောင်နောက် လိုက်လေ၏။ မြင်းစီးကျွမ်းကျင်ကြသူများဖြစ်သည်နှင့်အညီ မြ ပေါ်မှ တိုက်ခိုက်ကြပုံမှာ လွန်စွာအသည်းယားစရာကောင်းလှသည်

ဟုန်ကျင်းသည် ထိုခေါင်းဆောင်ထက် သိုင်းပညာအရာ သဖြင့် ခေါင်းဆောင်မှာ ဘာရှည်မခံနိုင်ချေ။

"ရွပ်"

"အား"

ဟုန်ကျင်းသည် အမြန်ဆုံးဖွဲ့သိမ်းလိုက်ရ၏။ ကြာရှည် လျှင် စစ်ကူများ ရောက်လာနိုင်သည်မဟုတ်ပါလား။

လူအားလုံးသည် ပွဲဦးထွက်တိုက်ခိုက်ရသောတိုက်ပွဲကြော အနည်းငယ် ပင်ပန်းနွမ်းနယ်သွားကြသည်။ ဤတိုက်ပွဲသည် သူ အတွက် အလွန်အရေးကြီးသည့်တိုက်ပွဲဖြစ်သည် မဟုတ်ပါလော

ကျောက်စိမ်းနဂါးဂိုဏ်းသားတစ်ဦးဦးသာ လွတ်မြော သွားပါက သူတို့ကြံစည်လာသမျှ ဆဲထဲရေသွန်ဖြစ်သွားပေလိမ့်မည်

"အလောင်းတွေအားလုံးကို ရေခဲမြစ်ထဲပစ်ချပြီး အော ခြေရောက်တဲ့အထိ လုပ်ကြရမယ်၊ ရေခဲပြင်ပေါ်မှာ သွေးစက်တ စက်တောင် တင်ကျန်နေလို့မဖြစ်ဘူး၊ အားလုံးကိုမြေလှန်ပစ်ရမယ်"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက စေ့စပ်သေချာစွာ အမိ



ပေးသည်။ ကျန်သုံးယောက်ကလည်း အလောင်းများကိုစနစ်တကျ ဖျောက်ဖျက်သည်။

သွေးစက်မကျန်စေရန် ဂရုတစိုက်ဖျောက်ဖျက်သည်။ ထို့ နောက် မြင်းကိုယ်စီစီးပြီး ခရီးထွက်လာကြလေ၏။

(၁၉)

သခင်မလေး၏အချော်ခရီး

ချင်ချင်သည် ကျောက်ဂူထဲမှထွက်လာသည်။ သူမသည် သူမ စီးနင်းရမည့်မြင်းရထားကို ကြည့်လိုက်၏။ မြင်းရထားကြီးကား သားနားလှသည်။ မြင်းလေးကောင်ကသည့် ရထားကြီးတည်း။

ကျောက်ဂူပေါက်၌ အစိမ်းရောင်ဝတ်စုံဝတ်ထားသည့် လက် နက်ကိုင်အစောင့်များ တန်းစီရပ်နေကြသည်။ အစောင့်များသည် ထွက်လာသောသခင်မလေးအား အားလုံးဦးညွတ်ဂါရဝ ပြုလိုက် ကြသည်။ ထိုလုပ်ရပ်များသည် သူမအား အတိတ်ကိုလုံးဝပြန်သတိမ ရစေ၍ လှည့်ပတ်ဖျားယောင်းထားခြင်းပင် ဖြစ်တော့သည်။

ကျောက်စိမ်းသခင်မလေးဟု လူတိုင်းက ခေါ်ရုံမကဘဲ ထို ဘဝလေးကိုပင် သာယာမှုခံစားစေ၍ စိတ်အာရုံအမျိုးမျိုးဖြင့်လှည့် ပတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ချင်ချင်သည်လည်း အတိတ်ကို

www.burmeseclassic.com



လုံးဝသတိမရတော့ပေ။ ချင်ချင်က....

"ဒီမြင်းရထားက ဘာလုပ်နိုင်လဲ"

အစောင့်တစ်ယောက်က ရှင်းပြလေ၏။

"ဂိုဏ်းချုပ်ကြီးက ကျောက်စိမ်းသခင်မလေးကိုစိတ်ကြည် လင်လန်းဆန်းအောင် ရေခဲတောင်တစ်ဝိုက်မှာလှည့်လည်စီးနင်း စီစဉ်ခဲ့တာပါ၊ ရေခဲတောင်တစ်ဝိုက်က အေးတယ်မဟုတ်လား၊ ဒီလို အလုံမြင်းရထားမျိုးမှ သခင်မလေး နွေးနွေးထွေးထွေးနဲ့ လှည့်လည် ကြည့်နိုင်မှာပါ"

"ဒါဆို ဂိုဏ်းချုပ်ကြီး မရှိဘူးပေါ့"

"ဟုတ်ပါတယ် သခင်မလေး၊ အရေးကြီးတဲ့ကိစ္စရှိလို့ လက် ရုံးတပည့်လေးဦးနဲ့အတူ ခရီးထွက်သွားပါတယ်၊ သခင်မလေး စိတ် ချမ်းချမ်းသာသာရှိဖို့ ကျွန်တော်တို့ဆောင်ရွက်ပေးရမယ်လို့ အမိန့်ပေး ခဲ့ပါတယ်၊ သခင်မလေး အလိုရှိတာပြောပါ"

ချင်ချင် ကျေနပ်သွားသည်။ ဂိုဏ်းချုပ်ကြီးက သူမအပေါ် ဂရုတစိုက်ရှိလှသည်ကို သူမ သိရှိသည်။ သူမသည် မြင်းလေးကောင် ကသည့် ရထားကြီးကိုလှည့်ပတ်ကြည့်ရှုသည်။

သူမသည် မြင်းရထားစီးချင်စိတ် တဖွားဖွားပေါ်လာသည်။

သူမသည် အစောင့်သိုင်းသမားများကိုကြည့်သည်။ သိုင်း သမားများက အားကိုးလောက်သည့်ပုံစံများ ဖြစ်သည်။ အရေအ တွက်ကလည်း ထိုက်သင့်သလောက်ရှိသည်။

သူမ၌အစောင့်အရှောက် ဤမျှရှိနေခြင်းကို သူမ သဘော ကျနေသည်။ စင်စစ်ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်ကလည်း သူမ



ဘဝင်မြင့်စေရန် ဤသို့စီစဉ်ပေးထားခြင်းဖြစ်သည်။

ချင်ချင်သည် ဝင့်ကြွားစွာ ပြောလိုက်၏။

"ကဲ... ဒါဆိုရင် ဒီရေခဲတောင်ပတ်ဝန်းကျင်ကို တစ်ပတ် လောက်လှည့်ကြည့်ရသေးတာပေါ့၊ ကြည့်ရတာ ဒီရေခဲတောင် ပတ် ဝန်းကျင်ဟာလဲ သိပ်သာယာမယ့်နေရာတော့ ဟုတ်ဟန်မတူပါဘူး"

"သင့်မြတ်ပါတယ် သခင်မလေး"

အစောင့်များက ပြောကြားလေ၏။ ထိုအခါ ချင်ချင်သည် မြင်းရထားပေါ်တက်လာလေ၏။ ခေါင်းဆောင်အစောင့် မြင်းရထား မောင်းသမားတစ်ဦး၊ သူ့အပါအဝင် အစောင့်လေးဦးကိုရွေးချယ် လိုက်သည်။ သူသည် ကျန်သောအစောင့်များကိုမှာကြားလိုက်၏။

"မင်းတို့ ဒီမှာစောင့်နေကြ၊ ငါတို့သခင်မလေးကို လှည့်လည် ပြသလိုက်ဦးမယ်"

ထို့နောက် မြင်းရထားသည် စတင်ထွက်ခွာလာတော့၏။ ချင်ချင်အဖို့ ရေခဲဟောင်မြင်ကွင်းသည် အသစ်အဆန်းဖြစ်နေသည်။ သူမထင်သလို သာယာမည်မဟုတ်ဟုထင်သည်မှာ မှားနေသည်။

သူမသည် နှင်းပွင့်ကလေးများကိုကြည့်ပြီး စဉ်းစားနေ၏။ သို့သော် သူမ ဘာကိုမျှစဉ်းစား၍မရပေ။ အစဉ်းစားလွန်လျှင် သူမ ခေါင်းကိုက်လာသည်။ ထို့ကြောင့် သူမ သိပ်မစဉ်းစားရဲပေ။

ရထားထိန်းသည် ရေခဲတောင်ပတ်ဝန်းကျင်ကိုကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်၏။ မြင်းဖြူကြီးလေးကောင် ၏ဇက်ကြိုးကို ထိန်းနိုင်စွာကိုင်တွယ် ပြီး မောင်းလာသည်။

ရေခဲတောင် အရှေ့ပိုင်းတစ်ခွင်လုံးမှာ ကျောက်စိမ်းနဂါး

www.burmeseclassic.com



ဂိုဏ်း၏ပိုင်နက်ဖြစ်သောကြောင့် တော်ရုံတန်ရုံလူစိမ်းများ မဝင်နိုင်ပေ။ ထို့ပြင် နေရာဒေသမှာလည်း ခက်ခဲကြမ်းတမ်းသောနေရာဒေသဖြစ်သဖြင့် သာမန်လူများအနေဖြင့် မည်သို့မျှဝင်ရောက်လာမည်မဟုတ်ချေ။

ထို့ပြင် လုံခြုံရေးအတွက် တာဝန်ယူထားသူများမှာ ခရီးလမ်းတစ်လျှောက်လုံး ငိုက်မျဉ်းလာကြသဖြင့် ကြာသော် ဘေးဘီပတ်ဝန်းကျင်သို့မမောမပန်းကြည့်လာသည့် ချင်ချင်ပင်လျှင် ပျင်းလာသည်။

သူမသည် ဂိုဏ်းချုပ်ကြီးပြောကြားခဲ့သည့်စကားကို ပြန်လည်စဉ်းစားနေ၏။ ဂိုဏ်းချုပ်ကြီးက ကျောက်စိမ်းနဂါးဂိုဏ်းအရှည်တည်တံ့ရန်မှာ မိမိအပေါ်တည်သည်ဟုပြောဆိုခဲ့သည်။ ဤအတိုင်းဆိုလျှင် မိမိသည် ကျောက်စိမ်းနဂါးဂိုဏ်းအရှည် တည်တံ့အောင်ဆက်လုပ်ရမည်ပေ့၊ ထို့ပြင် မြို့စားဝမ်ပင်းနှင့်ဆုံပြီး သူ့အရိုက် အရာဆက်ခံရမည့်ကိစ္စက မေးမြန်းရန်လည်း ရှိသေးသည်။

ဂိုဏ်းချုပ်ကြီးပြန်မလာမီ ထိုကိစ္စကို အမြန်ဆုံးဆောင်ရွက်ရမည်ဟု ချင်ချင် တေးမှတ်ထားမိလေ၏။ မြင်းရထားသည် စောစောကလို ငြင်သာစွာမရှိတော့ဘဲ လှုပ်ခါလာသည်။ မကြာခဏ ချိုင့်များထဲသို့လည်း ကျသည်။ ထိုအခါ ပြင်းစွာ ဆောင့်ခါတော့သည်။

သူမသည် အစောင့်တစ်ယောက်ကိုနှိုးလိုက်၏။ အစောင့်သည် လန့်နိုးသွားသည်။

"ဘာများအလိုရှိပါသလဲ သခင်မလေး"

"မင်းတို့ကလဲ အိပ်ဖို့ပဲသိတယ်၊ ထကြစမ်း... မြင်းရထားကို



ရှေ့မှာမြင်နေရတဲ့ ထင်းရှူးပင်တန်းဆီမောင်းပါလို့ ရထားထိန်းကို ပြောလိုက်စမ်း"

"ဟုတ်ကဲ့... ပြောလိုက်ပါ့မယ် သခင်မလေး"

ထိုအစောင့်က နိုးလာသဖြင့် ကျန်အစောင့်သုံးယောက်လည်း နိုးလာသည်။ အစောင့်က ပြတင်းပေါက်မှ ထွက်အော်လိုက်၏။

"ဗျို့... ရထားထိန်း၊ မြင်းရထားကို ရှေ့ကထင်းရှူးပင်တန်းဆီမောင်းလို့ သခင်မလေးက မိန့်ကြားတယ်ဗျ"

"ကြားပြီ... ကြားပြီ"

ရထားထိန်းသည် သူကြားကြောင်း အော်ပြောပြီး ထင်းရှူးပင်အုပ်ကလေးရှိသည့်နေရာကိုမောင်းလေတော့သည်။ ထင်းရှူးပင်များ စုစုအုပ်အုပ်ပေါက်နေသည်မှာ အလွန်ပသာဒရှိလှသည်။

မြင်းရထားကြီးသည် အရှိန်နှင့်ပြေးဝင်သွား၏။ ထင်းရှူးပင်စုစုအုပ်အုပ်ထဲသို့ဝင်ချိန်တွင် တဖြည်းဖြည်း အရှိန်နှေးသွားသည်။ မကြာမီ ထင်းရှူးပင်အုပ်ထဲတွင် မြင်းရထားရပ်သွားသည်။

ဤနေရာ၌ရှိသော သစ်ပင်များမှာ များသောအားဖြင့် ထင်းရှူးပင်များသာဖြစ်ကြသည်။ အေးသော အရပ်ဒေသဖြစ်သဖြင့် ထင်းရှူးပင်များသာ ပေါက်ကြသည်လား မဆိုနိုင်ပေ။

အစောင့်အားလုံးသည် မျက်လုံးကျယ်သွားကြသည်။ သူတို့၏ကျောက်စိမ်းသခင်မလေးကို သူတို့စောင့်ရှောက်ရမည် မဟုတ်ပါလား။

ချင်ချင် မြင်းရထားအောက်သို့ဆင်းသောအခါ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



လည်း အသင့်ပြင်၍ဆင်းကြသည်။ ဤနေရာ၌ ရန်သူမရှိဟု သူတို့ယုံသည်။ သို့သော် သူတို့မပေ့ါဆရဲချေ။ သူတို့တာဝန်ပေ့ါသည်နှင့် ဂိုဏ်းချုပ်ကြီးက သူတို့ကိုအပြစ်ပေးမည်မဟုတ်ပါလား။

(၂၀)

## ပြန်လည်တွေ့ဆုံခြင်း

"ရှီး... ရှီး... ရှီး"

ရှုးရှသောငှက်မြည်သံပေါ်လာ၏။ ငှက်မြည်သံမှာ ရှုးရှလွန်းသဖြင့် အစောင့်များခေါင်းထောင်ကြည့်မိကြ၏။ ဤထင်းရှူးတောအုပ်စု၌ မည်သည့်ငှက်သံမျှ မကြားရဘဲ ယခုမှ ငှက်သံကြားရခြင်းမှာ ထူးဆန်းနေသည်မဟုတ်ပါလား။

"ဝုန်း"

"အား"

အစောင့်တစ်ယောက်ပေါ်သို့ လူတစ်ယောက်ကျလာသည်။ အစောင့်သိုင်းသမားသည် လဲကျသွားလေ၏။ အစောင့်သိုင်းသမားနှင့်ထိုလူသည် ဗလုံးဗထွေးဖြင့်တိုက်ခိုက်ကြတော့၏။

"ရန်သူ... ရန်သူ"

အားလုံးသည် လက်နက်များကိုဆွဲထုတ်လိုက်ကြ၏။



ချင်ချင်သည် မြင်းရထားဆီသို့ပြန်ပြေးရန်ဟန်ပြင်သည်။ ထင်းရှူးပင်ကြီးနောက်ကွယ်မှ လူတစ်ယောက်ထွက်လာပြီး သူမအား လှမ်းဆွဲလိုက်၏။

"အို... အမေ့"

သူမအား လှမ်းဆွဲလိုက်သူမှာ စီလင်ရှူပေတည်း။

"ဟင်... ချင်ချင်"

"ရှင်... ရှင်... ဘယ်သူလဲ"

စီလင်ရှူမှာ မမျှော်လင့်ဘဲ တွေ့လိုက်သဖြင့် အလွန်ဝမ်းသာသွား၏။ ထို့ကြောင့် ဝမ်းသာအားရခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် ချင်ချင်၏အဖြေမှာ သူလိုချင်သည့် အဖြေနှင့်တခြားစီ ဖြစ်နေ၏။

"စီလင်ရှူလေ... မမှတ်မိတော့ဘူးလား"

"ဘယ်သူလဲ... ရှင်ဘယ်သူလဲ၊ ကျွန်မ မသိဘူး၊ ရှင်တို့ဟာ ကျွန်မတို့ ကျောက်စိမ်းနဂါးဂိုဏ်းကိုအနှောင့်အယှက်ပေးမယ့်လူတွေ"

ထိုအချိန်တွင် ဟုန်ကျင်း၊ ခွန်ချန်းနှင့် ဝမ်ဖေးတို့သည် အစောင့်လေးယောက်နှင့်ရထားထိန်းကြီးတို့ကို တိုက်ခိုက်နေသည်။ စီလင်ရှူမှာမူ ချင်ချင်၏စိမ်းကားသောအပြုအမူကို လွန်စွာ အံ့သြနေလေ၏။

"ဘယ်လိုဖြစ်တာလဲ ချင်ချင်ရယ်၊ ညီမကို ဒီမှာတွေ့လိုက်ရလို့ အစ်ကိုဝမ်းသာသွားတာ၊ အစ်ကိုတို့က မြို့စားကြီးဝမ်ပင်းကိုကယ်ဖို့လာတဲ့လူတွေပါ၊ ညီမချိန်းထားတဲ့နေရာကိုအစ်ကိုတို့ရောက်မလာလို့ ညီမက စိတ်ဆိုးနေတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အိုး... ဘယ်ကလာ ချင်ချင်ဟုတ်ရမှာလဲ၊ ကျွန်မချင်ချင် မဟုတ်ပါဘူး၊ ကျွန်မဟာ ကျောက်စိမ်းနဂါးဂိုဏ်းက ကျောက်စိမ်းသခင်မလေးရှင့်၊ ရှင်တို့ဟာ ကျွန်မတို့ရဲ့ရန်သူတွေပဲ"

စီလင်ရှူမှာ အံ့အားကြီးသင့်နေသည်။ ထိုစဉ် ချင်ချင်သည် စီလင်ရှူ၏ရင်ဘတ်အား ပြေး၍ ခေါင်းနှင့်ဆောင့်လိုက်၏။

"ဘုံး"

"ဝုန်း"

စီလင်ရှူမှာ လွင့်ထွက်သွားသည်။ အလစ်တွင် တိုက်ခိုက်လိုက်ခြင်းဖြစ်၍ သူမည်သို့မျှ မရှောင်နိုင်ချေ။ ချင်ချင်သည် ပြေးထွက်သွားလေ၏။ စီလင်ရှူသည် လူးလဲထကာ ပြေးလိုက်တော့သည်။

"ချင်ချင်... မပြေးနဲ့"

ချင်ချင်သည် မြင်းရထားဆီသို့ဆက်လက်ပြေးနေရလေ၏။

ထိုအချိန်တွင် ဟုန်ကျင်း၊ ခွန်ချန်းနှင့် ဝမ်ဖေးတို့သည် ရထားထိန်းကြီးနှင့်အစောင့်သိုင်းသမားနှစ်ယောက်ကို ရှင်းလင်းပြီးပေပြီ။ အစောင့်နှစ်ယောက်ကသာ ကျန်တော့သည်။ ထိုအစောင့် နှစ်ယောက်၏သိုင်းသမားဘွဲ့အမည်ကား လခြမ်းဓားသိုင်းသမားနှင့် သံလက်အိတ်သိုင်းသမားတို့ဖြစ်ကြသည်။

လခြမ်းဓားသိုင်းသမားက လခြမ်းဓားကိုကိုင်သည်။ သံလက်အိတ်သိုင်းသမားက သံလက်အိတ်စွပ်ပြီး ဓားကိုင်တိုက်ခိုက်သည်။ ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ချန်းနှင့် ရှောင်လင်ကိုယ်တော်ဟုန်ကျင်းတို့သည် ထိုသိုင်းသမားနှစ်ယောက်နှင့်အကြိတ်အနယ် တိုက်ခိုက်နေ၏။



လခြမ်းသိုင်းသမားသည် ခွန်ချန်းကိုတိုက်သည်။ သူ့ဓားချက်များမှာ အချည်းအနှီးဖြစ်နေ၏။

"ဝှီး... ဝှီး... ဝှစ်"

ဓားချက်များသည် ခွန်ချန်း၏လည်ပင်းနှင့်ရင်ဘတ်အနီးမှ ဘဝှီးဝှီးနှင့် ဖြတ်ထွက်နေသည်။ ခွန်ချန်းသည် ကျင်လည်စွာ ရှောင်တိမ်းနေရာမှ ခြေဖြင့် တစ်ချက်ကန်လိုက်ရာ ထိထိမိမိ ကန်မိသွားသည်။

"ဝုန်း"

"အား"

လခြမ်းဓားသမားမှာ လွင့်ထွက်သွားသည်။ သူသည် ကပျာကယာလူးလဲထလိုက်သည်။ သို့သော် ခွန်ချန်းချက်ချင်းရောက်လာပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

"ဖြန်း"

"ဝုန်း"

"အား"

လခြမ်းဓားသမားမှာ ခွန်ချန်း၏လက်ဝါးရိုက်ချက်ကို မချိမဆံ့ခံစားလိုက်ရ၏။

"ရှူး... သိပ်လဲအရေးမပါဘဲနဲ့ တိုက်ခိုက်ရတာ"

ခွန်ချန်းသည် လေပူတစ်ချက် မှုတ်ထုတ်ပြီးပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ထိုအချိန်၌ ရောင်လင်ကိုယ်တော်ဟုန်ကျင်းနှင့်သံလက်အိတ်သိုင်းသမားတို့ တိုက်နေကြသည်။ ရောင်လင်ကိုယ်တော်ဟုန်ကျင်းသည် သိုင်းသမားကို အသာစီးမှတိုက်ခိုက်ပြီး ရှင်းပစ်လိုက်၏။

"အား"

ရောင်လင်ကိုယ်တော်ဟုန်ကျင်းသည် မေတ္တာဖြင့်ဆက်ဆံပါဟု ပြောခဲ့သော်လည်း သူကိုယ်တိုင်ကမူ အပြတ်ရှင်းလင်းပစ်နေရသည်။ ယခုခရီးတွင် သူသည် လူသုံးယောက်မျှသတ်ပြီး ဖြစ်သည်။

ချင်ချင်သည် မြင်းရထားအနီးသို့ရောက်ရှိသွားသည်။ စီလင်ရှုက ချင်ချင်ကိုတားနေရသည်။

"မဟုတ်ဘူး ချင်ချင်၊ ဘယ်လိုဖြစ်နေတာလဲ၊ အစ်ကိုစီလင်ရှုလေ ညီမရဲ့ဖေဖေမြို့စားကြီးဝမ်ပင်းကို ကယ်ဖို့လာကြတာပါ"

"ဘာ ညီမဖေဖေ မြို့စားကြီးဝမ်ပင်းလဲ၊ ကျွန်မဖေဖေဟာ မြို့စားကြီးဝမ်ပင်းသမီး မဟုတ်ဘူး၊ ကျွန်မဟာ သခင်မလေးပဲဖြစ်တယ်"

စီလင်ရှုမှာ အံ့သြပြီးရင်း အံ့သြနေသည်။ ထိုအချိန်၌ ဟုန်ကျင်း၊ ခွန်ချန်းနှင့်ဝမ်ဖေးတို့လည်း ရောက်ရှိလာသည်။ သူတို့လည်း ချင်ချင်ပြောသည့်စကားများကို ကြားနေကြသည်။



"ရှင်... ရှေ့မတိုးနဲ့"

ချင်ချင်က စီလင်ရှုအား တားလိုက်၏။

"တိုးတော့ ဘာဖြစ်သလဲ"

"ရှင် သေသွားမယ်"

သူမသည် မြင်းရထားထဲမှ ဓားတစ်ချောင်းကိုဆွဲထုတ်လိုက်၏။ သူမ၏စကားအပြောဆို မူမမှန်ကြောင်းဟုန်ကျင်းသိရှိသည်။

ချင်ချင်သည် သူမကိုယ်သူမ ကျောက်စိမ်းသခင်မလေးဟုလည်း ပြောနေသည်။ သူ့ဖခင်မြို့စားကြီးကိုလည်း မသိဟုဆိုသည်။ တစ်ခုခု ဖောက်ပြန်နေသည်မှာ သေချာနေလေပြီ။

ဟုန်ကျင်းသည် ချင်ချင်နောက်သို့ မသိမသာတိုးကပ်သွား၏။ ထိုသည်ကို စီလင်ရှုမြင်သည်။ ထို့ကြောင့် စီလင်ရှုသည် အလျင်အမြန်တားလိုက်၏။

"ကိုယ်တော်မလုပ်နဲ့ မှားကုန်မယ်၊ ဒါ မြို့စားကြီးသမီး ချင်ချင်ပဲ"

ဟုန်ကျင်း စိတ်ရှိလက်ရှိလုပ်လိုက်မည်စိုးသဖြင့် စီလင်ရှုက တားခြင်းဖြစ်ပါသည်။ ဟုန်ကျင်းက အရမ်းမလုပ်ပါ။ မေ့ကြောကို ထောက်လိုက် ခြင်းဖြစ်ပါသည်။ ချင်ချင် ခွေကျသွားလေ၏။ ဟုန်ကျင်းသည် လူပင်ငယ်သော်လည်း အတွေ့အကြုံရင့်ကျက်သူဖြစ်သည်။ သူ အရမ်းမလုပ်ပါ။

ထိုသည်ကို စီလင်ရှုက အန္တရာယ်ကြီးသည်ဟု မြင်နေပါသည်။ သူ့ချစ်သူကိုတော့ စိုးရိမ်သည်။

"ဘယ်လိုလုပ်လိုက်တာလဲ ကိုယ်တော်၊ တပည့်တော် သတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးနေလျက်နဲ့"

ဟုန်ကျင်းက ရယ်မောလိုက်၏။

"ကျုပ် ဘာလုပ်လို့လဲဗျ၊ ခင်ဗျားချစ်သူ မေ့ကြော
ထောက်လိုက်တာပါ၊ ရန်သူကို မေ့ကြောဟောက်တာဟာ အသ
သာဆုံး တိုက်ခိုက်နည်းပဲဗျ"

စီလင်ရှုသည် ထိုအခါမှ သတိဝင်သွားသည်။

"ခွင့်လွှတ်ပါ ကိုယ်တော်၊ တပည့်တော် စိုးရိမ်သွားလို့
"ခွင့်လွှတ်ပါတယ်၊ ကိုယ့်လူရဲ့စိတ်သဘောထားကို ကို
သိထားတာပဲဥစ္စာ၊ ဒီလိုမလုပ်လဲမရဘူးလေ၊ သူ့ကိုသာယာည
ပျောင်းစွာနဲ့ ပြောနေလို့ရမှာမှ မဟုတ်တာ၊ နောက်ကြည့်ရမယ်တ
ချက်က ကျောက်စိမ်းနဂါးဂိုဏ်းဟာ စစ်ကူတွေမလွှတ်ဘူးလို့မပြေ
နိုင်ဘူး၊ ဒါကြောင့် ပွဲသိမ်းအောင် မြန်မြန်လုပ်လိုက်တာပါ"

ချင်ချင်ကား အပြစ်ကင်းစင်စွာ မေ့မြောနေသည်။ စီလင်
က သူမ၏ကိုယ်လုံးကလေးကို ဖွေ့ခနဲပွေ့လိုက်သည်။

"သူ ဘာကြောင့်စိတ်ပြောင်းသွားတယ်ဆိုတာ တပည့်
တော်တော် မတွေးတတ်တော့ဘူးကိုယ်တော်"

ဟုန်ကျင်းသည် စီလင်ရှု၏ပခုံးကိုပုတ်လိုက်ရင်း....

"စိတ်မပူပါနဲ့ဗျာ၊ အဆိုးထဲကအကောင်းတစ်ခုခုတော
ရှိမှာပေါ့ဗျာ"

သူတို့သည် ချင်ချင်ကိုမြင်းရထားထဲသို့ ထည့်လိုက်ကြ



(၂၂)

## ဆေးကုခြင်းပညာ

လသာသော ညတစ်ည....။

ကောင်းကင်ကြီး၌ တိမ်သလ္လာများကင်းရှင်းကာ လသာနေ၏။ ညဘက်ဖြစ်၍ အပြာရောင်ကောင်းကင်ကြီးအဖြစ် မမြင်ရပေ။ အနက်ရောင်ကတ္တီပါစကြီးအပေါ် ပုလဲလုံးကြီးတင်ထားသလို လမင်းကြီးကိုမြင်နေရသည်။

ကျောက်စိမ်းနဂါးဂိုဏ်း၏ ဂူကျောက်ဆောင်များရှိသည့်နေရာ၌တိတ်ဆိတ်ငြိမ်သက်နေသည်။ အားလုံးငြိမ်းသက်နေသလားဟု၍တော့ မထင်မှတ်ပါနှင့်။ အရိပ်တစ်ခုကတော့ လှုပ်ရှားနေပါသည်။ ထိုအရိပ်ကား ချင်ဖုန်၏လူရိပ်ပင် ဖြစ်ပါလေ၏။

ချင်ဖုန်သည် ဂိုဏ်းချုပ်ကြီးခရီးမထွက်မီပင် အပြင်းအထန်ဖျားနာခဲ့၏။ တကယ်ဖျားနာခြင်းမဟုတ်ပါ။ ဂိုဏ်းချုပ်ကြီးခရီးထွက်ရာသို့ မလိုက်လိုဘဲ ဟန်ဆောင်ဖျားနာခြင်းဖြစ်ပါ၏။ ဂိုဏ်းချုပ်ကြီးသည် နာမကျန်းဖြစ်နေသောချင်ဖုန်ကို ထားပစ်ခဲ့၏။ ထိုကဲ့သို့ ထား
ပစ်ခဲ့ရန် ဆင်ကြံကြံခဲ့သောချင်ဖုန်ကား လွန်စွာပိတိသောပနည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရ၏။

သူသည် ချင်ချင်အား အသေအလဲစွဲလမ်းခဲ့ရသူဖြစ်သည်။ လက်ထပ်ပေးဖို့အထိ စီစဉ်ခဲ့သော်လည်း ချင်ချင်အတိတ်မေ့သွားသည့်အခါ ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်သည် လက်ထပ်ပေးဖို့ အစီအစဉ်အား ပယ်ဖျက်လိုက်လေ၏။ ချင်ချင် အတိတ်မေ့ခြင်းသည် သူ့အဖို့ ကံဆိုးခြင်းတစ်ရပ်ပင်။

ဂိုဏ်းချုပ်ကြီးသည် တပည့်သားမြေးဖြစ်သူ၏ ကိုယ်ရေးကိုယ်တာကိစ္စကိုထည့်သွင်း မစဉ်းစားတော့ချေ။ သူ၏ဩဇာအာဏာတက်ရေးကိစ္စကိုသာ စဉ်းစားတော့သည်။ ချင်ဖုန်သည် ဂိုဏ်းချုပ်ကြီး၏ဩဇာအာဏာကိုမလွန်ဆန်ဝံ့ပေ။ လွန်ဆန်သည်နှင့် သစ္စာဖောက်ဟုစွပ်စွဲပြီး ယန္တရားဖားကြီးဆီ ပစ်ချအဆုံးစီရင်ခံရမည်ကို ကြောက်ရွံ့သည်။

သို့သော် သူ့ရင်ထဲမှအချစ်မီးကား ပြင်းထန်စွာ တောက်လောင်နေခဲ့သည်။ သူသည် သူ့ရင်ထဲ၌အဖြစ်သနစ်များအား ချင်ချင်အား ဖွင့်ပြောမည်ဟု ပြင်ဆင်ခဲ့၏။ သို့သော် အစောင့်များ၊ အထိန်းတော်များကြား၌ သခင်မလေးပမာ နေနေရသော ချင်ချင်အား လွတ်လပ်စွာတွေ့ခွင့်၊ ပြောခွင့် မရခဲ့ချေ။

အချိန်တိုင်း စက္ကန့်တိုင်း အစောင့်အကြပ်များ၊ အထိန်းတော်များက ရှိနေသည်သာ။ ဤသို့ရှိနေရန်လည်း ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်က အမိန့်ပေးခဲ့သည်။ တစ်ခုတော့ သူစိတ်ပူသည်။ ချင်ချင်သည် အစောင့်လေးယောက်နှင့်အတူ နံနက်ခင်းကတည်းကထွက်ခွာသွားခဲ့သော်လည်း ယခုအချိန်အထိ ပြန်မရောက်သေးပေ။



စိတ်မပူသင့်ဟု ချင်ဖုန်တွေးသော်လည်း စိတ်ထဲကမူ ပူနေသည်သာ။ ဤရေခဲတောင်တစ်ဝိုက်ကို ကျောက်စိမ်းနဂါးအဖွဲ့ကြီးက ကြီးစိုးထားရာ မည်သည့်အနှောင့်အယှက်မျှမဝင်နိုင်သော်လည်း အနှောင့်အယှက်များက ဆီလိုအပေါက်ရှာပြီး ဝင်လာလျှင် ချင်ချင်ဒုက္ခရောက်လိမ့်မည်ဟု ချင်ဖုန်တွေးလေသည်။

"အင်း... ဘယ်များသွားနေလို့ ဒီလောက်တောင် ကြာတာပါလိမ့်"

ချင်ဖုန်သည် ချင်ချင်အပေါ် လွန်စွာ ချစ်ခင်ညွှတ်ယိမ်းနေသည်။ သူသည် ချင်ချင်တို့သားအဖကိုပင် ကယ်ပြီး ကျောက်စိမ်းနဂါးဂိုဏ်းကိုပင် ပုန်ကန်ရန် အတွေးပေါက်မိသည်။ တစ်ဖက်ကလည်း ဖန်ကောက်တင်၏လက်တံနှင့်ယန္တရားဖားကြီးကို ကြောက်စိတ်ကရှိနေသည်။ သူသည် ဝေခွဲမရဖြစ်နေသည်။ သို့ရာတွင် ချင်ချင်၏စိတ်ကို မသိရချေ။ ချင်ချင်သည် သူ့ ကိုတိမ်းညွှတ်ချင်မှ တိမ်းညွှတ်ပေမည်။

ချင်ချင်ကသာ တိမ်းညွှတ်လျှင် ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်ဒုံးဒုန်းချဆုံးဖြတ်ပြီး ချင်ချင့်နှင့်သူ့ဖခင်မြို့စားကြီးကို ကယ်တင်ရပေလိမ့်မည်။ ဤရေခဲတောင်တစ်ဝိုက်၏လျှို့ဝှက်ချက်များကို ဖန်ကောက်တင်၏တပည့်လက်ရုံးဖြစ်သော ချင်ဖုန်တစ်ယောက်သာ အသိဆုံးဖြစ်သည်မဟုတ်ပါလား။

မြင်းရထားသည် အရှိန်နှင့်မောင်းနှင်လာ၏။ ရထားပေါ်၌ ဟုန်ကျင်း၊ စီလင်ရှူ၊ ဝမ်ဖေးနှင့်ချင်ချင်တို့ပါလာသည်။ ခွန်ချန်းက မြင်းရထားမောင်းနေသည်။ ချင်ချင်ကိုတော့ ဟုန်ကျင်း အကြောင်းပြောခွင့်မပေးသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ကျင်းသည် ရှောင်လင်ကျောင်းတော်၌ ဆေးပါးအတတ် ပညာကိုလည်းသင်ကြားခဲ့ရရာ အတော်အတန် ပေါက်မြောက်ခဲ့သေး၏။ သူသည် ချင်ချင်အား စမ်းသပ်ကြည့်သောအခါ စောစောကချင်ချင်ပြောခဲ့သောစကားများနှင့် ဆက်စပ်စဉ်းစားပြီး ချင်ချင်အတိတ် မေ့နေကြောင်း သိခဲ့ရလေ၏။

ထိုအကြောင်းကို စီလင်ရှုအား ပြောပြသောအခါ စီလင်ရှုမှာ ဦးနှောက်ခြောက်သွားလေသည်။

"ဟာ... ဒုက္ခပါပဲဗျာ၊ ရန်သူလက်ထဲကျနေတဲ့အချိန်မှာ အတိတ်မေ့နေရတယ်လို့"

စီလင်ရှုက ညည်းညူလိုက်၏။ ဟုန်ကျင်းက...

"မဟုတ်ဘူး စီလင်ရှု၊ ကြည့်ရတာ ကျောက်စိမ်းနဂါးဂိုဏ်းက ချင်ချင်အတိတ်မေ့တာကို တစ်ခုအမြတ်ထုတ်ထားတယ်နဲ့တူတယ်"

စီလင်ရှုမှာ မစဉ်းစားတတ်နိုင်လောက်အောင်ပင် ချင်ချင် အတွက် ပူပန်နေသည်။

ဝမ်ဖေးက ချင်ချင်မျက်နှာကိုစိုက်ကြည့်လိုက်ပြီး....

"ဒီကိစ္စမှာ ကောင်မလေးသတိရမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

စီလင်ရှုက မေးလိုက်၏။ ဟုန်ကျင်းကလည်း ပြောသည်။

"ကျုပ်အကြောထောက်ထားလို့မေ့နေတာပါ၊ အဲကြောဖြေပေးလိုက်ရင် သတိရသွားမှာပါ"

ဝမ်ဖေးက....



"ဒီလိုပါ ကောင်မလေးကို ကျုပ်တို့သတိရအောင်လုပ်၊ ကောင်မလေးကို ရှေ့ကဗန်းတင်၊ ကျုပ်တို့လေးယောက်က အစောင့် တွေရဲ့အဝတ်အစားတွေဝတ်ပြီး ကျောက်စိမ်းနဂါးဂိုဏ်းထဲကို အ ထဲတကူဝင်နိုင်တာပေါ့"

ဟုန်ကျင်းက....

"ရုပ်ဖျက်ပြီးဝင်တဲ့သဘောပေါ့"

"ဟုတ်တယ်လေ... သူတို့ရိပ်မိချင်မှ ရိပ်မိမယ်"

ဟုန်ကျင်းသည် စဉ်းစားနေလေ၏။ ယခု ချင်ချင်ကိုအ ကြောဖြေပေးလိုက်ပါက ချင်ချင်သည် အတိတ်မေ့ရောဂါမှ မလွတ် သေးချေ။ သတိရသည်နှင့် အတိတ်မေ့ဘဝတွင် ရှိနေဦးမည်ဖြစ် ၍ သူမကိုယ်သူမ ကျောက်စိမ်းသခင်မလေးဟု ပြောနေဦးမည် ဖြစ်သည်။ ဟုန်ကျင်းက....

"ကျုပ် သူ့အတွက် ကုသဖို့ နည်းလမ်းတစ်ခု စဉ်းစားမိ ပြီ"

"ဆိုပါဦး"

"ကျုပ်သင်ခဲ့တဲ့ ဆေးပညာတွေထဲမှာ ဒီလိုအတိတ်မေ့နေ တဲ့ရောဂါတွေကို စိတ်သန္တာန်ညှို့ငင်ခြင်းနဲ့ထိန်းထားပါတဲ့၊ ဒီတော့ ချင်ချင်ကိုသတိရအောင် မလုပ်ခင်မှာ သူ့စိတ်ကိုဝေဝါးနေအောင် စိတ်သန္တာန်ညှို့ငင်ခြင်းနဲ့ ညှို့ထားလိုက်မယ်"

စီလင်ရှုက ဟုန်ကျင်းကိုမေးလိုက်၏။

"ကိုယ်တော်... အဲဒီလိုညှို့ထားရင် ဘယ်လိုထူးခြားမှုရှိမလဲ"

"သူ့စိတ်ဟာ ဝေဝါးနေတော့ ကျုပ်တို့စေခိုင်းသလိုရတာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ကျောက်စိမ်းနဂါးဂိုဏ်းကို လမ်းပြခိုင်းရင်လဲ လမ်းပြမှာပဲ"

ဝမ်ဖေးက သူ၏တစ်ဖက်တည်းရှိသောလက်ဖြင့် ပုတ်လိုက်သည်။

"ဟာ... ဒီလိုဆိုရင် သိပ်ကောင်းတာပေါ့"

"ဒီလိုဆိုရင် ဝမ်ဖေး မြင်းလှည်းခေါင်မိုးပေါ်တက်၊ ခွန်ချန်းကို ဒီအကြောင်းတွေပြောပြလိုက်၊ ကျုပ်ကတော့ သဘောတူကြောင်း သူသဘောတူရင် ဆက်အကောက်အထည်ဖော်ဖို့ပဲ"

(၂၃)

ဝမ်ဖေးသည် မြင်းလှည်းခေါင်မိုးပေါ်တက်သွား၏။ ကြာမီ ပြန်ဆင်းလာသည်။ သူသဘောတူသည်ဟု ပြောသည်။

ဟုန်ကျင်းက....

"အားလုံးသဘောတူရင် ဒီအတိုင်းပဲလုပ်တော့မယ်"

"လုပ်ပါ... ဒီအကြံအကောင်းဆုံးပဲ"

ဝမ်ဖေးက ထောက်ခံလိုက်၏။ ဟုန်ကျင်းက....

"ကဲ... ဒီလိုဆိုရင် မြင်းရထားကိုရပ်၊ ကျုပ် ချင်ချင်ကို သရဦးမယ်၊ ဒီလိုကုသနေချိန်အတွင်းမှာ ခွန်ချန်းနဲ့ဝမ်ဖေးက အစောင့်တွေရဲ့အဝတ်အစားတွေ သွားချွတ်ယူပါ။ ကျုပ်တို့ ဒီကစောင့်ရင်း ချင်ချင်ကို ကုသပေးမယ်"



မြင်းရထားသည် စီလင်ရှုတို့က အချက်ပေးလိုက်သောအခါ သွားသည်။ ခွန်ချန်းနှင့်ဝမ်ဖေးတို့သည် အစောင့်များ၏ဝတ်စုံများ ချွတ်ယူရန် အပြေးထွက်ခွာသွားကြ၏။ ဟုန်ကျင်းသည် ချင်ချင်ကို သရန် စတင်တော့သည်။ သူ သည် ငွေရောင်အပ်ကလေးများကို ကောင်လေတော့သည်။

ငွေရောင်အပ်ကလေးများ နီရဲလာသောအခါ အနီရောင်၊ ဝါရောင်၊ အစိမ်းရောင်ရှိဆေးမှုန့်များကို အပ်ချောင်းများအပေါ် းချလိုက်၏။ ငွေရောင်အပ်ကလေးများမှာ သက်တံရောင်ကဲ့သို့ ပြောင်းသွားသည်။

ဟုန်ကျင်းသည် အပ်များစိတ်ကြိုက်အရောင်ရရှိသည့်အခါ က်အိတ်နှင့်ညင်သာစွာ ကိုင်တွယ်လေ၏။ ထို့နောက် ချင်ချင်၏နား င်ပေါ်သို့အပ်နှင့် ထိုးသွင်းလိုက်သည်။ သူမသည် အသက်ရှူ တ ည်းဖြည်းမြန်လာသည်။ ထို့နောက် အသားများ တဆတ်ဆတ်တုန် ာ၏။ ကုသခံနေသူမှာ မည်မျှဝေဒနာခံစားရမည်မှန်း မသိချေ။ သည်းယားစရာကောင်းလှသည်။

ထိုသို့ကုသနေပြီး အတန်ကြာသည်နှင့်ချင်ချင်၏မျက်လုံးအ ဖျတ်ခနဲပွင့်လာသည်။ မျက်တောင်ကိုပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ါက်ခနဲထထိုင်လိုက်တော့၏။ ဟုန်ကျင်းက....

"မင်း သတိရလာပြီလား"

"ဟုတ်ကဲ့"

သူမသည် ယခင်ကကဲ့သို့ သွက်သွက်လက်လက်မဟုတ် ဘဲ လေးလေးလံလံဖြေလိုက်၏။ မည်သို့ပင်ဖြစ်စေ ရောင်လင်

www.burmeseclassic.com



ကိုယ်တော်ဟုန်ကျင်း၏ ဆေးကုသမှုအောင်မြင်သွားပြီ မဟုတ်လား။ စီလင်ရှုက ဝမ်းသာသွားလေသည်။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်း၏ ဆေးပညာကိုလည်း လင်ရှုက လွန်စွာအထင်ကြီးသွား၏။ ဟုန်ကျင်းက....

"ချင်ချင် ဖြည်းဖြည်းချင်းထပါ... ရပ်ပါ... မင်း ပုံမှန်အတိုင်း လှုပ်ရှားနိုင်ရဲ့လားလို့ ကျုပ်သိချင်တယ်"

ချင်ချင်သည် ထရပ်သည်။ သွားလာကြည့်သည်။ လှုပ်ရှား နှေးကွေးသော်လည်း ပုံမှန်အတိုင်းလှုပ်ရှားနိုင်သည်။

"ကောင်းတယ်၊ အခြေအနေအားလုံး ကောင်းပါတယ်"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက ပြောလိုက်ပါသည်။

(၂၄)

အယောင်ဆောင်များ

"အခု ငါတို့အားလုံး ကျောက်စိမ်းနဂါးဂိုဏ်းကိုသွားဖို့ ဖြစ်နေတယ်"

ဟုန်ကျင်းက ရှင်းပြသည်။

"ဟုတ်ကဲ့"

"ငါတို့အားလုံး လိုက်မယ်၊ အားလုံးဆိုပေမယ့် နှစ်ယောက် ကျန်နေသေးတယ်၊ တို့လေးယောက် လိုက်ကြမယ်၊ မင်းအနေနဲ့ ငါတို့ ခရီးစဉ်တစ်လျှောက်လုံး ကူညီပါ၊ ကြားလား"

"ဟုတ်ကဲ့"

သူမ ခေါင်းညိတ်လေ၏။ စီလင်ရှုသည် ချင်ချင်သတိရလာသည်ကို ဝမ်းသာသော်လည်း ဤကဲ့သို့လူနာအတိုင်းဖြစ်နေသည်ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေမိသည်။

သို့သော် ချင်ချင်၏အကူအညီဖြင့် ကျောက်စိမ်းနဂါးဂိုဏ်း၏ ဌာနချုပ်ကွင်းဝင်နိုင်မည်ကိုတော့ ဝမ်းသာပြန်သည်။

မကြာမီ ခွန်ချန်းနှင့် ဝမ်ဖေးတို့လည်းပြန်ရောက်ရှိလာလေ၏။ သူတို့ယူလာသည့် ဝတ်စုံများကို လှဲလှယ်ဝတ်ဆင်ကြသည်။

"ကဲ... အားလုံးအဆင်သင့်ပဲ၊ သွားကြစို့"

သူတို့သည် ချင်ချင်ကိုခေါ်ဆောင်လျက် ခရီးထွက်ခွာလာကြတော့၏။ သူတို့သည် ကျောက်စိမ်းနဂါးဂိုဏ်းသားများ၏ ဝတ်စုံကို ဝတ်ဆင်လာပြီး ညမှောင်ကြီးကျမှ အဆောင်ဂူဝသို့ပြန်ဝင်ကြလျှင် သူတို့အား ရန်သူများဟုသိရန်မလွယ်ကူတော့ပေ။

ချင်ချင်၏နားထင်၌ ငွေရောင်အပ်ကလေးရှိနေသမျှ ချင်ချင် စိတ်ညို့ခံထားရသည်သို့ဖြစ်နေပေမည်။ ချင်ချင်က....

"ဘယ်ဘက်ကိုချိုးပါ"

ချင်ချင်၏မှတ်ဉာဏ်သည် အဆောင်ဂူဝလမ်းကို ကောင်းစွာမှတ်မိနေသည်။ ရထားထိန်းအဖြစ် ရထားမောင်းလာသူဟုန်ကျင်း က ချင်ချင်ပြောသည့်အတိုင်း ဘယ်ဘက်ချိုးကွေ့လိုက်၏။ လမ်းမကြီးသည် ဖြောင့်တန်းနေသည်။

www.burmeseclassic.com



"တည့်တည့်မောင်း"

ချင်ချင်မောင်းနှင်ခိုင်းသည့်လမ်းအတိုင်း မောင်းနှင်လာသောအခါ ရှေ့တွင် ဆီးနှင်းများဖုံးအုပ်နေသည့် တောင်ပူစာတစ်လုံးကိုတွေ့ရှိရသည်။ ဟုန်ကျင်း ထိတ်သွားသည်။ ချင်ချင် အမှတ်မှားပြီလော။ ချင်ချင်က ဆက်ပြောၡ်။

"မောင်းသာ မောင်းပါ၊ အဲဒီတောင်ပူစာဟာ လျှို့ဝှက်ဂူ ချုပ်အဝင်ပါ"

ထိုအခါမှ ဟုန်ကျင်းစိတ်ချလက်ချ မောင်းနှင်နိုင်တော့၏။ သူတို့သည် အဖြူရောင်သတ္တဝါကြီးတစ်ကောင်နှင့်တူနေသည့် တောင်ကုန်းဆီသို့ တဖြည်းဖြည်းနီးကပ်လာလေ၏။

"ကိစ္စမရှိပါဘူး တည့်တည့်ပဲမောင်းပါ"

ချင်ချင်က ပြောသည်။ ဟုန်ကျင်းကလည်း တည့်တည့် မောင်းသည်။ လမ်းဆုံး၍ ရထားကိုဟုန်ကျင်းရပ်လိုက်သောအခါ မြင်းများသည် အတော်ကလေး အရှိန်သတ်ယူရသည်။ ဆီးနှင်းတောင်ကြီးမှာ နှစ်ခြမ်းကွဲသွားသည်။

"ကျွီ"

ဆီးနှင်းကွဲသို့ထင်ရသောကျောက်ဖြူတုံးကြီးမှာ တံခါးကြီး နှစ်ချပ်ဖြစ်နေ၏။ ထိုတံခါးများပွင့်သွားခြင်း ဖြစ်သည်။

ဟုန်ကျင်းသည် ဣန္ဒြေမပျက်ရထားကို မောင်းဝင်လာလေ၏။ အထဲရောက်သောအခါ ကျောက်စိမ်းနဂါးရုပ်များ၏လုံခြုံသောအကာအရံများကို တွေ့ရလေသည်။

"သခင်မလေး ပြန်လာပြီဟေ့"



တံခါးမှူး၏အော်သံသည် စခန်းတစ်ခုလုံးလွှင့်ပျံ့သွားသည်။

"ရှေ့တည့်တည့်ကိုမောင်း၊ အဲဒီမှာ ကျောက်ဂူတစ်ခုရှိတယ်၊ အဲဒါ ကျွန်မရဲ့အဆောင်ပဲ"

ဟုန်ကျင်းသည် ကျောက်ဂူရှေ့အရောက် မောင်းလိုက်သည်။ ကျောက်စိမ်းဘုရင်မလေးကိုသာ အားလုံးက ဂရုပြုနေကြသဖြင့် အယောင်ဆောင်လာသူများကို သတိမပြုမိချေ။ ၎င်းတို့၏ကံကောင်းခြင်းတစ်ရပ်ပင်။

ချင်ဖုန်မှာ မြင်းရထားဝင်လာသည်နှင့် မြင်းရထားသို့တန်းပြေးလာ၏။ ဝတ်ရုံကြီးတဖားဖားနှင့် အလွန်ရယ်စရာကောင်းလှသည်။

"ဟိုမှာ လူတစ်ယောက်ပြေးလာနေတယ် ဗီလင်ရှူ"

"အင်း... ကျုပ်မြင်တယ်၊ အားလုံး သတိဝီရိယရှိကြ"

သူတို့သည် သခင်မလေးချင်ချင်ကို ရှေ့ကတင်၍ နောက်ပိုင်း၌ ခပ်လျှိုလျှိုနေလိုက်ကြ၏။ ဟုန်ကျင်းက တိုးတိုးပြော၏။

"ကြည့်ရတာ ဒီထဲမှာ သြဇာအာဏာရှိမယ့်လူ ဖြစ်ပုံရတယ်၊ အားလုံးအခြေအနေကိုစောင့်ကြည့်၊ အရိုအသေပေးကြပါ"

ချင်ချင်သည် ချင်ဖုန်အား ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဖုန်သည် အနီးသို့ရောက်သောအခါ အမောတကော ပြောသည်။

"ကျောက်စိမ်းသခင်မလေး နောက်ကျလှချည်လား"

ချင်ချင်က....

"ဟုတ်တယ် လမ်းမှာ လှည်းဝင်ရိုးကျိုးနေလို့လေ၊ အဲဒါပြင်ဆင်နေတာ ကြာသွားတာပေါ့၊ ဒီလောက်တော့ ကြာမှာပေါ့လေ"

ချင်ချင်က ယုတ္တိရှိရှိပြန်ပြောလိုက်၏။

"ဒီလိုဆိုရင် ရထားထိန်းအသုံးမကျတာဘဲ၊ လမ်းမှာ ဝင်ရိုးမကျိုးအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သူမသိဘူးလား ကျုပ်ဆုံးမထားရမယ်"

"ရှင် အသာနေစမ်းပါ၊ ဘယ်သူက ဒီလှည်းဝင်ရိုးကျိုးမှာကြိုတင်သိနေနိုင်မှာလဲ၊ ပစ္စည်းကိရိယာဆိုတာ ဒီလိုပဲပျက်တတ်တာပဲ"

ချင်ဖုန်မှာ ဘာထပ်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။

ထိုအချိန်တွင်...

"ဗိုး... ရွမ်း"

ကျာပွတ်တစ်ခုသည် ချင်ဖုန်၏လည်ပင်းကိုသွားရောက်ရစ်ပတ်လေ၏။



"အား"

ချင်ဖုန်သည် ကျာပွတ်ကိုကိုင်ရင်း မျက်လုံးပြူးကြီးဖြင့်လှမ်းကြည့်လိုက်၏။ ထိုအခါ ကျာပွတ်ကိုဆောင့်ဆွဲလိုက်သဖြင့် ချင်ဖုန်ရှေ့သို့ပါသွားသည်။ ဟုန်ကျင်းသည် ချင်ဖုန်ကိုဖမ်းဆွဲထားလိုက်ပြီး လည်ပင်းပေါ်ဓားတင်လိုက်၏။

"မင်းဘယ်သူလဲ၊ မင်းတို့ဂိုဏ်းချုပ်ကြီး ဘယ်မှာလဲ၊ မှန်မှန်ပြော မှန်မှန်မပြောလို့ကတော့ မင်းရဲ့လည်ချောင်းပြတ်ပြီ မှတ်ပေတော့"

ဟုန်ကျင်းသည် ပြတ်သားသူဖြစ်၏။ ပြောသည့်အတိုင်းလုပ်မည့်သူ ဖြစ်သည်။ ချင်ဖုန်သည် သွေးဆုတ်ဖြူရော်သောမျက်နှာဖြင့်ကြည့်ရင်း ထိတ်လန့်စွာပြောသည်။

"ဂိုဏ်... ဂိုဏ်းချုပ်ကြီး ခရီးထွက်သွားပါတယ်"

"ဒါဆိုရင် မြို့စားကြီးဝမ်ပင်းကို ဘယ်မှာထားသလဲ၊ မှန်မှန်ပြောစမ်း"

ချင်ဖုန်သည် ကြောက်လန့်သော်လည်း ဤရန်သူများကိုအလျှော့ပေး၍မဖြစ်ဟု နားလည်လိုက်၏။ ထို့ကြောင့် တိတ်တဆိတ်ငြိမ်သက်စွာနေလိုက်သည်။ အဖြေမပေးတော့ပေ။

ထိုအခါ ဟုန်ကျင်းသည် လည်ချောင်းမှဓားကိုအသာခွာ၍ လည်ပင်းကိုစပါးလုံးတစ်ယောက်မျှ လှီးလိုက်၏။ ထိုအခါ သွေးများစီးကျလာတော့သည်။ ထိုအခါ ချင်ချင်က အလန့်တကြားအော်သည်။

"သွေးတွေ... သွေးတွေ"

ချင်ဖုန် တုန်လှုပ်သွားသည်။ သူ့သွေးများကို သူမြင်ရလေ

www.burmeseclassic.com



ပြီ။

"ခေါင်းဖြတ်ပစ်လိုက်မယ်… မေးတာကို မှန်မှန်ဖြေစမ်း။ မင်းအသက်က ငါ့လက်ထဲမှာ သိလား"

ချင်ဖုန်မှာ တကယ်ကြောက်လန့်နေလေပြီ။

"အဆောင်… အဆောင်နှစ် အချုပ်ခန်းမှာပါ"

ဟုန်ကျင်းသည် ချင်ဖုန်အား အကြောပိတ်လိုက်၏။ ချင်ဖုန် ပျော့ခွေကျသွားသည်။

"ချင်ချင် အဆောင်နှစ်ကိုသိတယ် မဟုတ်လား"

"သိပါတယ်"

"ကဲ… ရှေ့ကသွားပါ"

သူ့တို့သည် အဆောင်နှစ်ဆီသို့လျှောက်လာကြလေ၏။ လမ်းတွင် ဟုန်ကျင်းက ခွန်ချုန်းကိုပြောလိုက်၏။

"ခွန်ချုန်း… ခင်ဗျားအပေါ်အင်္ကျီကိုချွတ်လိုက်ပါ၊ ခင်ဗျားကိုတရားခံအဖြစ်ဖမ်းလာပြီး လာပို့တဲ့ပုံစံလုပ်ရမယ်"

ခွန်ချုန်းသည် သဘောပေါက်သွားပြီး ကျောက်စိမ်းနဂါးဂိုဏ်းသားဝတ်စုံကို အလျင်အမြန်ချွတ်လိုက်ရ၏။ ဟုန်ကျင်းသည် အလွန်ဉာဏ်ကောင်းသည်။ ထူပူနေသော စီလင်ရှူ၊ ခွန်ချုန်းတို့ထက်ပို၍ အတွေးကောင်းသည်။

"ကဲ… ကျုပ်တို့က ခွန်ချုန်းကို ရှေ့ကထားပြီးသွားကြမယ်၊ ခွန်ချုန်းက တရားခံ၊ ခွန်ချုန်းကို သိတဲ့လူတွေကလဲများဆိုတော့ တစ်ယောက်မဟုတ်တစ်ယောက်တော့ သိမှာပဲ"

ဟုန်ကျင်းက ပြောပြသောအခါ စီလင်ရှူတို့ခေါင်းညိတ်ကြရ



လေ၏။

အဆောင်နှစ်….။

သူတို့အားလုံး အဆောင်နှစ်သို့ရောက်ရှိလာကြ၏။ အဆောင်နှစ်ဟုဆိုသော်လည်း ကျောက်ဂူတစ်ခုလုံးသာ ဖြစ်သည်။ လူတို့ပြုပြင်ထားသော ကျောက်ဂူဖြစ်သည်။

"ဟေ့… ဘယ်သွားကြမလို့လဲ"

အစောင့်တစ်ဦးက အော်ဟစ်တားဆီးလေ၏။ အစောင့်နှစ်ယောက်ရှိသည်။ ဟုန်ကျင်းက တွေးသည်။ ပြဿနာရှိလျှင် ကြောက်စရာမလိုပေ။ ဤအစောင့်နှစ်ယောက်ကိုအသံမထွက်အောင် အပြတ်ရှင်းလိုက်လျှင် ကိစ္စပြီးပေသည်။

(၂၅)

## ကျောင်းတော်တာဝန်

ဟုန်ကျင်းက….

"တရားခံတစ်ယောက်ကို အချုပ်ထဲလာပို့တာ"

အစောင့်နှစ်ယောက်သည် တရားခံကိုကြည့်သည်။ သူတို့သည်ခြေသလုံးအိမ်ကိုင်သိုင်းသမားခွန်ချုန်းကိုသိကြသူများ ဖြစ်သည်။ သူတို့ဂိုဏ်းက ခွန်ချုန်းကိုအသေအလဲလိုချင်နေမှန်လည်း သိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဟာ… ဒီသူတောင်းစားကိုသိတယ်၊ ခင်ဗျားတို့ဖမ်းမိလာပြီပေါ့”

“ဟုတ်တယ် ကျုပ်တို့ဖမ်းမိလာပြီ၊ ကဲ… တံခါးဖွင့်မှာသာ ဖွင့်စမ်းပါ”

“နေဦး… အချုပ်ခန်းတွေက အများကြီးရှိတယ်၊ လွတ်တဲ့အချုပ်ခန်းမှာ ချုပ်မှာလား”

“ဘယ်ကလာ… မြို့စားဝမ်ပင်းချုပ်တဲ့အချုပ်ခန်းမှာ သူ့ကိုချုပ်ရမှာကွ၊ ကဲ… ကဲ တံခါးဖွင့်ပြီး ရှေ့ကလမ်းပြ”

“နေစမ်းပါဦးလေ၊ ဒီပြင်အချုပ်ခန်းမှာ ချုပ်မယ်ဆိုရင်တော့ လွယ်ပါတယ်၊ ကျုပ်တို့က ဖွင့်ပေးလိုက်ရုံပါပဲ၊ မြို့စားဝမ်ပင်းရဲ့အချုပ်ခန်းဆိုတော့ တော်တော်ခက်သွားတယ်၊ ခင်ဗျားတို့မှာ ဂိုဏ်းချုပ်ကြီးဆီက အမိန့်စာပါသလား”

ဟုန်ကျင်းက ဒေါသဖြင့် ငေါက်လိုက်၏။

“မင်းတို့တော်တော်လျှာရှည်တဲ့ကောင်တွေပဲ၊ ငါတို့က အရှေ့ပိုင်းကျောက်စိမ်းနဂါးဂိုဏ်းကကွ၊ မင်းတို့ ဒီတရားခံကိုလက်မခံနိုင်ဘူးဆိုရင် ငါတို့က သတ်ပစ်လိုက်ရုံပဲ၊ ဂိုဏ်းချုပ်ကြီးက ဒီတရားခံ ဘယ်မှာလဲလို့ မင်းတို့ကိုမေးရင် မင်းတို့ပဲဒုက္ခရောက်မှာ ငါတို့ကတော့ အနေသာကြီး”

အစောင့်နှစ်ယောက်မှာ ဦးနှောက်ခြောက်သွားတော့သည်။ အစောင့်များသည် ဟုန်ကျင်း၊ စီလင်ရှုနှင့် ဝမ်ဖေးတို့ကို မမြင်ဘူးကြချေ။ မမြင်ဘူးသည်မှာလည်း အဆန်းတော့ မဟုတ်ချေ။ ဤသူများမှာ အရှေ့ပိုင်းသားများဖြစ်နေသည်။



အစောင့်နှစ်ယောက်သည် တီးတိုးတိုင်ပင်ကြပြီးနောက် ဟုန်ကျင်းပြောသည့်အတိုင်း မြို့စားကြီးရှိရာ အချုပ်ခန်းကိုခေါ်သွားကြလေတော့၏။ ဟုန်ကျင်းတို့သည် ဣန္ဒြေမပျက်နောက်မှ လိုက်လာကြသည်။

ဤအဆောင်နှစ်ရှိ အချုပ်ခန်းများမှာ လွန်စွာ စနစ်ကျလှသည်။ အချုပ်ခန်းတစ်ခုမှအသံကို အခြားအချုပ်ခန်းတစ်ခုမှမကြားနိုင်ချေ။ အခန်းတိုင်းလိုလို အချုပ်သားများရှိနေသည်။ ကျောက်စိမ်းနဂါးဂိုဏ်းနှင့်ဆန့်ကျင်သမျှ သိုင်းသမားများကိုဖမ်းဆီးထားခြင်းဖြစ်သည်။

ဟုန်ကျင်း၊ စီလင်ရှု၊ ခွန်ချုန်းနှင့် ဝမ်ဖေးတို့သည် အချုပ်ခန်းခန်းသမျှကို မှတ်သားလာခဲ့ကြသည်။ အချုပ်ခန်းထဲတွင်ရှိသော အချုပ်သမားများကိုလည်း တတ်နိုင်သမျှ မှတ်သားလာခဲ့သည်။

ဟုန်ကျင်းသည် ခေါ်လာသည့် အစောင့်နှစ်ယောက်ကို တိုက်ခိုက်ရန် စဉ်းစားထားပြီးဖြစ်၏။ တစ်ခုသောအချုပ်ခန်းရှေ့သို့ရောက်သောအခါ သူတို့ရပ်လိုက်ကြသည်။ ထိုအချုပ်ခန်းရှေ့တွင် နဂါးရုပ်ကြီးတစ်ခုရှိ၏။

ထိုနဂါးရုပ်ကြီး၏ဦးခေါင်းကို ချိုးချလိုက်သောအခါ အချုပ်ခန်းတံခါး ပွင့်သွားတော့၏။ သူတို့သည် အခန်းထဲဝင်လာကြ၏။ အတွင်းခန်းတစ်ခုရှိ သေးသည်။ ထိုအခန်းမှာ သော့ခတ်ထားသည်။

“ကဲ… ဖွင့်စမ်း”

အစောင့်နှစ်ယောက်သည် သော့ကိုဖွင့်လိုက်ကြ၏။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



ခွန်ချမ်းနှင့်စီလင်ရှတို့က အစောင့်နှစ်ယောက်ကိုအကြောထိုးပိတ်လိုက်ကြတော့သည်။ အစောင့်များမှာ ဝုန်းခနဲလဲကျသွားသည်။

သူတို့သည် မြို့စားဝမ်ပင်း၏အချုပ်ခန်းတံခါးကိုဖွင့်လိုက်ကြ၏။ မြို့စားကြီးဝမ်ပင်းကား သူတို့အား ကျောပေး၍ထိုင်နေ၏။ သူတို့ကို မကြည့်ချေ။ ဟုန်ကျင်း ခေါ်လိုက်၏။

"မြို့စားကြီး"

မြို့စားကြီးဝမ်ပင်းသည် ထိုအခါမှ လှည့်ကြည့်၏။

ဟုန်ကျင်းက....

"ကျုပ်တို့မြို့စားကြီးကို လာကယ်တာပါ"

ထိုအခါ မြို့စားကြီးသည် ဝမ်းသာအားရ ခုန်ထလိုက်သည်။

"ဟာ... တကယ်လား၊ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ၊ ဒီကျောက်စိမ်းနဂါးဂိုဏ်းသားတွေရဲ့လက်ထဲမှာ ကျုပ်အသက်ဆုံးရပြီမှတ်နေတာ"

ဟုန်ကျင်းက....

"ကျုပ်တို့က ဘယ်အန္တရာယ်မှမရှိပါဘူး၊ ကယ်ရမှာပေါ့"

"မောင်ရင်တို့က တကယ့်သူရဲကောင်းတွေပါပဲ"

မြို့စားကြီးသည် ချီးကျူးလေ၏။ ဟုန်ကျင်းက....

"ဒါနဲ့ ယန္တရားဖားကို သူတို့ဂိုဏ်းချုပ်ကြီးက ဘယ်အခန်းမှာသိမ်းဆည်းထားသလဲ"

မြို့စားကြီးက....

"အဲဒါတော့ ကျုပ်မသိဘူးဗျာ၊ ယန္တရားဖားဟာ သူ့ကိုအသက်ပဲ၊ တော်ရုံနေရာမှာတော့ ထားမှာမဟုတ်ပါဘူး၊ ကျုပ်ကလဲ



ဒီယန္တရားဖားကြီးကို မြော်တုန်းက မြင်ရတာပဲ"

မြို့စားကြီးသည် စကားအကြောင်းပြောသည်နှင့် စေ့ခဲက တုန်နေ၏။ ဟုန်ကျင်းက....

"ကဲ... ကျုပ်တို့မြို့စားကြီးကိုလဲ ကယ်ပြီးပြီ ဂိုဏ်းချုပ်ကြီးကိုတုန်း လွှင်ရှာရတာ ကျုပ်တို့ပို့လွှတ်လိုက်တယ်၊ ဒီမှာ အချိန်ဖြုန်းနေလို့လဲ မသင့်ဘူး၊ ဒီတော့ ဒကာတို့က မြို့စားကြီးကိုခေါ်ပြီး မြင်းရဘားပါအရောက်ပြေးပေတော့၊ ကျုပ်ကတော့ ယန္တရားဖားကိုရှာရဦးမယ်၊ ဖျက်ဆီးရဦးမယ်၊ နောက်ပြီး ယန္တရားဖားလုပ်တဲ့ကျွမ်းကိုပါ သတ်ဦးမယ်၊ ကျုပ်မှာ ဒီကျွမ်းပါမသွားရင်မဖြစ်ဘူး"

စီလင်ရှက ပြောလိုက်၏။

"ဟုန်ကျင်း"

"ပြော ဒကာကြီး"

"ကိုယ်တော်ဟာ ကိုယ်ကျိုးကိုလုံးဝမငဲ့ဘဲတဲ့ ကျောင်းဆရာက ပေးအပ်လိုက်တဲ့တာဝန်ကိုသာ ဦးစားပေးဆောင်ရွက်တာ ကို တပည့်တော်လေးစားချီးကျူးပါတယ်၊ နောက်ပြီး ကိုယ်တော်ဟာ အခုပညာမှာလဲ တစ်ဖက်ကမ်းခတ်တတ်မြောက်တာကို တပည့်တော်တွေ့ပါတယ်၊ ကိုယ်တော်ဟာ ဘက်စုံထူးချွန်တဲ့လူပဲ၊ မိတ်ဆွေဖွဲ့ထိုက်သွားရင် သိမ်နုစ်ရပါတယ်"

စီလင်ရှက ဆက်ပြောလေ၏။

"ဂိုဏ်းချုပ်ကြီးမန်ကောက်တင်က ဉာဏ်နီဉာဏ်နက်များပါတယ်၊ သူဟာ ကိရိယာတွေကို တပ်ဆင်ထားတတ်သူလဲဖြစ်လို့ ထောင်ချောက်အန္တရာယ်တွေဟာ မိုင်းမိုင်းလည်နေပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ထောင်ချောက်တွေကို ကိုယ်တော်သတိပြုပါ”

စီလင်ရှုသည် ရဲဘော်ရဲဘက်စိတ်ရှိစွာဖြင့် မှာကြား
သည်။ ဟုန်ကျင်းသည် သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။

“မှန်ပါတယ် စီလင်ရှု၊ ဒီခန်းတစ်ခုလုံး ထောင်ချောက်တွေ
ချည်းပဲရှိမယ်လို့ ကျုပ်ယုံပါတယ်၊ ဒါပေမယ့် ရှောင်လင်ကျော
တော်က ပေးအပ်တဲ့တာဝန်ကိုတော့ ကျုပ်လုံးဝပစ်ပယ်လို့မဖြစ်
ဘူးဗျာ၊ အသက်ရှိသရွေ့တော့ ဒီတာဝန်ကိုထမ်းဆောင်နေရမှာပဲ
ကဲ... ဒ ကာတို့လဲ မြို့စားကြီးကိုကယ်ထုတ်သွားပေတော့၊ ကျုပ်
တော့ တာဝန်ဆက်လက်ဆောင်ရွက်လိုက်ဦးမယ်၊ အရဏ်မလင်း
တော့ မြင်းရထားဆီရောက်လာနိုင်အောင်တော့ ကျုပ်ကြိုးစား
မယ်”

ဟုန်ကျင်းသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်သွား
လေတော့၏။

(၂၆)

## အန္တရာယ်ကိုပြေးတွေ့ခြင်း

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် ကျောက်ဂူစခန်းတ
ခန်းထဲသို့ရောက်နေ၏။ အခန်းထဲ၌ ကျမ်းကိုရှာသော်လည်းမတွေ့



ပေ။ ကျမ်းမှာ အဖိုးတန်လှသဖြင့် အစောင့်အနေမရှိဘဲ ပစ်စလက်
တ်ထားရှိမည်မဟုတ်ချေ။

ယခုအချိန်၌ မြို့စားဝမ်ပင်းနှင့် မြို့စားသမီးချင်ချင်တို့ကို
လင်ရှု၊ ခွန်ချန်းနှင့် ဝမ်ဖေးတို့ကယ်တင်သွားလောက်ပေပြီ။ သူက
တော့ တာဝန်နှင့်ဖြစ်၍ ထိုတာဝန်ကိုထမ်းဆောင်ရန် ကြိုးစားရပေ
တော့မည်။ ယန္တရားဖားနှင့်ကျမ်းကို မည်သည့်နေရာ၌သိမ်းဆည်း
ထားကြောင်း မည်သူ့ကိုမျှစုံစမ်း၍ မရချေ။

သူ တစ်ခန်းဝင် တစ်ခန်းထွက် စုံစမ်းနေသည်ကို ကျောက်
း်ကိုဏ်းသားများကလည်း ဂရုမပြုချေ။ အဘယ်ကြောင့်ဆိုသော်
ကိုယ်တိုင်ကျောက်စိမ်းနဂါးဂိုဏ်းသားဝတ်စုံကို ဝတ်ဆင်ထား
သာကြောင့်တည်း။

သူသည် အခန်းတစ်ခန်းဆီသို့ရောက်လာသည်။ သူသည်
စောင့်တံခါးမှူးဆီမှရလာခဲ့သော သော့တံကလေးကိုထိုးသွင်းလိုက်
ည်။ နဂါးရုပ်ကြီးထံမှ ချောက်ခနဲအသံကြားလိုက်ရပြီး တံခါးချပ်
ည်သည် တကျိကျိနှင့်ပွင့်သွားသည်။

အခန်းတံခါးလုပ်ထားပုံမှာ မည်သည့်အခန်းနှင့်မျှမတူ သပ်
လှသဖြင့် တစ်စုံတစ်ခုတော့ ဤအခန်းတွင်း၌ရှိမည်ဟု ယုံကြည်
တ်မိသည်။

“ဟော”

ဟုန်ကျင်းသည် ဝမ်းသာသွား၏။ အခန်းထောင့်တွင် ဖန်
င်းချောင်တစ်ခုရှိပြီး ထိုဖန်ပေါင်းချောင်ထဲ၌ ကျမ်းစာအုပ်တစ်အုပ်
သည်။

www.burmeseclassic.com



ဟုန်ကျင်းသည် ဖန်ပေါင်းရောင်ဆီသို့ ခြေလှမ်းကို ...
လှမ်းသွားသည်။ သူ့အတွက် အကြီးမားဆုံးကျေးဇူးပြုမည့် ...
ရောက်တစ်စုံ မတွေ့ရသေးပေ။

ကြောင်ကြီးမှကြောင် မျက်နှာတစ်ခုလုံး ချွေးများပြိုက်...
၏။ သူသည် တရွေ့ရွေ့ ချဉ်းကပ်လာခဲ့ရာ ဖန်ပေါင်းရောင်...
ရောက်ရှိလာလေ၏။

မြို့တောဝင်ပင်းသည် သမီးဖြစ်သူ ရှင်ရှင်အား ကြည့်...
စိတ်မကောင်းဖြစ်နေမိ၏။ ရှင်ရှင်၏အဖြစ်အပျက်ကို ...
မိလင်ရှက အကျိုးအကြောင်းပြောပြထားသဖြင့် အခြေအနေကို ...
သိနေပေသည်။

ယခု သူတို့အားလုံးသည် မြင်းရထားထဲရောက်နေကြ...
သည်။ သမီးကို ရှေ့မှတွေ့နေရသော်လည်း မြို့တော်ကြီးဝင်ပင်း...
သမီးကိုကြင်နာစွာ ကြည့်နေရသည်။ တကယ်တော့ ဖမ်းမြှင့်...

ရှင်သူ့နယ်အတွင်း၌ ဤသို့ ဆိတ်ငြိမ်နေခြင်းသော ...
ကောင်းဆုံးဖြစ်သည်ဟုတော့ပါလေ။ စိတ်ကိုဝေခါးဆောင်း ...
ကူသစ်ထားရသော ရှင်ရှင်မှာ မြင်းရထားထဲ၌ ငြိမ်သက်စွာထိုင်...
ပေသည်။

မြင်းလှည်းထဲ၌ သူတို့အားလုံး ငြိမ်သက်စွာထိုင်နေကြ...
မြို့ စောင့်အားလုံးသည် ရန်သူများရှိနေသည်ကို မရိပ်မိ...



...ငြိမ်သူကိုစောင့်နေသနည်း။ ဟုန်ကျင်းကို စောင့်နေခြင်းသာဖြစ်
...သည်။ သူတို့အားလုံးသည် ဟုန်ကျင်းအတွက် ပူပန်နေကြ၏။

"ကျွန်ုပ်လိုက်သွားရင် ကောင်းမလား"

မိလင်ရှက ပြောလိုက်သောအခါ ဝမ်စေက ခေါင်းခါသည်း
...တဖြစ်တော့သည်။

"ဟာ... ဘယ်ဖြစ်မလဲဗျာ၊ ဝင်များပဲဦးစားကြည့်ပါဦး၊ မိ
...ကအကျယ်ကြီးဗျ၊ ကိုယ်တော်ဟုန်ကျင်း ဘယ်ရောက်နေတယ်
...ဆိုတာကိုလဲ ဝင်များလဲမသိဘူး၊ လိုက်ရှာရင် သူ့ရောက်လာရင် ဝင်
...များကို ထပ်ရှာရဦးမယ်၊ စောစောတော့ သည်းခံပြီး စောင့်လိုက်ပါဦးဗျာ"

ဝမ်စေးခေါင်းပြနောက်မှာ ကျိုးကြောင်းဆီလျော်သဖြင့် မိ
...င်ငြိမ်နေလိုက်ရသည်။

"ယန့်ရှာမားကြီးကိုမျက်ဆီးဖို့ သူရှာနေတာထင်တယ်"

မိလင်ရှကပြောလိုက်၏။ ထိုအခါ ရှန်ရှန်က ဝင်ပြောသည်။

"မဖြစ်နိုင်ဘူး၊ ယန့်ရှာမားကိုတော့ သူ ဘယ်လိုမှရှာနိုင်
...ယ် မထင်ဘူး၊ ကျွန်ုပ်စိတ်ထင် ဖန်ကောက်တင်ဟာ မိယန့်ရှာမား
...ကို မိနန်းထဲမှာထားရှင်မှတော် ထားလိမ့်မယ်၊ အပြင်တစ်နေရာ
...မှာ ဝှက်ထားတယ်လို့ ထင်တာပဲ၊ ဟုန်ကျင်းဟာ ယန့်ရှာမားကို
...တော့ တွေ့နိုင်မှာမဟုတ်ဘူး"

သူတို့သည် မြင်းရထားထဲ၌ စိတ်မှုလက်မှုပြောနေနိုင်
...သည်။ အဘယ်ကြောင့်ဆိုသော် မြင်းရထားသည် မှောင်ထဲ၌ရပ်ထား
...သောကြောင့်ဖြစ်သည်။ ဝမ်စေက...

"ကျွန်ုပ်တို့အားလုံးဟုန်ကျင်းကို မိနေရတာပဲ စောင့်ရဦးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူဟာ ဒီနေရာကိုအရောက်လာမှာပါ၊ သူဟာ ကျုပ်တို့အား လုံးထက် အစွမ်းကောင်းသူဖြစ်ပါတယ်"

ဝမ်ဖေး၏စကားကို အားလုံးက လက်ခံကြ၏။

"အင်း... သူ့အစွမ်းကိုတော့ ကျုပ်က ယုံပါတယ်၊ ဒါပေ မယ့် ဖန်ကောက်တင်ဟာ အင်မတ်ဉာဏ်များတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ် အဲဒါပဲ ကျုပ်စိုးရိမ်ပါတယ်"

စီလင်ရှုက ဖန်ကောက်တင်ကိုလျှော့မတွက်သဖြင့် စိုးရိမ် ကြောင်း ပြောပြလိုက်သည်။ မြို့စားကြီးသည် စုပ်သပ်လိုက်သဖြင့် စီလင်ရှုက မေးလိုက်သည်။

"ဘာဖြစ်တာလဲ မြို့စားကြီး"

"ဘာမှမဟုတ်ပါဘူးဗျာ၊ သူတို့နှိပ်စက်ထားတဲ့ဒဏ်ရာဒဏ် က နာလို့ပါဗျာ"

"ဟာ... ဟုတ်သားပဲ"

စီလင်ရှုသည် မြို့စား၏ဒဏ်ရာဒဏ်ချက်များကို ဆေးများ ထည့်ပေးပြီး ပြုစုသည်။ သူတို့သည် ဤသို့ဖြင့် ဟုန်ကျင်းကိုစောင့် စား လျက်ရှိကြသည်။



(၂၇)

## လွှတ်မြောက်ခြင်း

ချင်ချင်သည် စီလင်ရှုအပေါ် ရန်လိုစိတ်များပျောက်ကွယ် သွားသည်။ အကြည့်များကလည်း မိတ်ဆွေကိုကြည်သည့် အကြည့် မျိုးဖြစ်သည်။

စီလင်ရှုမှာ ချင်ချင်၏ငြိမ်းချမ်းသောအကြည့်များအတွက် များစွာ စိတ်သက်သာရပါသည်။ ချင်ချင်သည် စီလင်ရှုကိုငေးမော ကြည့်ရှုနေသဖြင့် စီလင်ရှုက မေးလိုက်လေ၏။

"ချင်ချင်... ဘာပြောချင်လို့လဲဟင်"

ချင်ချင်က ခေါင်းကိုခါယမ်းလိုက်၏။

"ဟင့်အင်း... ကျွန်မ ဘာမှမပြောချင်ပါဘူး၊ ရှင်တို့လုပ် ဆောင်ချင်တဲ့ကိစ္စကိုသာ ပြောပါ၊ ကျွန်မ အဆင်ပြေဆုံးဖြစ်အောင် လုပ်ဆောင်ပေးပါမယ်ရှင်"

စီလင်ရှု သက်ပြင်းချလိုက်သည်။ သူမနားထင်၌ စိုက်ဝင်နေ သောအပ်ကလေး၏အစွမ်းကား အံ့မခန်းရှိ၍ပေတကား။ ချင်ချင်သည် စိတ်ညို့ခံထားရသူပမာ စီလင်ရှုတို့၏ခိုင်းစေမှုကို လုပ်ဆောင်ပေးနေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဖိလင်ရှာကတော့ မိတ်မသောက်သာလှယ်။ ရှစ်ရှင် မှုန်ဖိတ်စက် ပြန်မရလျှင် သူ့ကိုမှတ်မိမည်မဟုတ်ပါ။

ထိုအချိန်၌ အကြောပိတ်ထားရသော ရှင်မှုန့်၏အကြော များသည် အလိုလိုပွင့်သွားလေ၏။ တစ်ကိုယ်လုံး ထုံကျဉ်ရှုံ့တွန့်နေသော သည်တို့ကို ကိုယ်လက်လှုပ်ရှား၍ ဖြေဖျောက်လိုက်သည်။

သူသည် ရန်သူများ၏ ရေစခေတောင်ရွာနေရှုပ်ထဲသို့ ဝင်သော ကြောင်း သိလိုက်သည်။ ထိုအကြောင်းကို ကျောက်မိမ်နဂါးနှင့် သားများကို အသိပေးရမလိမ့်မည်။ သူသာ သတိမပေးနိုင်လျှင် ဝိုင်းရှုပ်ကြီးမနက်ကောက်တင်က သူ့ကို အရေးယူအပြစ်ပေးတော့မည်။

သူသည် မှောင်ထဲ၌ ငယ်အနိုင်လျှောက်လာ၍ ဝိုင်းသော များကို အကြောင်းကြားနိုင်မည့်လောက်ဆီသို့ လျှောက်လာနေသည်။

"ဝေါင်... ဝေါင်... ဝေါင်"

"ဝေါင်... ဝေါင်... ဝေါင်"

ရှင်မုန့် ထွီ ခုက်လေ့ခုံနိုင်လိုက်သောအခါ စေနဲတစ်ရှုံ ရှည်သွားတော့သည်။

"ရန်သူဝှေ့ဝင်နေပြီဟေ့... ရန်သူဝှေ့ဝင်နေပြီ"

"အသင့်ပြင်ကြ... တိုက်ကြ"

"သူချိုတွေ... သူချိုတွေ"

အသံများသည် ရှည်သွား၏။ သို့သော် ပြင်းရသောမှာ အ မှောင်ရိုင်ထဲ၌ ရပ်ထားသဖြင့် တောကင်းနေသည်။ ပြင်းရသောကို ညည်သူများသည်။ လာကြည့်ကြ၍ ခုကွဲရောက်သူမှာ ဟုန်ကျင်း



သာဖြစ်သည်။ သူသည် တကြိမ် ဖြေရတော့သည်။

"ဟေ့... ရပ်စမ်း"

"ရွှမ်း... ထန်း... ထန်း"

ကြားဖြတ်တားဆီးသည့်ရန်သူများသည် ဟုန်ကျင်းအား ထိုးမှတ်တိုက်ခိုက်တော့သည်။ မီးပွင့်များသည် ပြာစနဲ့ထွက်သွား သည်။ ဟုန်ကျင်း၏ဓားချက်အောက်၌ ရန်သူ့သုံးယောက် အသက် ပျောက်သွား၏။

သူသည် ခုတ်ယတ်ခံပေါက်ဆီသို့ ပြေးလာသည်။ ခုတ်ယ တ်ခံပေါက်သို့အရောက်တွင် အစောင့်များသည် ထွားနေပေါ်လာ ၏။

"ရန်သူဟေ့... တိုက်ကြ"

ကျောက်မိမ်နဂါးအဖွဲ့သားငါးယောက်သည် ဟုန်ကျင်းကို ခိုင်းတိုက်ကြ၏။ ရန်သူ့လက်နက်များသည် ဟုန်ကျင်း၏ကိုယ်ပေါ် ပေါ်သို့ ကျရောက်လာ၏။ သို့သော် ဟုန်ကျင်းသည် ထိုဓားကိုလွှယ် ကူစွာ ယယ်ရှားနိုင်၏။

"ဖြိုး... ရွှမ်း... ဖြိုး"

"ထန်း... ထန်း... ထန်း"

ဟုန်ကျင်းသည် တာရှင်မယ်ရှားမပ်လိုက်၏။

"အား... ဟီး... အင်"

ထိုငါးယောက်စလုံးမှာ သေမန်းပွင့်သွားကြပါသည်။ သွေး များသည် ပြာစနဲ့ကျလာပါသည်။ ဟုန်ကျင်းသည် ခုတ်ယတ်ခံမှ အလျင်အမြန်ပြေးထွက်သွားတော့၏။ ယခု ကျောက်မိမ်နဂါးမိမ်သော

www.burmeseclassic.com

www.burmeseclassic.com



မားများ အတော်များများ ကျဆုံးသွားပေပြီ။

"ကိုယ်တော်ဟုန်ကျင်း ပြေးခဲ့၊ ဒီကိုအမြန်ဆုံး ပြေးခဲ့"

ဟုန်ကျင်းသည် အသံကြားရာသို့ ကြည့်လိုက်မိလေ၏။

စီလင်ရှူသည် မားမားကြီးရပ်ပြီး ကြိုးတစ်ချောင်းကိုလေထဲ၌ ဝှေ့ယမ်းနေ၏။ သူသည် ဟုန်ကျင်းနောက်မှ လိုက်လာသည့် ကျောက်စိမ်းနဂါးဂိုဏ်းသားများကိုတိုက်ခိုက်ရန် အသင့်ဖြစ်နေပြီ။

ဟုန်ကျင်းသည် စီလင်ရှူကိုဖြတ်ကျော်ပြေးသည်။ နောက်မှ ပြေးလာသော ကျောက်စိမ်းနဂါးဂိုဏ်းသားများကို စီလင်ရှူသည် သူ ကိုင်ထားသည့် တစ်လံခန့်ရှည်သည့်ကြိုးဖြင့် တိုက်ခိုက်လေတော့၏။

"ဝိုး... ဝိုး... ဝိုး"

"ရွမ်း... ရွမ်း... ရွမ်း"

"အား... အင့်... အား"

လိုက်လာသည့်ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် အတုံးအရုံးလဲကျသွားလေ၏။

"လာ... ပြေးကြစို့"

ဟုန်ကျင်းနှင့်စီလင်ရှူတို့သည် တစ်ဟုန်ထိုးထွက်ပြေးကြလေ၏။ လဲကျနေသည့် ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် လူးလဲထ၍ ပြေးလိုက်ကြသည်။

"လိုက်... လိုက်... ရန်သူ... ရန်သူ"

"အလွတ်မပေးနဲ့ လိုက်ကြ"

ထိုအချိန်တွင် မြင်းရထားတစ်စီးသည် အရှိန်ပြင်းစွာနှင့် မောင်းနှင်လာလေ၏။ ခွန်ချန်းမောင်းနှင်လာသည့် မြင်းရထားပေတည်း။ မြင်းရထားပေါ်၌ မြို့စားကြီးဝမ်ပင်း၊ မြို့စားကြီးသမီးချင်ချင်နှင့်ဝမ်ဖေးတို့ ပါလာသည်။



မြင်းရထားကို အပြင်းမောင်းလာသည့်ခွန်ချန်းသည် ပြေးလိုက်လာသည့်ကျောက်စိမ်းနဂါးဂိုဏ်းသားများထဲသို့ တစ်စုံတစ်ခုနှင့် ပစ်ပေါက်နေသည်။

"ဝုန်း... ဝုန်း... ဝုန်း"

သူပေါက်သည့်အရာများကား ယမ်းထုတ်များပေတည်း။ ယမ်းထုပ်များပေါက်ကွဲသဖြင့် ကျောက်စိမ်းနဂါးဂိုဏ်းသားများ လွင့်စဉ်ထွက်ကုန်သည်။ ထိုဂိုဏ်းသားများ ဖရိုဖရဲပြိုကွဲကုန်သည်။ သူတို့သည် ဟုန်ကျင်းနှင့် စီလင်ရှူတို့ထံသို့ မလိုက်နိုင်တော့ပေ။

"ဟား... ဟား... ဟား၊ လိုက်ကြပါဦးလား"

ခွန်ချန်းသည် အော်ဟစ်ရယ်မောရင်း ဟုန်ကျင်းနှင့် စီလင်ရှူတို့ဆီ တစ်ဟုန်ထိုးမောင်းနှင်လာ၏။

"တက်ကြဟေ့... တက်ကြ၊ ကျုပ်ရထားက နတ်ပြည်အထိမောင်းမှာ၊ ဟား... ဟား... ဟား"

ဟုန်ကျင်းနှင့် စီလင်ရှူတို့သည် မြင်းလှည်းတစ်ဖက်တစ်ချက်ဆီသို့ ပြေးလိုက်ပြီး ခုန်တက်လိုက်ကြ၏။ မြင်းရထားမည်မျှမြန်စေ ဟုန်ကျင်းတို့အဖို့ ဤသို့ဆွဲတက်ရန်မှာ လွယ်ကူလှပါသည်။ သူတို့သည် ထိပ်တန်းသိုင်းသမားများ မဟုတ်ပါလား။ ခွန်ချန်းက ချင်ချင်အား လှမ်းအော်လိုက်၏။

"မိန်းကလေး... ကျုပ်တို့ကိုထွက်ပေါက်တော့ ပြပေးပါဗျ၊ ဒီအတိုင်း လျှောက်မောင်းနေလို့တော့ မဖြစ်ဘူး၊ တော်ကြာ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မြင်းရထားရေ့ ကျောက်တုံးကြီးကြီးမားမားတစ်ခုတည်ထားရင် ကျွပ်တို့ခုကျရောက်လိမ့်မယ်"

ချင်ချင်က….

"ကိစ္စမရှိဘူး အရှုင်မောင်းနေတဲ့လမ်းအတိုင်း တည့်တည့်သွားပါ၊ အဲဒါ ထွက်ပေါက်ပဲ"

"ဟုတ်လား… ဒါဆိုရင် ဟန်ကျပြီ"

နွန်ချွန်းသည် အားရပါးရ ဆော်ဟစ်ပြီးမြင်းများကို ကျာပွတ် တချွမ်ချွမ်း ရိုက်လေတော့၏။ ချင်ချင်သည် ပြတင်းပေါက်မှကိုယ်တစ်ပိုင်းထွက်ပြီး အ စောင့်များကိုပြုံးပြီး တံခါးပေါက်ဖွင့်ရန် အချက်ပြနေသည်။

အစောင့်များသည် ကျောက်မီးသခင်မလေး၏ အချက်ပြနေသဖြင့် လှို့ဝှက်တံခါးကို အမောတကောဖြေဖွင့်ပေးကြသည်။

"ဝေါ"

မြင်းရထားသည် ဝေါခနဲ တံခါးကိုဖြတ်သန်းသွား၏။ သူတို့အားလုံးခေါင်းအထွင်းမှ တွေးမသိရှုန်မ၈ လွတ်မြောက်သွားကြလေပြီ။

(၂၈)

ကျောက်မီးနဂါးဂိုဏ်းချုပ်ကြီး မန်ကောက်တင်သည် အ



ကြီးအကျယ်ဒေါသထွက်နေ၏။

"တောက်… မင်းတို့အားလုံးတစ်ယောက်မှ သောက်သုံးမကျဘူး ရန်သူဟာ ကိုယ့်ပိုင်နက်ထဲကျူးကျော်ဝင်ရောက်လာပြီး စိတ်ကြိုက်တိုက်ခိုက်သွားတယ်လို့ကွား ကျောက်မီးနဂါးဂိုဏ်းရဲ့ ရာဇဝင်မှာ ဒီလိုတစ်ခါမှ မရှိခဲ့ဘူးကွ"

ခရီးထွက်ရာမှ ပြန်ရောက်လာသော မန်ကောက်တင်သည် ဝင်ရောက်အတိုက်ခံရသည့်သတင်းကို ခရီးရောက်မဆိုက် သိရှိလိုက်ရသောအခါ ထိန်းမနိုင်သိမ်းမနိုင်ဒေါသပုန်ထလေတော့သည်။

သို့သော် ကျန်သည့်လူများကိုတော့ အပြစ်မပေးချေ။ အကြောင်းရှိသည်။ မန်ကောက်တင်ကိုယ်တိုင် သူ၏လက်ရုံးတပည့်များကို ခေါ်သွားသည့်အပြင် ရှိနေသောကြောင့်တည်း။

သူ့စိတ်ထဲ၌ လက်ရုံးတပည့်များကိုချန်မထားခဲ့သဖြင့် လုပ်ချင်တိုင်းလုပ်သွားသည်ဟု ထင်သည်။ သို့သော် လက်ရုံးတပည့်တစ်ယောက်ကျန်ခဲ့သည်။ ထိုသူကား ချင်ဖုန်တည်း။ အခြားတပည့်တစ်ယောက်က ဝင်ချွန်သည်။

"ဆရာကြီး ဒီမှာဆရာကြီးရဲ့ လက်ရင်းတပည့်တွေ တစ်ယောက်မှမရှိဘူးဆိုတာ မဟုတ်ပါဘူး။ ဆရာကြီးရဲ့လက်ရင်းတပည့် တစ်ယောက် ရှိနေပါတယ်၊ သူကတော့ ချင်ဖုန်ပါ၊ သူရှိနေလျက်နဲ့ ဒီလိုဖြစ်ရတယ်ဆိုတာဟာ သူ အသုံးမကျလို့ဆိုတာ ပေါ်လွင်နေပါ တယ်ခင်ဗျာ"

ဂိုဏ်းချုပ်ကြီးမန်ကောက်တင်သည် ခြေဆောင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... သူရှိနေလျက်သားနဲ့ ဒီလိုဖြစ်ရတာဟာ သူ ခေါင်းဆောင်မှုညံ့လို့ပဲ"

ကျောက်ဖိန်၊ ကျောင်ချူးနှင့် ကျားမုဆိုးဟန်ချင်းတို့သည် ခေါင်းငုံ့နေကြလေ၏။ ဖန်ကောက်တင်၏မျက်နှာကတော့ တဖြည်း ဖြည်းညိုမည်းနေသည်။

"ချင်ဖုန် အခု ဘယ်မှာလဲ"

"ထွက်ပြေးသွားပါပြီ ဆရာကြီး"

ဂိုဏ်းချုပ်ကြီးသည် ထရပ်လိုက်၏။

"အလကားကောင်... ခွေးလောက်တောင် သစ္စာမရှိတဲ့ ကောင်၊ သစ္စာဖောက်... ဒီကောင့်ကို ငါ့ပိုင်နက်ထဲကမထွက်နိုင်ခင်မှာ အပြတ်ရှင်းပစ်ရမယ်၊ စန်းပိုမြစ်ကွေ့မှာရှိတဲ့ ငါတို့ဂိုဏ်းသားတွေဆီ ကို သတင်းပို့လိုက်၊ ချင်ဖုန်ကို အသေသတ်ပစ်လိုက်လို့"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ဖန်ကောက်တင်မှာ ချင်ဖုန်အပေါ် လွန်စွာ ဒေါသထွက်နေ သည်။ ယခုကျောက်စိမ်းနဂါးဂိုဏ်းမှာ လွန်စွာအင်အားကောင်းနေ ချိန်ဖြစ်၏။ ယန္တရားဖားအရှိန်အဝါသည် လွန်စွာကြီးမားသည်။ ထိုအ ရှိန်အဝါဖြင့် ဂိုဏ်းများ၏စည်းရုံးရေးကောင်းလာခြင်းဖြစ်သည်။

အသင်းဝင်များ အလွန်တိုးတက်နေ၏။ ထို့ကြောင့် ချင်ဖုန် သည် သူ့ပိုင်နက်နယ်မြေအတွင်းမှ လွတ်ထွက်မသွားဟု သူယုံကြည် ပေသည်။ သူသည်ကျားမုဆိုးဟန်ချင်းကို တာဝန်ပေး၏။

"ဟန်ချင်း... မင်း သူ့နောက်ကိုလိုက်၊ ခြေရာခံရရင် နယ် မြေဆိုင်ရာဂိုဏ်းတွေသတင်းပို့... ကြားလား"



"ကြားပါတယ် ဂိုဏ်းချုပ်ကြီး"

ဟန်ချင်းက ခေါင်းညိတ်လေ၏။

"မင်း အချိန်ဆိုင်းမနေနဲ့၊ ခုချက်ချင်း ချင်ဖုန်ကိုခြေရာခံ လိုက်၊ ကျန်တဲ့ ကျောက်ဖိန်နဲ့ကျောင်ချူးတို့က အချုပ်ခန်းကိုအမြန် ဆုံးစစ်ဆေးပြီး တာဝန်တွေကို ခွဲဝေပေးကြချေ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျောက်ဖိန်နှင့် ကျောင်ချူးတို့က ဦးညွှတ်အရိုအသေပြု ရင်း တဖြည်းဖြည်း နောက်ဆုတ်ထွက်ခွာသွားကြလေသည်။

(၂၉)

အမြဲ့ခက်ပါ

လေသည် တဖြည်းဖြည်းပြင်းထန်လာ၏။ နှင်းပွင့်များ မျက်နှာကိုလာရောက်ထိမှန်သောအခါ သာမန်လူဆိုလျှင် ကျိန်းစပ် နာကျင်သွားပေမည်။ မြင်းလှည်းခေါင်မိုးပေါ်ရှိ ခွန်ချန်း၏ တစ် ဖက်တစ်ချက် ဟုန်ကျင်းနှင့် စီလင်ရှုတို့လိုက်ပါလာကြ၏။

ဟုန်ကျင်းသည် လေတိုက်ခတ်သည့်ပုံကိုကြည့်ပြီး အာ ခေါင်းတရှုံ့ရှုံ့ဖြစ်နေသည်။ ခွန်ချန်းက...

"ကိုယ်တော်ဟုန်ကျင်း... ဘာများထူးခြားလာလို့လဲဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်တို့ကိုလဲ ပြောပြပါဦး"

ဟုန်ကျင်းက ကောင်ကောင်ကိုလက်ညှိုးထိုးပြပြီး....

"အစုအခြေအနေက ဆီနှင်းမုန်တိုင်းကျတော့မယ့်အခြေအနေပဲဗျ၊ လေတိုက်ပုံလဲ ပြောင်းလဲလာတယ်၊ ဆီနှင်းတွေလဲ သိပ်ကျလာတယ်၊ အခြေအနေသိပ်မကောင်းဘူးဗျ"

"ဒီတော့ တပည့်တော်တို့ ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ"

စိုလင်ရှုက ဝင်မေးလိုက်၏။ ဟုန်ကျင်းက....

"နောက်ဆိုရင် မြင်းရထားတောင် မောင်းလို့ရတော့မှာ မဟုတ်ဘူး။ ကျုပ်တို့ ဒီမြင်းရထားကိုစွန့်ပြီး မန်းလိုမြစ်ကွေ့ရှိတဲ့နေရာကို ခြေကျင်လျှောက်မှဖြစ်မယ်"

အားလုံးစိတ်ဓာတ်ကျသွားသည်။ ဆီနှင်းမုန်တိုင်းအထဲကို ဤမြင်းရထား မစီးနိုင်ဟုဆိုသည်။ သူတို့ခြေကျင်လျှောက်သည်ဆိုလျှင် ကျောက်စိမ်းနဂါးပိုင်နက်အတွင်းမှ တော်တော်နှင့်လွတ်နိုင်ဦးမည်မဟုတ်ချေ။

ဤနေရာ၌ သနားစရာအကောင်းဆုံးလူများမှာ မြို့စားကြီးဝမ်ပင်းနှင့် ချင်ချင်တို့သာဖြစ်ပေလိမ့်မည်။ သူတို့သည်သိုင်းသမားများ မဟုတ်ချေ။ ထို့ကြောင့် သိုင်းသမားကဲ့သို့ အကြမ်းမခံနိုင်ကြချေ။ သူတို့ဆီနှင်းတောထဲသို့ တိုးကြရမည်ကို စိုလင်ရှုများမှာ ကြင်နာမိပေသည်။

သူတို့ရေခဲတောင်တန်းမှ စပ်မြန်မြန် ထွက်သွားနိုင်မှ ကောင်းမည်ကို သိကြသည်။ ဤသို့မဟုတ်ပါက ဖန်ကောက်တင်နှင့်



၏ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် မိမိတို့နောက်သို့လိုက်ပြီး တိုက်ခိုက်ကြပေတော့မည်။ မိမိတို့သုံးယောက်နှင့်ဝမ်ဖေးတို့ မထောင်းသာလှသော်လည်း မြို့စားကြီးဝမ်ပင်းနှင့် ချင်ချင်တို့ ကျောက်စိမ်းနဂါးဂိုဏ်းသားများ လက်တွင်းသို့ပြန်လည်သက်င်းသွားကြရပေလိမ့်မည်။

ကျောက်စိမ်းနဂါးဂိုဏ်းထဲသို့ ပြန်လည်ကျရောက်သွားလျှင်တော့ မြို့စားကြီးဝမ်ပင်းနှင့် ချင်ချင်တို့မှာ မလွယ်တော့ချေ။ သူတို့သည် ယန္တရားဖားစာကျွေးခံရပေတော့မည်။ ယခုအချိန်လောက်လျှင် ကျောက်စိမ်းနဂါးဂိုဏ်းသားများ တပ်ဖြန့်၍ လိုက်လာလောက်ပေပြီ။ သူတို့ စိတ်အထင်သည် မှားနေ၏။

ဂိုဏ်းချုပ်ကြီးဖန်ကောက်တင် စေလွှတ်လိုက်သူမှာ ကျောက်စိမ်းနဂါးဂိုဏ်းသား အများအပြားမဟုတ်ချေ။ ကျားမုဆိုးဟန်ချင်းတစ်ယောက်သာ ဖြစ်ပါသည်။ သို့သော် ကျားမုဆိုးဟန်ချင်းသည် ကျောက်စိမ်းနဂါးဂိုဏ်းသားအယောက်ငါးဆယ်နှင့်ညီမျှလေ၏။

ဟုန်ကျင်းသည် မြင်းရထားတံခါးကိုဆွဲဖွင့်၍ အခြေအနေအရပ်ကို ပြောပြသည်။ မြို့စားကြီးဝမ်ပင်းနှင့် ချင်ချင်တို့က ဟုန်ချင်း၏စကားကို လက်ခံသည်။

"လျှောက်ဆိုလဲ လျှောက်ရမှာပေါ့။ မုန်တိုင်းမိမှာကိုး ကျုပ်တို့လျှောက်နိုင်ပါတယ်"

မြို့စားကြီးဝမ်ပင်းသည် ပြောပြောဆိုဆို မြင်းရထားအောက်သို့ဆင်းသည်။ ချင်ချင်လည်း လိုက်ဆင်း၏။ သူမကတော့

www.burmeseclassic.com



မည်သို့မျှ မပြောချေ။ ဟုန်ကျင်းက....

"ကဲ... အားလုံး ခြေကျင်လျှောက်ကြရတော့မယ်၊ လမ်းခရီးမှာ တစ်ယောက်အပေါ်တစ်ယောက် ယုံကြည်စိတ်ချမှုရှိကြရမယ်၊ တစ်ယောက်အပေါ်တစ်ယောက် သစ္စာရှိကြရမယ်၊ ခရီးကကြမ်းတယ်၊ ကျုပ်တို့မှန်တိုင်းမကျခင် လိုရာခရီးကိုရောက်ချင်လဲ ရောက်ကြမှာပဲ"

ရောင်လင်ကိုယ်တော်ဟုန်ကျင်းမှာ ခေါင်းဆောင်ဖြစ်မှန်းမသိဖြစ်နေသည်။ တကယ်တော့ ကိုယ်တော်ဟုန်ကျင်းသည် ခေါင်းဆောင်ဖြစ်ထိုက်သူပေတည်း။ သိုင်းပညာလည်း ကောင်းသည်။ ဆင်ခြင်စဉ်းစားနိုင်သည်။ ဉာဏ်အမြော်အမြင်လည်းရှိသည်။

ခွန်ချန်းက....

"ဒီလိုရှိတယ် ကိုယ်တော်၊ တပည့်တော်တို့ ဒီလိုသွားမယ့်အစား သစ်တောထဲဝင်ပြီး မုန်တိုင်းဒဏ်ကိုကြံ့ကြံ့ခံကြရင် မကောင်းဘူးလား။ မုန်တိုင်းမတိုက်ရင်လဲ ခရီးဆက်သွားကြတာပေါ့။ တောထဲဆိုတော့ ရန်သူကိုလဲ ခိုအောင်းတိုက်ခိုက်နိုင်တာပေါ့၊ လွင်ပြင်ထဲမှာဆိုတော့ ပိုဆိုးတာပေါ့၊ ကိုယ်က နားမျက်စိဖွင့်ထားရင်လဲ မဆိုးပါဘူး၊ ရေခဲတောင်က ဆီးနှင်းတွေလဲ ပြိုကျနိုင်တယ်၊ လွင်ပြင်ထဲကသွားရင် တောင်ခြေကိုရောက်မှာပဲ၊ အဲဒီအခါမှာ ဆီးနှင်းပြိုကျမှာကိုကြောက်ရတယ်"

"ဒီလိုဆိုရင် ဒီမြင်းရထားကို ဘယ်လိုလုပ်ရမှာလဲ"

"မြင်းတွေကို လွှတ်ပေးလိုက်ရမှာပေါ့။ မြင်းရထားကြီးနဲ့တွဲလျက်ဆိုရင် သူတို့လဲ ဘယ်လိုမှပြေးနိုင်မှာ မဟုတ်ဘူး"



ဟုန်ကျင်းတို့လေးယောက်သည် မြင်းများကိုလွှတ်ပေးလိုက်လေ၏။ မြင်းများသည် အနှောင့်အဖွဲ့မှလွတ်မြောက်သွားသည်ဖြစ်၍ ခြေဦးတည့်ရာပြေးလွှားသွားကြလေ၏။

"ကဲ... အားလုံးသွားကြမယ်"

ဟုန်ကျင်းက ပြောလိုက်သောအခါ အားလုံးဟုန်ကျင်းနောက်သို့ လိုက်ကြလေ၏။

(၃၀)

ရှာပုံတော်

သူတို့သည် ဆီးနှင်းများကြား လျှောက်လာကြ၏။ လေသည် တဖြည်းဖြည်း ပို၍ပြင်းထန်လာ၏။ သူတို့သည် သစ်ပင်များရှိသည့်နေရာသို့ ခပ်သွက်သွက်လျှောက်လာလေ၏။ အအေးဓာတ်ပိုလာသဖြင့် ရင်းအပ်၌ ဖြူးထားသည့်ဆေးဝါး၏အာနိသင် တဖြည်းဖြည်းကုန်ဆုံးလာ၍ ချင်ချင်သည် သူ၏စိတ်ဝေဝါးမှု ကုန်ဆုံးလာလေ၏။

သူမသည် သူမ၏ကျောက်စိမ်းသခင်မ ဘဝကို တဖြည်းဖြည်း သတိရလာသည်။ ဟုန်ကျင်းသည် သူတို့အားလုံး ရေခဲတောင်ဒေသမှ လွတ်ရာကျွတ်ရာသို့ရောက်ရှိစေရန် ဆန္ဒပြင်းပြပြီး ရှေ့မှဦး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေရသဖြင့် ချင်ချင်၏ခံစားမှုများကို မရိပ်မိချေ။

စီလင်ရှုတစ်ယောက်သာ နောက်ပိတ်ဆုံးမှ လိုက်လာပြီး ချင်ချင်အား အရိပ်တကြည့်ကြည့် လိုက်လာခဲ့သည်။ သို့သော် သူသည် ဆေးပညာမတတ်ကျွမ်းသောကြောင့် ချင်ချင်၏စိတ်များ တဖြည်းဖြည်း ပြောင်းလဲနေသည်ကိုမသိချေ။ ချင်ချင်၏စိတ်ထဲ၌....

"သူတို့ဘယ်သူတွေလဲ... ငါနဲ့မြို့စားကို ဘယ်ကိုခေါ်သွားကြတာလဲ၊ ငါတို့ကို ကြိုးနဲ့တုပ်ထားတာ မဟုတ်ပေမယ့် ရှေ့နဲ့နောက်ပိတ်ပြီး ခေါ်လာကြတယ်၊ သူတို့ဟာ ငါ့ကိုကျောက်စိမ်းသခင်မဆိုတာ မသိကြဘူးနဲ့တူတယ်၊ သိရင် ဒီလို ဘယ်ခေါ်မလဲ၊ သတ်ပစ်ကြမှာပေါ့"

ချင်ချင်၏ခေါင်းထဲ၌ အတွေးပေါင်းစုံရှုပ်ထွေးနေသည်။ သူမသည် သူ့ကိုယ်ကို ကျောက်စိမ်းသခင်မဟုသာ ယုံကြည်နေသည်။ အခွင့်အခါသင့်သည်နှင့် ဤအုပ်စုထဲမှထွက်ပြေးရန် စဉ်းစားထားသည်။

"တပည့်တော်တို့ ရှေ့က ဂူထဲမှာ ခဏလောက်နားကြရင် ကောင်းမယ်ထင်တယ် ကိုယ်တော်"

ခွန်ချွန်းက ကိုယ်တော်ဟုန်ကျင်းအား လျှောက်လိုက်လေ၏။ ဟုန်ကျင်းက ရှင်းပြသည်။

"မနားတာ ကောင်းပါတယ်၊ နားရင် နောက်ကလိုက်လာတဲ့ ကျောက်စိမ်းနဂါးဂိုဏ်းသားတွေကိုစောင့်သလို ဖြစ်နေမှာပေါ့၊ ကျောက်စိမ်းနဂါးဂိုဏ်းသားတွေက နည်းနည်းနောနော လိုက်လာကြမှာမဟုတ်ဘူး"



"ကျွန်တော်တို့ချည်း သွားရင်တော့ ဟုတ်တာပေါ့ ကိုယ်တော်၊ အခုဥစ္စာက သိုင်းပညာမတတ်တဲ့သာမန်လူသားနှစ်ယောက် ပါနေတယ်၊ ဒါကြောင့် တပည့်တော်ပြောတာပါ"

ဟုန်ကျင်းသည် မြို့စားကြီးဝမ်ပင်းနှင့် ချင်ချင်တို့အား တစ်ချက်ကြည့်လိုက်၏။

"ကောင်းပြီလေ နားကြတာပေါ့"

သူတို့သည် ထိုဂူထဲ၌ နားနေကြစဉ် မိုးမှောင်ကြီးကျလာလေ၏။

"ဒီလိုဆိုရင်တော့ ကောင်းတယ်။ ကျုပ်တို့ကိုရှာတဲ့လူတွေလဲ မရှာနိုင်တော့ဘူး၊ ဒီတော့ ဒီဂူမှာပဲ ဒီညအိပ်လိုက်ကြပါစို့"

ဟုန်ကျင်းက ပြောလိုက်သည်။ စီလင်ရှု၊ ခွန်ချွန်းနှင့် ဝမ်ဖေးတို့ကိုလည်း ဘာမျှမပြောတော့ချေ။ အားလုံးပင် နားလိုက်ကြသည်။ တစ်ညလုံး နှင်းများသည်းစွာကျနေသဖြင့် အားလုံးပင် ပင်ပင်ပန်းပန်းနှင့် အိပ်ပျော်သွားသည်။ နောက်တစ်နေ့နံနက်လင်းသည်နှင့် ပြဿနာစလေတော့သည်။

"လုပ်ကြပါဦး... လုပ်ကြပါဦး၊ ကျုပ်သမီးလေး ချင်ချင်ပျောက်နေပါပြီ"

မြို့စားကြီးဝမ်ပင်းက ပြောလေ၏။

"ဟုတ်ရဲ့လားဗျာ"

ဟုန်ကျင်းက ပြောလိုက်လေ၏။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် အိပ်ရာကနိုးလို့ကြည့်လိုက်တော့ သမီးလေးမရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်သည် ဘယ်အချိန်က ကျောက်ဂူထဲမှထွက်ပြေး
မှန်း မသိကြချေ။ စီလင်ရှုမှာ ရင်မောသွားသည်။ သူ့ကိုယ်သူလည်း
အပြစ်တင်မိသည်။

"ငါစောင့်ကြည့်နေဖို့ကောင်းတယ်"

စီလင်ရှုသည် ချင်ချင်အတွက် များစွာ စိတ်ပူမိသည်။

"ကြည့်ရတာ အပ်စိုက်ကုသထားတာ ပျက်ပြယ်သွားပုံ
တယ်၊ သူ့ကိုယ်သူ ပြန်သတိရသွားပုံရတယ်"

ဟုန်ကျင်းက ထပြော၏။

မြို့စားကြီးဝမ်ပင်းက....

"မြန်မြန်ရှာကြပါဦးကွယ်၊ တော်ကြာသမီးလေး ဝက်ဝံ
ဘာတွေနဲ့ တိုးနေပါဦးမယ်ကွယ်"

ခွန်ချန်းက....

"ဝက်ဝံဆိုတာက ရှောင်နိုင်သေးသဗျ၊ မရှောင်နိုင်တာ
လူဗျ"

ဟုန်ကျင်းက....

"ဒကာကြီးက အရေးထဲမြို့စားကြီး စိတ်ခတ်ကျအော
ပြောမနေပါနဲ့"

"စိတ်ခတ်ကျအောင် ပြောနေတာမဟုတ်ပါဘူး ကို
တော်၊ သူ ထွက်ပြေးသွားတာကို ကျုပ်စိတ်ခတ်ကျတယ်ဗျာ၊ ဒီ
နှင်းတောထဲမှာ ဘယ်လိုရှာမလဲ"

"ဒါကတော့ ဒီလိုပဲရှာရမှာပေါ့၊ ကျုပ်တို့ထွက်လာတဲ့ ရည်
ရွယ်ချက်တွေကိုတွေကိုတော့ မမေ့ကြပါနဲ့ဗျာ၊ တစ်အချက်က ကျ



ပြန်ရဖို့၊ နှစ်အချက်က ယန္တရားဖားကြီးကိုဖျက်ဆီးဖို့ သုံးအချက်က
မြို့စားသမီးချင်ချင်ကိုကယ်ဖို့ပဲ၊ ခင်ဗျား ဒါကိုတော့ မမေ့ပါနဲ့ဗျာ"

စီလင်ရှုက အေးဆေးစွာ ပြောပြလေ၏။

(၃၁)

ဟုန်ကျင်းက....

"ကဲ... ကျုပ်တို့အားလုံးလူခွဲပြီး ချင်ချင်ကိုရှာကြရမယ်၊
နောက်ယောင်ခံလိုက်လာတဲ့ ကျောက်စိမ်းနဂါးဂိုဏ်းသားတွေနဲ့
တွေ့လို့ကတော့ ချင်ချင်သေပြီသာမှတ်ပေတော့၊ သူတို့က သတ်မှာ
ပဲ"

အားလုံးပင် ထရပ်ကြလေ၏။ မြို့စားကြီးက.....

"ကျုပ်လဲ ကျုပ်သမီးကိုလိုက်ရှာပါ့မယ်ဗျာ။ ကျုပ်ကို ဒီထဲ
မှာတော့ ပစ်မထားပါနဲ့"

ဟုန်ကျင်းက....

"ပစ်မထားပါဘူး မြို့စားကြီးရယ်၊ မြို့စားကြီးနဲ့ဝမ်ဖေးတို့
နှစ်ယောက်တစ်တွဲ မြို့စားကြီးရဲ့သမီးကိုရှာကြပေါ့၊ ဝမ်ဖေးပါတော့
မြို့စားကြီးလဲ အန္တရာယ်မရှိနိုင်တော့ဘူးပေါ့။ ဝမ်ဖေးက အကာအ
ကွယ်ပေးနိုင်တယ်"

ဝမ်ဖေးက ဦးညွတ်လိုက်၏။ ထိုတာဝန်ကို သူကလိုလိုချင်

www.burmeseclassic.com

www.burmeseclassic.com



ချင်ပင် ယူပါသည်။

"ကဲ... ကျုပ်က တစ်လမ်းထွက်မယ်၊ ခွန်ချုန်းနဲ့ စီလင်ရှ
တစ်လမ်းစီထွက်ကြ၊ ဂမ်ဖေးနဲ့မြို့စားကြီးကတော့ ဒီအနီးအနား
ဝန်းကျင်မှာပဲ လိုက်ရှာကြပါ"

ဟုန်ကျင်း၊ ခွန်ချုန်းနှင့်စီလင်ရှုတို့သည် ချင်ချင်ကို ရှာဖွေ
ထွက်ခွာသွားကြ၏။ မြို့စားကြီးက....

"ကဲ... ဝမ်ဖေး။ ကျုပ်တို့လဲ သွားကြရအောင်"

ဝမ်ဖေးက ခေါင်းညိတ်လိုက်လေ၏။

"ချင်ချင်"

လူစုခွဲရှာသူများသည် အော်ဟစ်ခေါ်ငင်ကြ၏။ အော်ဟစ်
ခေါ်ငင်နေသည်မှာ မှား၏။ ချင်ချင်သည် သူတို့ကို ရန်သူများဟုထင်
ပြီး ထွက်ပြေးသွားခြင်းဖြစ်ရာ သူတို့အော်ခေါ်သံသာကြားလျှင်
၍ဝေးရာသို့ ပြေးမည် သာဖြစ်၏။

ရေခဲတောင်များသည် အဆင့်ဆင့်တည်ရှိနေရာ ဆင့်
တောင်နေရာသို့ ရောက်ရှိလာကြ၏။ ချင်ချင်ထွက်ပြေးသည့်နေရာ
မှာ ထင်းရှူးပင်တောအုပ်တစ်ခုဖြစ်သဖြင့် ချင်ချင်အဖို့ ပုန်းရလျှိုး
လွယ် ကူလှသည်။

ချင်ချင်သည် သူ့ဘဝကိုမှတ်မိတစ်လှည့် မမှတ်တစ်လှည့်
ဖြစ်နေရာ ချင်ချင်ဟုခေါ်သံသည် ပဲ့တင်ရိုက်ပြီး သူမထံသို့ရောက်ရှိ



လာသောအခါ ဆတ်ခနဲလန့်နိုးလာလေ၏။ သူမသည် နှင်းများကျ
နေသည့်ထင်းရှူးပင်ကြီး တစ်ပင်အောက်၌ အိပ်နေခြင်းဖြစ်သည်။

သူမသည် ခေါင်းထောင်ကြည့်မိ၏။

"ချင်ချင်... ချင်ချင်"

သူမသည် ဤနာမည်ကိုကြားသောအခါ ကြက်သီးဖြန်းခနဲ
ထသည်။ ချင်ချင်သည် အသံများနှင့်ဝေးရာသို့တစ်ရှူးထိုး ထပြေး
လေ၏။ ချင်ချင် ကံဆိုးသည့်အချက်မှာ ရေခဲတောင်ဌာနချုပ်မှ ပြေး
လာသော ချင်ဖုန်သည်လည်း ထိုထင်းရှူးတောအုပ်ထဲသို့ ရောက်နေ
ခြင်းပေတည်း။

သူ၏ရင်ထဲ၌ကား ချင်ချင်ကိုချစ်သော အချစ်မီးသည်
တောက်လောင်နေဆဲသာဖြစ်၏။ ထိုမီးသည် မည်သည့်အခါမှ ငြိမ်း
မည်မဟုတ်ချေ။ သူသည် ချင်ချင်ကိုတွေ့လိုတွေ့ငြား အမြင့်ဆုံး သစ်
ပင်တစ်ပင်ပေါ်သို့ တက်လိုက်၏။ သူသည် သိမ်းစွန်ငှက်ကဲ့သို့စူးရှ
သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

သိပ်ကြာကြာ မရှာလိုက်ရချေ။ ချင်ချင်ကို မြင်တွေ့လိုက်ရ
တော့၏။ ချင်ချင်သည် အော်ခေါ်သံများနှင့် အဝေးဆုံးနေရာသို့ ပြေး
နေသည်။ သို့သော် ချင်ချင်မှာ သက်လုံကောင်းသူတစ်ဦး မဟုတ်ချေ။

မောဟိုက်ပင်ပန်းနေသည်။ သူသည် ဟုန်ကျင်းတို့က သူ့
ကို မည်ကဲ့သို့ဆက်ဆံနေသည်ကို သဘောမပေါက်ချေ။ သူသာ
ကျောက်စိမ်းသခင်မဖြစ်ကြောင်းသိသွားလျှင် ဟုန်ကျင်းတို့က သူမ
ကို သတ်မည်ဟုသာထင်နေသည်။

သူသည် သူမကိုချင်ချင်တစ်လှည့် ကျောက်စိမ်းသခင်မ

www.burmeseclassic.com



တစ်လှည့် ထင်မြင်နေ၏။ ရေခဲတောင်တစ်ဝိုက်ရှိ သစ်ပင်များမှာသင်ပင်ကြီးများသာ ဖြစ်သည်။ ချုံနွယ်အသေးများမရှိ။ ထို့ကြောင့် တစ်ပြေးတည်းပြေးသည်။

နောက်ဆုံး သူမလဲကျတော့သည်။ လဲကျသည့် နေရာကား တကယ့်နေရာတည်း။ သူမ၏ရှေ့၌ မားမားကြီးရပ်နေသူကား ချင်ဖုန်တည်း။ သူမကား ကျားရှေ့မှောက်လျက် လဲ့ပေပြီ။

"ရှင်... ရှင်... ရှင်"

"သိပ်အံ့ဩသွားသလား။ မင်းကိုစွဲလမ်းလွန်းလို့ တောတောင်ထဲအထိ ဒုက္ခခံလိုက်လာတာပါ"

ချင်ဖုန်စိုက်ကြည့်နေသည်မှာ ရွံ့မုန်းဖို့ကောင်းလှသည်။ သူ့အကြည့်သည် သူမကို ကိုက်ဖဲ့စားတော့မည့်အကြည့်မျိုး ဖြစ်နေသည်။

(၃၂)

ရန်သူတောင်း

"ဘာတွေလာပြောနေတာလဲ၊ ကျွန်မ မသိဘူး"

"ဘာ... မသိဘူး ဟုတ်လား၊ လူသိရှင်ကြား စေ့စပ်ပြီး လက်ထပ်ဖို့လုပ်ထားတာကို မင်းမေ့ပြီလား၊ ဟောဒီမှာ လက်ထပ်



လက်စွပ်၊ ငါတစ်သက်လုံး မမေ့နိုင်တဲ့ သင်္ကေတပဲ၊ အင်း... မင်းက အတိတ် မေ့နေပြီဆိုတော့လဲ မင်းကိုခွင့်လွှတ်ရမှာပေါ့လေ"

သူသည် လက်ထက်လက်စွပ်ကိုပြပြီး တတွတ်တွတ် ပြောနေတော့၏။ သူမသည် လက်ထပ်လက်စွပ်ကိုကြည့်ပြီး သူ့အား မှတ်မိသလို ရှိလာ၏။ သို့ရာတွင် မည်သည့်နေရာတွင် မြင်ဖူးမှန်းမသိပေ။

"ကျွန်မ ရှင်ပြောတာတွေကို လုံးဝမသိဘူး"

ချင်ဖုန်သည် ရှေ့သို့တစ်လှမ်းတိုးပြီး...

"မင်း ငါနဲ့လိုက်ခဲ့ရမယ်"

"အို... လွှတ်နော်... လွှတ်"

ချင်ဖုန်သည် ချင်ချင်ကို ချုပ်ကိုင်ဖို့ကြိုးစားသည်။ အင်အားချင်းမမျှ၍ မရုန်းကန်နိုင်ချေ။

"ဖြဲ... ဖြဲ"

ချင်ချင်၏ ပခုံးသားနှစ်ဖက်ရှိဝတ်ရုံကို ဆွဲဖြဲပစ်လိုက်သည်။ ချင်ဖုန်သည် လူတစ်ဦးနှင့်မတူတော့ပေ။ ဘီလူးသဘက်ကဲ့သို့ ဖြစ်နေသည်။ သူမသည် လွန်စွာ ကြောက်ရွံ့တုန်လှုပ်နေပေပြီ။ ထိုစဉ် ချင်ချင်သည် မထင်မှတ်သောအပြုအမူတစ်ခုကို ပြုလုပ်လိုက်သည်။

သူမသည် ချင်ဖုန်၏ပေါင်ခွကြားဆီသို့ ကန်လိုက်ခြင်းပေတည်း။

"ဘုံး"

"အင်း"

ချင်ဖုန်မှာ ကုန်းကုန်းကြီးဖြစ်သွားသည်။ ချင်ချင်သည် အ

www.burmeseclassic.com

www.burmeseclassic.com



ဝေးသို့ထွက်ပြေးသွားလေတော့၏။ ချင်ဖုန်သည် ကုန်းကုန်းကြီး ချင်ချင်နောက်သို့လိုက်သည်။ သူသည် ချင်ချင်၏ခြေထောက်တစ်ဖက်အား လှမ်းဆွဲလိုက်၏။ ဆုပ်ကိုင်ဖမ်းမိသွားသည်။

"ဟီး... ဟီး... ဟီး... ဟား... ဟား... ဟား"

"မင်း ငါ့လက်က မလွတ်ပါဘူးကွာ"

ချင်ဖုန်သည် ဝမ်းခေါင်းသံကြီးဖြင့် အော်ရယ်ရင်း ပြောလေ၏။ ချင်ဖုန်သည် ထ၍ ချင်ချင်အပေါ်မိုးရပ်လိုက်သည်။ ချင်ချင်၏လည်ပင်းပေါ် ဓားနှစ်ချောင်းကိုကြက်ခြေခတ်ပြီး မြေ၌စိုက်လိုက်၏။

"မင်း ဘာတတ်နိုင်သေးသလဲ"

ချင်ချင်မှာ မထရဲတော့ချေ။ ချင်ချင်၏မျက်နှာ၌ သွေးမရှိတော့ပေ။ သွေးဆုတ်ဖြူရော်နေပေပြီ။

ချင်ဖုန်၏အော်ရယ်သံမှာ လေထဲတွင် ပဲ့တင်ထပ်နေသည်။ ထိုရယ်သံကို စီလင်ရှု ကြားလိုက်ရလေ၏။ ရယ်သံမှာ အောင်နိုင်သူ၏ ရယ်သံမျိုးဖြစ်သဖြင့် တစ်စုံတစ်ခုထူးခြားပြီဟု သိလိုက်သည်။ ထို့ ကြောင့် သူသည် ရယ်သံကြားရာအရပ်သို့ ပြေးလေတော့၏။

သူ ချင်ချင်ကိုတွေ့ရလိမ့်မည်ဟု မမျှော်လင့်ပါ။ သူသည် ပြေးရင်းဆီးနှင်းများပေါ်၌ သူချင်ချင်ကို ပေးလိုက်သည့်ပုတီးလေးကို တွေ့လိုက်ရသောအခါ အော်ရယ်သံသည် သူမနှင့်ပတ်သက်နေမည်ကို သိရှိလိုက်တော့၏။

သူသည် ခြေရာများအတိုင်းလိုက်ပါက ကြန့်ကြာနေမည်ကို တွေးမိသည်။ သူသည်ဖြတ်လမ်းမှလိုက်ရန် ကြံစည်ပြီး တောင်ပူစာပေါ်တက်လေတော့၏။ တောင်ပူစာပေါ်မှ ခန္ဓာကိုယ်ကိုလိမ့်ချလိုက်



သည်။

ချင်ဖုန်သည် တောင်ပူစာပေါ်မှ တလိမ့်လိမ့်ဆင်းလာသောအရာကြီးအား တွေ့လိုက်ရသဖြင့်လန့်သွားသည်။ သူသည် ချင်ချင်၏လည်ပင်းပေါ်၌စိုက်ထားသည့် ဓားနှစ်ချောင်းကိုဆွဲယူလိုက်သည်။

သူသည် ဓားနှစ်ချောင်းဖြင့် အဆင်သင့်ပြင်ထားလေ၏။ လိမ့်ဆင်းလာသောအရာသည် ခုန်ထလာလေ၏။ သူကား စီလင်ရှုပေတည်း။ သူသည် ချင်ဖုန်အား တိုက်ခိုက်ရတော့မည်။ ချင်ဖုန်သည် ဓားနှစ်လက်ကိုကိုင်၍ စီလင်ရှုကိုရင်ဆိုင်လိုက်၏။

စီလင်ရှုက....

"ခင်ဗျားက ဒီမိန်းကလေးကို ဘာမတရားလုပ်နေတာလဲ၊ သူမသိသူမရှိ ဆိတ်ကွယ်ရာအရပ်ဆိုပြီး ခင်ဗျားထင်တိုင်းကြံမလို့ပေါ့လေ"

ချင်ဖုန်က ဆတ်ဆတ်ခါနာသွား၏။

"မင်း ဘာတွေပြောနေတာလဲ၊ သူဟာ ငါနဲ့လက်ထပ်မယ့်မိန်းကလေးကွ၊ သူထွက်ပြေးသွားလို့ လက်ထပ်ပွဲပျက်သွားတာ"

ထိုအခါကျမှ စီလင်ရှုသည် ချင်ဖုန်ကိုမှတ်မိတော့သည်။ ဤသူကား ချင်ချင်အား အတင်းအဓမ္မလက်ထပ်ရန်ကြိုးစားနေသူမှာ ရှူးချင်ဖုန်ပေတကား။

"ဪ... ဒီလိုဆိုရင် ခင်ဗျားသေဖို့သာ ပြင်ပေတော့"

"ဟား... ဟား... ဟား ကြည့်ကြသေးတာပေါ့၊ မင်းသေလား ငါသေမလားဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

"ဗိုး... ဗိုး... ဗိုး"

www.burmeseclassic.com

www.burmeseclassic.com



ချင်ဖုန်သည် ဓားနှစ်လက်ဖြင့် မုန်တိုင်းတိုက်သလို တိုက်ခိုက်တော့သည်။ စီလင်ရှုသည် သူ့၌ပါရှိသောဓားကိုမထုတ်ဘဲ ရှောင်တိမ်း၍သာနေသည်။

(၃၃)

သံယောဇဉ်ဇာတ်ကြောင်း

ချင်ချင်သည် နှစ်ယောက်စလုံး တိုက်ခိုက်နေမှုအခြေအနေကိုငေးကြည့်နေ၏။ တိုက်ပွဲသည် တဖြည်းဖြည်းပြင်းထန်လာသောအခါ စီလင်ရှုသည် ဓားမထုတ်၍မရတော့ပေ။

ချင်ဖုန်သည် ကျောက်စိမ်းနဂါးဂိုဏ်းမှထွက်ပြေးလာသူဖြစ်ရာ သူသစ္စာဖောက်ဖြစ်နေပေပြီ။ ထို့ကြောင့် မထူးဇာတ်ခင်းသည့်အနေအထားဖြင့် စီလင်ရှုအား အသေအကျေတိုက်ခိုက်နေတော့သည်။ သူသည် သိုင်းပညာထက်မြက်သူဖြစ်သည့်အတိုင်း ကျားနာတစ်ကောင်ကဲ့သို့ပြင်းထန်စွာ တိုက်ခိုက်နေခြင်းဖြစ်သည်။

သူသည် တိုက်ခိုက်ရင်း ဒေါသထွက်လာသဖြင့် သူ့တိုက်ကွက်များသည် အဆင့်အမြင့်ဆုံးဖြစ်လာသည်။ စီလင်ရှုသည် ထင်းရှူးပင်ကြီးတစ်ပင်အောက်သို့ ရှောင်တိမ်းသွား၏။ ချင်ဖုန်ကလည်း ဖျံတစ်ကောင်ကဲ့သို့ လွှားခနဲလိုက်ချလာသည်။



စီလင်ရှုသည် ထင်းရှူးပင်များ စိပ်စိပ်ပေါက်နေသည့်ဘက်သို့ ပြေးခေါ်လာသည်။ ထိုနေရာသည် သူ့အတွက် ကာကွယ်မှုကောင်း၍ ဖြစ်ပါသည်။

"ဝှီး... ဝှစ်... ပှစ်"

"ထန်း"

ထန်းခနဲ မြည်ဟည်းသံနှင့်အတူ ချင်ဖုန်၏ဓားသည် လွင့်စဉ်သွား၏။ ချင်ဖုန်ထိတ်ခနဲဖြစ်သွားသော်လည်း ဓားတစ်လက်ဖြင့်ဆက်လက်ခုတ်ထစ်နေပါသည်။

"ထန်း"

နောက်ထပ် ဓားတစ်လက်တည်း လွင့်စဉ်သွားပြန်သည်။

စီလင်ရှုသည် ဓားကို ဓားအိမ်ထဲသို့ထည့်ပြီး လက်နက်မဲ့တိုက်ခိုက်တော့သည်။ တစ်ကြိမ်တွင် ချင်ဖုန်၏လက်ကို စီလင်ရှု ဖမ်းဆုပ်မိသွား၏။ ထိုအခါ စီလင်ရှုက အကြောပိတ်လိုက်၏။

ထုံကျဉ်သောဝေဒနာခံစားလိုက်ရပြီး ချင်ဖုန်၏လက်ကြီးမှာ တန်းနေတော့သည်။

"ဖြောင်း"

စီလင်ရှုသည် ချင်ဖုန်၏နံဘေးကိုကန်ပစ်လိုက်၏။

ချင်ဖုန်လွင့်စဉ်သော်လည်း သူသည် အရှုံးမပေးသေးချေ။ သူသည် လက်ကောင်းတစ်ဖက်ဖြင့် ဓားတစ်ချောင်းကိုပြေးကောက်သည်။ ချင်ဖုန်သည် ထိုဓားဖြင့် တရကြမ်းတိုက်ခိုက်ရာ စီလင်ရှုသည် ချက်ခနဲပူးကပ်လိုက်၏။ သူ့ဓားကို ပူးကပ်ဆွဲယူပြီး သူ့ကိုယ်ထဲသို့ ထိုးသွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စွပ်"

"အား"

ချင်ဖုန်၏အော်သံကြီးမှာ နှင်းပြင်ထဲ၌ ပဲ့တင်ထပ်လွင့်ပျံ့သွား၏။ သူ၏ရင်ဝမှလည်း သွေးများပန်းထွက်လာသည်။ ချင်ချင်မှာ ကြည့်ရင်း ကြောက်လန့်ထိတ်လန့်နေ၏။ စီလင်ရှု အား ရက်စက်သူဟု မြင်လာ၏။ ချင်ချင်သည် ထွက်ပြေးလေတော့၏။

စီလင်ရှုသည် ချင်ချင်ထွက်ပြေးသည်ကိုတွေ့လိုက်၏။

"ဟေ့... မပြေးနဲ့လေ... မပြေးနဲ့"

ချင်ချင်သည် တောင်ပူစာပေါ်သို့တက်ပြေးရန် ကြိုးစားနေသည်။ ထိုစဉ် ကြိုးကွင်းတစ်ခုသည် စွပ်ခနဲကျလာပြီး ချင်ချင်၏ ကိုယ်ခန္ဓာအား လာစွပ်လေ၏။ ကြိုးကွင်းပစ်ဖမ်းလိုက်သူမှာ ခွန်ချန်း ဖြစ်လေ၏။

"ကျေးဇူးပဲ ခွန်ချန်း၊ ခင်ဗျားလာလို့ပဲ"

အတိတ်မေ့နေသူအား ရှင်းပြ၍လည်း မဖြစ်ချေ။ လမ်းတစ်လျှောက်လုံး သည်းခံခေါ်သွားဖို့ကလည်း မလွယ်ပြန်ပေ။

"ရှင်တို့ ကျွန်မကိုသာ သတ်လို့ရမယ်၊ ကျောက်စိမ်းနဂါးကိုဏ်းကို ဖြိုခွင်းလို့မရဘူးရှင့်"

ချင်ချင်က သူ့ကိုကြိုးဖြင့်တုပ်နေသည်ကိုခံရင်း ဒေါသတကြီး ပြောနေသည်။ စီလင်ရှုက....

"ကျုပ်တို့ဟာ မင်းရဲ့ရန်သူတွေ မဟုတ်ပါဘူး၊ မိတ်ဆွေတွေပါ"

"မယုံဘူး... မယုံဘူး"



ဤသို့ဖြင့် သူတို့ ညအိပ်သည့်ကျောက်ဂူသို့ပြန်ရောက်လာကြသည်။ စီလင်ရှုက....

"ကဲ... မြို့စားကြီး၊ မြို့စားကြီးရဲ့သမီးကို ကျွန်တော်တို့ဟာ သူ့မိတ်ဆွေဖြစ်ကြောင်း ရှင်းပြလိုက်ပါခင်ဗျာ"

မြို့စားကြီးသည် ပျာပျာသလဲရှင်းပြ၏။

"ဟုတ်ပါတယ် သမီးရယ်၊ သူတို့ဟာ သမီးရဲ့မိတ်ဆွေတွေပါ၊ သမီးနဲ့ဖေဖေရဲ့အသက်ကို သူတို့ကယ်လာခဲ့ကြတာပါ၊ သူတို့ဟာ ဒုက္ခပေးတဲ့လူတွေ မဟုတ်ကြပါဘူး၊ သမီး ဒီလိုသာ လျှောက်ပြေးနေရင်တော့ သူတို့ကယ်တင်ရကျိုးမနပ်ဘဲ ဖြစ်သွားပါလိမ့်မယ်"

ချင်ချင်သည် မြို့စားကြီး၏စကားကို နားမထောင်ဘဲ နားနှစ်ဖက်ကိုပိတ်ထားလိုက်၏။

ဟုန်ကျင်းသည် သက်ပြင်းတစ်ချက်ချလိုက်၏။ သူသည် ချင်ချင်ကိုကုသရန် ဤအချိန်၌အခြေအနေမပေးပါ။ နောက်မှလိုက်လာမည့် ကျောက်စိမ်းနဂါးဂိုဏ်းသားများရှိနေသည် မဟုတ်ပါလား။

ထိုအခါ စီလင်ရှုသည် သူပေးခဲ့သည့်ပုတီးကလေးကိုပြသပြီး ချင်ချင်သတိပြန်လည်လာအောင်လုပ်ရန် အကြံရလေ၏။

"သူ သတိလည်လာဖို့ ကျုပ်ကိုယ်တိုင်ကုသမှဖြစ်တော့မယ်"

စီလင်ရှုက ပြောလေ၏။ ဟုန်ကျင်းက....

"ဒကာကြီးက ဘယ်လိုကုမှာလဲ"

"တပည့်တော်ရဲ့နှလုံးသားနဲ့ကုမှာပေါ့ ဘုရား"

ဟုန်ကျင်းက ပါးစပ်ပိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စီလင်ရှုသည် ချင်ချင်၏ရှေ့၌ လာရပ်နေလေ၏။ ချင်ချင် မြင်ရန် ပုတီးကလေးကိုကိုင်၍ ပြသသည်။

"ဒီပစ္စည်းကလေးကို မှတ်မိသလားဟင်"

ချင်ချင်၏အမှတ်သညာထဲတွင် ထိုပုတီးသည်ကောင်းစွာရှိနေ၏။

"ရှင်… ဒီပစ္စည်းကို ဘယ်ကရသလဲ"

"ကျုပ်မေးနေတာက ဒီပစ္စည်းကလေးကို မှတ်မိရဲ့လားဆိုတဲ့ မေးခွန်းပဲ"

"ဒါ… ဒါ ကျွန်မရဲ့အသည်းနှလုံး၊ ကျွန်မ သိပ်မြတ်နိုးတဲ့ပစ္စည်း"

"အဲဒီပစ္စည်းတွေအကြောင်း မင်းမသိချင်ဘူးလားဟင်"

"သိချင်တယ်"

"ဒါဆိုရင်တော့ ကတိတစ်ခုပေးရမယ်"

"ဘာကတိလဲ"

"ဒီပစ္စည်းလေးတွေအကြောင်းသိပြီးရင် ယုံကြည်စိတ်ချစွာနဲ့ ခရီးတူတူဆက်မယ်ဆိုတဲ့ကတိလေ"

ချင်ချင်သည် ခေါင်းညိတ်အဖြေပေးလေ၏။ စီလင်ရှုပုတီးကလေးအကြောင်းပြောပြရန် ဟန်ပြင်လိုက်ပါသည်။ ကျောက်ဂူပြင်ပ၌ လမင်းသာနေသည်။ နှင်းများလည်းမကျသဖြင့် လရောင်ထိန်လင်းစွာ သာနေနိုင်ခြင်းဖြစ်သည်။

သူသည် ကျောက်ဂူထဲ၌ မီးဖိုဟားပြီး မီးဖိုဘေး၌ ထိုင်နေကြသည်။ ထိုမီးဖိုဘေးတွင် စီလင်ရှုက ပုတီးကလေးကို သူပေးခဲ့ပုံနှင့် …ိုးကလေးကို ချင်ချင်က ပေးခဲ့ပုံတို့ကို သာယာညင်ပြောင်းစွာ …ာပြနေသည်။



"ဒါဆို ဒီပုတီးကလေး ရှင့်ပုတီးကလေးပေါ့နော်"

"ဟုတ်ပါတယ်… အစ်ကို့ပုတီးလေးပါ"

ချင်ချင်၏မျက်နှာမှာ ရှက်သွေးဖြာသွားသည်။ ခေါင်းက…းကိုငုံ့၍ စီလင်ရှုပြောပြသည့်ဇာတ်ကြောင်းကိုပြန်လည် စဉ်းစား…လေ၏။ ဖြစ်နိုင်ချေရှိသည်ဟုတော့ သူမ မစဉ်းစားမိ။ အနည်းငယ်…တ်မိသလိုလည်း ရှိသည်။

## (၃၄)

## လူနံ့ဖျောက်ဆေး၏အစွမ်း

"ကျွန်မကို သူတို့က ကျောက်စိမ်းသခင်မလို့ခေါ်ကြတယ် …ာဖြစ်လို့ခေါ်ကြတာလဲဟင်"

စီလင်ရှုက ရှင်းပြသည်။

"အဲဒါ မင်းကိုလှည့်စားချင်လို့ပေါ့၊ ဖန်ကောက်တင်ဟာ အင်…တန်မှ အကြံကြီးတဲ့လူတစ်ယောက်ပါ၊ သိုင်းလောကမှာ ကျောက်…မ်းနဂါးဂိုဏ်းသြဇာအာဏာကြီးထွားလာဖို့ဆိုရင် သူ့အဖေတောင် …သူပြန်သတ်မယ့်လူမျိုးပါ၊ သူဟာ ကောင်းသည်ဆိုးသည်ကို မစဉ်း

www.burmeseclassic.com



စားပါဘူး၊ သူ့ဂိုဏ်း ဂုဏ်တက်ဖို့သာ စဉ်းစားမယ့်လူမျိုးပါ”

စီလင်ရှု၏စကားမှာ ရိုးသားသည်ဟု ချင်ချင်ထင်သည်

စီလင်ရှုကလည်း အကဲခတ်မိသည်။ ချင်ချင်အနေဖြင့် ကိုချစ်သူဖြစ်ကြောင်း သတိမရသေးသော်လည်း အမှားနှင့်အမှန် လည်သုံးသပ်နေပြီဖြစ်ကြောင်း စီလင်ရှုသိလိုက်သည်။

ဖန်ကောက်တင်က ကျောက်စိမ်းသခင်မဟု ထပ်ခါတလဲ ခေါ်ဝေါ်သုံးစွဲခံနေရသည့် အဖြစ်ကလည်း ကင်းလွတ်နေပြီဖြစ် သူမ၏ချင်ချင်ဘဝဟောင်းကို သူမပြန်လည်သတိရစပြုနေလေ

“ကျွန်မ ဘာဆက်လုပ်ရမလဲဟင်”

“အစ်ကိုပြောချင်တာက အစ်ကို့ကို ညီမက ရန်သူကို သဘောမထားဖို့ဘဲ၊ ညီမ အစ်ကိုတို့ကို ရန်သူလိုသဘောထားတော အစ်ကိုတို့အနေရခက်တယ်၊ ညီမက ထွက်ပြေးပုန်းအောင်းတော့ အ ကိုတို့ ညီမကိုလိုက်ရှာရတယ်၊ လိုက်ရှာရတာက ညီမအပေါ် ဘေ အန္တရာယ်တွေကျရောက်မှာစိုးလို့ပါ၊ တခြား ဘာရည်ရွယ်ချက်မှ ပါဘူး၊ ဒါကို ညီမက ညီမကို အန္တရာယ်ပြုဖို့လိုက်ရှာနေတယ် ထင်နေတယ်၊ အစ်ကိုတို့ကိုရန်သူလို သဘောမထားဘဲနဲ့ အစ်ကိုတ သွားတဲ့နောက် ယုံကြည်စိတ်ချစွာလိုက်လာရင် အစ်ကိုတို့ကျေနပ် ပြီ”

စီလင်ရှုက ရှည်လျားစွာ ရှင်းပြလိုက်သည်။ ချင်ချင်သည် စီလင်ရှု၏စကားကို ယုံကြည်သွား၏။

“ကောင်းပြီလေ ကျွန်မပေးထားတဲ့ကတိတည်ရပါစေမယ် ကျွန်မ ဘယ်ကိုမှထွက်မပြေးပါဘူး၊ အေးအေးဆေးဆေးလိုက်လာ



ယ်”

“ဝမ်းသာလိုက်တာ ညီမရယ်”

စီလင်ရှုသည် လွန်စွာဝမ်းသာသွားလေ၏။

စီလင်ရှုက လှမ်းပေးလိုက်သည်။

“ရော့ ညီမရဲ့ပစ္စည်းလေ”

ပုတီးလေးကို စီလင်ရှုက ပြန်လည်ပေးအပ်လိုက်သည်။

နံနက်ခင်း....။ နောက်တစ်နေ့သို့ ကူးပြောင်းရောက်ရှိသွား သည်။ နှင်းများသည် ထူးထူးခြားခြားပင် မကျခဲ့ချေ။

“ဝုတ်... ဝုတ်... ဝုတ်”

“ဝုတ်... ဝုတ်... ဝုတ်”

ဟုန်ကျင်းသည် ချက်ချင်း ခေါင်းထောင်ထလာလေ၏။

ဟုန်ကျင်းက....

“ခွေးဟောင်သံတွေကို မသင်္ကာဘူး စီလင်ရှု”

“ဟုတ်တယ်... ဒီနှင်းပြင်မှာ ဘယ်ကခွေးတွေရောက်လာ တာလဲ၊ ဇကန္တတော့ ကျောက်စိမ်းနဂါးဂိုဏ်းသားတွေရောက်လာတာ ဖြစ်ရမယ်”

သူတို့အားလုံး နိုးနိုးကြားကြားဖြစ်နေကြလေ၏။

ခွန်ချန်းက....

“သိပ်သေချာပါတယ်၊ ဒီရေခဲတောင်တစ်ဝိုက်ဟာ ကျောက် စိမ်းနဂါးဂိုဏ်းရဲ့ပိုက်နက်မြေပဲ၊ ဒီပြင် ရွာသားတွေ ဘာတွေမ နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျောက်စိမ်းနဂါးဂိုဏ်းသားတွေ မှချလိုက်လာကြပြီ"

ခွေးဟောင်သံများသည် တဖြည်းဖြည်း နီးကပ်လာ
သည်။ မြို့စားကြီးသည် အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်၏။

"မြို့စားကြီး... အပြင်ကိုမထွက်ပါနဲ့၊ ဘယ်သူမှ အပြင်
ထွက်ပါနဲ့"

ဟန်ကျင်းသည် သူ၏ဝတ်ရုံထဲမှဆေးပုလင်းတစ်လုံး
ထုတ်ယူပြီး လူတိုင်းကို အနည်းငယ်စီငှဲ့ပေးသည်။

"အဲဒီဆေးကို လက်တွေပေါ်ကိုသုတ်လိမ်းလိုက်ကြ
လိမ်းပြီးရင် ဂူထဲမှာပဲ ငြိမ်ငြိမ်သက်သက်ထိုင်နေကြပါ"

"အဲဒါ ဘာဆေးလဲကိုယ်တော်"

ခွန်ချန်းက မေးလိုက်၏။

"လူနံ့ပျောက်တဲ့ဆေးတွေပါ၊ ဒီဆေးကို လိမ်းလိုက်
လူရဲ့အနံ့ဟာ ပျောက်သွားတယ်၊ အမဲလိုက်ခွေးတွေဟာ ကျုပ်တို့
ဂူဝကိုလာကြမှာပဲ၊ ဒါပေမယ့် သူတို့ဟာ ကျုပ်တို့ရဲ့အနံ့တွေ
ရသွားမှာမဟုတ်ပါဘူး"

ထိုအခါ လူတိုင်းကို ဆေးရည်များကိုလိမ်းလိုက်ကြ၏။
မွှေးမွှေးအနံ့သည် ဂူထဲ၌ကြိုင်လှိုင်လာ၏။ လူနံ့မပျောက်ဘဲ ခံနိုင်
မည်လား။ ဤအနံ့သည် လူနံ့ကိုလည်း ဖုံးလွှမ်းသွားမည်သာ။

အမဲလိုက်ခွေးများသည် ထင်းရှူးတောထဲသို့ပြေးဝင်လာ
၏။ ခွေးများသည် ကျောက်ဂူဆီသို့ပြေးလာကြ၏။ သူတို့သည် ဂူ
အနံ့ခံကြ၏။ ညှီစို့စို့အနံ့သာရ၏။ လူနံ့ကိုမရချေ။

"ဝုတ်... ဝုတ်... ဝုတ်"



"ဝုတ်... ဂုတ်... ဝုတ်"

ခွေးများသည် အဆက်မပြတ်ဟောင်နေသော်လည်း ဂူဝမှ
ဆန့်ကျင်ရာအရပ်သို့ ထွက်ပြေးသွားကြလေ၏။ ကျောက်ဂူမှာ လူမရှိ
သည့်အလား ငြိမ်သက်ကျန်ရစ်သည်။

ကျောက်စိမ်းနဂါးအဖွဲ့သားများသည် ခွေးများနောက်မှ
ပြေးလိုက်ကြသော်လည်း ကျောက်ဂူကိုလုံးဝသံသယမရှိကြချေ။
ခွေးများသည် ထိုနေရာသို့ဝိုင်း မဟောင်ကြပေ။

ခွေးများ ဝိုင်းမဟောင်သောနေရာကို သူတို့ကြည့်ရန် မလို
ချေ။

(၃၅)

## ရဲလေးဘော်

ဖန်ကောက်တင်သည် ပထမဦးကျားမှဆိုးဟန်ချင်းတစ်
ယောက်တည်းကို စေလွှတ်သော်လည်း နောက်၌စိတ်ပြောင်းသွား
သည်။ အမဲလိုက်ခွေးများနှင့် ကျောက်စိမ်းနဂါးဂိုဏ်းသားသုံးဆယ်
ကို သုံးဖွဲ့ သုံးနေရာခွဲ၍ လွှတ်လိုက်၏။

ဟန်ကျင်းတို့၏တွက်ကိန်း မှန်သွားခဲ့သည်။ ထို့ကြောင့်ပင်
သူတို့သည် ကျောက်စိမ်းနဂါးဂိုဏ်းသားများ၏ ဘေးရန်ကိုရှောင်နိုင်

www.burmeseclassic.com



ခဲ့သည် မဟုတ်ပါလား။ သူတို့သည် ဤကျောက်စိမ်းနဂါးဂိုဏ်းသားများကို တိုက်ခိုက်နိုင်စွမ်းရှိပါသည်။

သို့သော် မတိုက်ခိုက်ရဲချေ။ တစ်ဖွဲ့ကိုတိုက်သည်နှင့်ကျန်အဖွဲ့များ မည်မျှရှိသည်ကိုမသိဘဲ သူတို့အားဝိုင်းတိုက်မည်ကို ဟုန်ကျင်းက ခွက်ချက်ထားပါသည်။ ဟုန်ကျင်းက....

"ဒီအတိုင်းဆိုရင် ဖန်ကောက်တင်ဟာ ကျုပ်တို့အားလုံးကို ပိုက်စိပ်တိုက်ရှာနေပြီဆိုတာ ထင်ရှားတယ်"

စီလင်ရှုက မေးလိုက်၏။

"ကိုယ်တော်... ကျုပ်တို့အားလုံး တခြားလမ်းက သွားလို့မရဘူးလား"

"မရဘူး... ရှေ့ကတောင်ကုန်းကိုတော့ ဖြတ်ကိုဖြတ်ရလိမ့်မယ်၊ ဒီတောင်ကုန်းကိုဖြတ်ပြီး ရေခဲချောင်းရိုးအတိုင်းထွက်မှ လွတ်မယ်"

ဟုန်ကျင်းသည် အားလုံးကိုပြောလိုက်၏။

"ကဲ... အားလုံး ဂူအပြင်ကိုထွက်ကြမယ်၊ သူတို့လူအင်အား ဘယ်လောက်နဲ့ရှာနေသလဲ မသိဘူး၊ ကျုပ်တို့တောင်ကုန်းကိုဖြတ်ကျော်ကြရမယ်"

လူအားလုံး ဂူအပြင်ကိုထွက်လိုက်ကြ၏။ သူတို့အားလုံးအတွက် အချိန်ကအရေးကြီးနေလေပြီ။ ဟုန်ကျင်း၏ဦးဆောင်မှုနောက်သို့လိုက်ပါမှ ဘေးရန်ကင်းနိုင်ပေသည်။

စီလင်ရှုသည် ချင်ချင်ကိုဖေးမခေါ်ဆောင်သည်။ ချင်ချင်ကလည်း စီလင်ရှု၏ဖေးမမှုကို လက်ခံသည်။



သူတို့နှစ်ယောက်၏ကြင်နာယုယပုံများကိုကြည့်၍ ကျန်သူများက ဝမ်းသာပီတိဖြစ်ကြရသည်။ ချင်ချင် ဤသို့အယုယခံပါက ပုံမှန်အခြေအနေအဖြစ်သွားပြီ မဟုတ်ပါလား။

အကယ်၍ ချင်ချင်စိတ်ဖောက်ပြန်လာလျှင် သူတို့အားလုံး ဒုက္ခရောက်ပေတော့မည်။ သူတို့သည် ချင်ချင် အတိတ်မမေ့စေရန် ကျိတ်၍ ဆုတောင်းနေကြရ၏။

သူတို့သည် တောင်ပေါ်စ၍တက်ကြရ၏။ တောင်တက်လမ်းသည်မတ်စောက်ပြီး ရေခဲများရှိနေသဖြင့် အားလုံးတစ်ယောက်ကိုတစ်ယောက် ဆွဲပြီးတက်ကြရသည်။

သူတို့သည် တဖြည်းဖြည်း အပေါ်သို့မြင့်တက်လာကြသည်။ မြင့်တက်လာလေ ရင်ထိတ်ရလေပင်။ မတော်တဆပြုတ်ကျသွားလျှင် အရိုးတခြား အသားတခြားဖြစ်သွားပေမည်။

သိုင်းသမားများသည် သိုင်းပညာမတတ်သည့်မြို့စားကြီး ဝမ်ပင်းနှင့် မြို့စားကြီးသမီး ချင်ချင်ကိုဂရုစိုက်၍ တောင်ပေါ်ဆွဲတင်ကြရသည်။

ထိုတောင်တက်လမ်းမှာ ကျဉ်းမြောင်းလှသဖြင့် ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် ယိုတောင်ပေါ်သို့လုံးဝမတက်ကြပါ။ ထို့ကြောင့် ကျောက်စိမ်းနဂါးဂိုဏ်းသား၏အန္တရာယ်ကို ကြောက်ရန်မလိုချေ။

တွေ့ရမည့် မြေအနေအထား ရေခဲအနေအထားများကိုသာ သိရှိရန်လိုသည်။ ခြေတစ်ချက်ချော်သည်နှင့် အသက်ပျောက်သွားနိုင်သည်။ ထိုစဉ် ရှေ့ဆုံးတွင်ရောက်နေသည့် ဟုန်ကျင်းက အား

www.burmeseclassic.com

www.burmeseclassic.com



လုံးရပ်ရန် လက်ပြလိုက်သည်။ အားလုံးရပ်သွားကြသည်။

စီလင်ရှုသည် နောက်ဆုံးမှလိုက်သူဖြစ်၍ ရှေ့သို့ယက်လာ ပြီး ဟုန်ကျင်းအနီးသို့ကပ်လာသည်။

"ရန်သူလား ကိုယ်တော်"

"ဟုတ်တယ်... ရှေ့မှာ..."

ဟုန်ကျင်းက ရှေ့သို့လက်ညှိုးထိုးပြသည်။

စီလင်ရှုက ဟုန်ကျင်းလက်ညှိုးထိုးရာသို့ လိုက်ကြည့်၏။

ဖန်ကောက်တင် စေလွှတ်သောအဖွဲ့များမှ ကင်းသမား များ ဖြစ်ဟန်တူသည်။ အစောင့်နှစ်ယောက်။

စီလင်ရှုသည် တောင်ထိပ်မှသစ်ပင်များ အောက်သို့ဆက် လက်ကြည့်ရှုလိုက်သောအခါ အနားယူနေကြသည့် ကျောက်စိမ်း ဂါးဂိုဏ်းတပ်စုတစ်စုကို တွေ့လိုက်ရလေ၏။

အားလုံးဆယ်ယောက်ခန့်ရှိသည်။ အရက်နှင့် စားနပ်ရိက္ခာ များအပြည့်အစုံပါသဖြင့် ထိုနေရာ၌ အတော်ကြာကြာအနားယူ မည်ဖြစ်ကြောင်း သိလိုက်ရသည်။

ဖန်ကောက်တင်ကတော့ ဤသို့အနားယူသည်ကို ခွင့်လွှတ် မည်မဟုတ်ချေ။ သို့သော် ဖန်ကောက်တင်၏ဓားနှင့် ဝေးကွာသဖြင့် ဤသို့မကြောက်မလန့် ဖြစ်နေပုံရ၏။ ဟုန်ကျင်းက....

"ကျုပ်တို့ ဒီအဖွဲ့ကိုရှင်းပစ်ရမယ်၊ ဒီအဖွဲ့ ဒီနေရာက ဘယ် အချိန်ထွက်ခွာမယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး"

ခွန်ချန်းက....

"သူတို့ဆီမှာ အရက်နဲ့စားနပ်ရိက္ခာတွေလဲ ပါပုံရတယ်၊ ဒီ



တော့ ရှင်းသာရှင်းပစ်"

ဝမ်ဖေးကလည်း ဝင်ပြော၏။

"ကျုပ်တို့အဖွဲ့သဲ ရိက္ခာလိုနေပြီလေ၊ အင်အားဖြည့်အောင် အာဟာရတော့ မှီဝဲထားမှဖြစ်လိမ့်မယ်"

ဟုန်ကျင်းသည် မြို့စားနှင့်ချင်ချင်တို့ဘက်သို့လှည့်ကာ မှာ ကြားသည်။

"မြို့စားကြီး... မြို့စားကြီးတို့ကတော့ ဒီမှာပဲ နေခဲ့ကြပါ၊ ရန်သူတွေနဲ့မြို့စားတို့တွေ့ဖို့ မလိုပါဘူး၊ ကျုပ်တို့ပဲ သွားရှင်းလိုက်ပါ့ မယ်"

"ကောင်းပါပြီ... ကျုပ်တို့သားအဖ ဒီမှာပဲ နေခဲ့ပါ့မယ်"

ဟုန်ကျင်း၊ စီလင်ရှု၊ ခွန်ချန်းနှင့် ဝမ်ဖေးတို့သည် တရွေ့ ရွေ့ဖြင့် ရန်သူများအနီးသို့ချဉ်းကပ်သွားလေ၏။

ဟုန်ကျင်းက တိုးတိုးပြောသည်။

"ကဲ... ဒကာတို့နေရစ်ခဲ့ကြ၊ ကျုပ်အစောင့်နှစ်ယောက်ကို သွားရှင်းလိုက်မယ်"

"ကောင်းပါပြီ"

စီလင်ရှုက ခေါင်းညိတ်၏။

ဟုန်ကျင်းက အသာဝပ်၍ ရန်သူနှစ်ယောက်၏နောက်သို့ တွားသွား၍ သွားသည်။ အစောင့်များသည်အေးအေးလူလူပင် စောင့်နေကြသည်။ မည်သည့်ရန်သူမျှမရှိဟု ထင်ထားပုံရသည်။

ဟုန်ကျင်းသည် အစောင့်နှစ်ဦးနောက် ဘွားခနဲပေါ်လိုက်၏။ အစောင့်နှစ်ဦးသည် လှည့်ကြည့်ပြီး ကြက်သေသေသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ကျင်း၏လက်နှစ်ဖက်သည် မြောက်သွား၏။

"ဒုတ်... ဒုတ်"

"အင့်... အင့်"

ထိုမျှသာ အသံထွက်ပြီး နှစ်ယောက်စလုံးလဲကျသွားသည်။ သစ်ပင်အောက်မှ တပ်စုမှာ ထိုကင်းသမားများကို လုံးဝဂရုမစိုက်ပါ။ သူတို့စားဖို့သောက်ဖို့သာ လုပ်နေပါသည်။ ဟုန်ကျင်းက အချက်ပြလိုက်သဖြင့် စီလင်ရှုတက်လာသည်။ ဟုန်ကျင်းက တီးတိုးပြော၏။

"ဒီနှစ်ယောက်ကိုဆွဲယူသွားပြီး တောင်ပေါ်က ပစ်ချလိုက်မယ်၊ ဒါမှ ခြေရာလက်ရာပျောက်မှာ"

"လုပ်လိုက်လေ"

ဟုန်ကျင်းနှင့်စီလင်ရှုတို့သည် အစောင့်နှစ်ယောက်ကိုယူပြီး တောင်အောက်သို့ပစ်ချလိုက်၏။ အနားယူနေသည့်တပ်စုနှင့် အတော်ကလေးဝေးကွာသဖြင့် ပစ်ချသံကို သူတို့မကြားနိုင်ချေ။

"ကဲ... အားလုံးတက်မယ်"

ရဲလေးဘော်သည် ရှေ့သို့ချီတက်လာကြလေတော့သည်။



## (၃၆)

## ရင်နာစရာအဖြစ်အပျက်

ရဲလေးဘော်သည် စခန်းချနေသည့်တပ်စု မသိအောင် တဖြည်းဖြည်းနှင့်လျှပ်တစ်ပြက် ဝင်ရောက်ထိုးခုတ်တော့သည်။

"ဝိုး"

"ဂွစ်... ဂွစ်"

"ဒုတ်"

"ဖြောင်း... ဖြောင်း"

"အား"

"အင်း... အင်း"

"ဟာ... ရန်သူ... ရန်သူ"

သူတို့မှာ လျှပ်တစ်ပြက်အတိုက်ခံလိုက်ရသဖြင့် ရှစ်ယောက်မျှ ချက်ချင်း ကျဆုံးသွားသည်။ ကျန်သည့် ရှစ်ယောက်မှာ ဓားများဆွဲထုတ်ပြီး ခုခံကြသော်လည်း ဟုန်ကျင်းတို့ကို သိုင်းပညာအရမယှဉ်နိုင်သဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားကြတော့သည်။

ခွန်ချန်းက မြို့စားကြီးတို့သားအဖကိုလှမ်းခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီး ဒီကိုလာလို့ရပြီ၊ ရန်သူတွေအားလုံး ရှင်းသွားပါပြီ"

မြို့စားကြီးနှင့်ချင်ချင်တို့သည် ရှေ့သို့တက်လာခဲ့ကြသည်။

မြို့စားနှင့်ချင်ချင်တို့ ခွန်ချွန်းတို့အနီးသို့ရောက်ရှိသောအခါ ကျောက်စိမ်းနဂါးဂိုဏ်းသားများ၏အလောင်းများကို တစ်လောင်းမျှ မတွေ့ရတော့ချေ။ ဟုန်ကျင်း၊ ခွန်ချွန်း၊ စီလင်ရှူနှင့် ဝမ်ဖေးတို့ရှင်းလင်းထားပြီးလေပြီ။ ခွန်ချွန်းက....

"ကဲ... မြို့စားကြီး၊ အရက်ရော စားနပ်ရိက္ခာရော အားလုံးရပြီ၊ မြို့စားကြီး ဟိုဋ္ဌာနချုပ်ထဲအဖမ်းခံရကတည်းက ဘာမှမစားရသေးဘူး မဟုတ်လား၊ ချင်ချင်ရော ဘာမှမစားရသေးဘူး မဟုတ်လား၊ ကဲ... စားကြပေတော့"

သူတို့အားလုံးသည် ကျောက်စိမ်းနဂါးဂိုဏ်းသားများ၏ ရိက္ခာများကို စားသောက်ကြလေ၏။ ဟုန်ကျင်းမှတစ်ပါးအားလုံးပင် အရက်သောက်ကြသည်။ ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် အရက်ဘူးများကိုပင် သယ်ဆောင်လာကြသည်။

သူတို့လူစုတွင် ဝမ်းအသာဆုံးဝမ်းအမြောက်ဆုံးအတက်ကြွဆုံး လူတစ်ယောက်ပါရှိသည်။ ထိုသူကား ခွန်ချွန်းတည်း။ သူသည် အရက်ဘူးအားလုံးကို လိုက်လံသိမ်းဆည်းနေ၏။

သူအရက်ပြတ်နေသည်မှာ ကြာပြီမဟုတ်လား။

ဝမ်ဖေးသည် ကျောက်စိမ်းနဂါးဂိုဏ်းသားတစ်ဦးထံမှ ရရှိသောအဆိပ်ဆေးကြီးတစ်ချောင်းကိုစိတ်ပါဝင်စားစွာ ကြည့်နေသည်။

"ကျောက်စိမ်းနဂါးဂိုဏ်းသားတွေဟာ တကယ်ရက်စက်တဲ့



ဖိတ်ထားရှိတယ်၊ ဒီမှာကြည့်စမ်း။ စိမ်းပြာနေတာပဲ၊ ဒီဆူးချက်ထိရင် တစ်ချက်တည်းနဲ့ သေသွားမှာပဲ"

ဝမ်ဖေးက မှတ်ချက်လိုက်ချလိုက်၏။

"အင်း... ကြောက်စရာပဲနော်၊ သိုင်းသမားတွေကြားထဲမှာ သေခြင်းတရားဆိုတာ ဘာမှမဆန်းသလိုပဲနော်"

ချင်ချင်က ဝင်ရောက်ပြောလိုက်ရာအားလုံးက ပြုံးမိကြလေသည်။ သိုင်းသမားလောကတွင် သေခြင်းတရားဆိုသည်မှာ အရင်းနှီးဆုံးမိတ်ဆွေပင်။ ခွန်ချွန်းက....

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ အဆိပ်နဲ့ကျော်ကြားနေတဲ့ အောက်လမ်းဂိုဏ်းပဲ၊ သူတို့အဆိပ်ကိုပဲ သုံးမှာပဲ၊ အံ့ဩစရာမရှိပါဘူး"

ဟုန်ကျင်းက ဝင်ရှင်းပြလေ၏။

"ဟုတ်ပါတယ်... ကျောက်စိမ်းနဂါးဂိုဏ်းဟာ သိုင်းပညာပတ်သက်လို့ သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားတဲ့ဂိုဏ်းမဟုတ်ပါဘူး၊ အဆိပ်နဲ့ကျော်ကြားတဲ့ဂိုဏ်းပဲ"

"ဒီကြားထဲမှာ ယန္တရားများကိုတီထွင်နိုင်လိုက်တော့ သိုင်းလောကယန္တရားဖားနဲ့ ခြိမ်းခြောက်တော့တာပေါ့၊ သူတို့ဂိုဏ်းဟာ အထင်ကြီးစရာဂိုဏ်းမဟုတ်ပါဘူး"

စီလင်ရှူကလည်း....

"တကယ်တော့ ဖန်ကောက်တင်ကို ဘာမှအထင်ကြီးစရာမရှိပါဘူး။ ရှောင်လင်၊ ဟွာဟန်၊ ခွန်လွန်ဂိုဏ်းချုပ်ကြီးတွေဆိုရင် သိုင်းပညာအရာမှာ အားလုံးက စံနမူနာယူကြရတယ်၊ ဖန်ကောက်တင်က

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာသိုင်းပညာမှမရှိဘူး။အဆိပ်ပညာနဲ့ ယန္တရားဖားပဲရှိတယ်"

စီလင်ရှုက ဖန်ကောက်တင်အား ဤသို့ဝေဖန်လိုက်ခြင်းမှာ ချင်ချင်အကြောက်ပြေစေရန် ဖြစ်သည်။ ချင်ချင်သည် ဖန်ကောက်တင်ကိုမကြောက်ပါက သူမ၏အတိတ်ဘဝကို ပြန်မှတ်မိလိမ့်မည်ဟု သူယုံကြည်သည်။

"ကဲ... ကဲ... အချိန်မရှိဘူး၊ ခရီးဆက်ကြစို့"

ဟုန်ကျင်းက နှိုးဆော်လိုက်သဖြင့် အားလုံးပင် ထလိုက်ကြသည်။ သူတို့ခရီးဆက်ကြတော့မည်။

အသီးသီး စတင်ခရီးဆက်ကြတော့၏။ ထိုစဉ်....

"ဝိုး...."

"ဒုတ်"

"အား"

မြို့စားကြီး၏ရင်ဝသို့မြားတစ်စင်း စိုက်ဝင်လာလေ၏။ လူတိုင်း လှဲချလိုက်ကြရသည်။ မြို့စားကြီးကိုဝိုင်းဖေးမကြရသည်။ ချင်ချင်မှာ အကြီးအကျယ်ချောက်ချားသွား၏။

"အားလုံး သတိထားကြ"

ဟုန်ကျင်းသည် မြားတံကိုဂရုတစိုက်ထုတ်လေ၏။ ခွန်ချွန်းသည် မြားတံကိုစစ်ဆေးသည်။

"ဒါဟာ ကျောက်စိမ်းနဂါးတွေဂိုဏ်းသားတွေ ကိုင်တဲ့လက်နက်မဟုတ်ဘူး၊ တောထဲက မုဆိုးရဲ့မြားပဲ၊ ဘာဖြစ်လို့ မြို့စားကြီးကို လုပ်ကြံရတာလဲ"



ခွန်ချွန်းက ကြေကွဲစွာပြောလေ၏။ မြို့စားကြီးသည် သူတို့ ...င့်သေတူရှင်ဖက် ရဲဘက်တော်ဖြစ်နေပြီမဟုတ်ပါလား။ မြို့စားကြီး ...ွားခဲ့သဖြင့် အားလုံးစိတ်မကောင်းဖြစ်ကြရသည်။ မြို့စားကြီးက သူ့သမီးကိုခေါ်လိုက်၏။

"သမီး"

ချင်ချင်မှာ သူမဘဝကို လုံးဝသတိမရသေးသော်လည်း မြို့စားကြီးကိုတော့ သံယောဇဉ်ရှိနေရှာသည်။ အားလုံးက သားအဖနှစ်ယောက်၏အဖြစ်ဆိုးကိုကြည့်၍ ရင်နာနေမိကြသည်။

"သ... သမီး"

မြို့စားကြီးသည် ခေါင်းငိုက်စိုက်ကျသွား၏။ မြို့စားကြီးသည် လောကကြီးကိုစွန့်ခွာသွားခဲ့လေပြီ။ အတိတ်မေ့နေသော ချင်ချင်အား တစ်ယောက်တည်းထားပစ်ခဲ့သည်။

ချင်ချင်မှာ သူမ၏ဖခင်မှန်း သတိမရသေးသော်လည်း သူမ အား ကြင်နာခဲ့သည့် လူကြီးသူမတစ်ယောက်အဖြစ် မြို့စားကြီးကို ကြည့်၍ မျက်ရည်လည်ရွဲဖြစ်နေတော့သည်။ သမီးကို ဖခင်ကသိနေခဲ့သော်လည်းသမီးက ဖခင်ကိုမသိရှာခဲ့ချေ။ ချင်ချင်၏အဖြစ်မှာ ရင်နာဖွယ်ကောင်းလေစွတကား။

www.burmeseclassic.com

www.burmeseclassic.com



(၃၅)

လွတ်မြောက်ရေးနယ်မြေ

သူတို့သည် မြို့စားကြီးဝမ်ပင်း၏အလောင်းကို ကောင်းမွန်စွာ သဂြိုလ်လိုက်ကြ၏။ မြို့စားကြီးသေဆုံးသဖြင့် သူတို့အမြတ်ရသည့်အချက်မှာ ချင်ချင်သည် ကျောက်စိမ်းနဂါးဂိုဏ်းကို မှန်းတီးသွားသည့် အချက်တည်း။ သူမသည် ရင်ထဲပူလောင်နေသည်။

ကျန်လူများလည်း သူမကိုကြည့်ပြီး ကြေကွဲစွာခံစားနေကြရသည်။ ဟုန်ကျင်းက....

"ရေခဲတောင်က မလွတ်မြောက်မချင်း ဒီလိုတိုက်ပွဲမျိုးတွေကို ထပ်ကြုံရဦးမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဒီလိုချုံခိုတိုက်ခိုက်မယ့် တပ်သားတွေကိုလဲ စေလွှတ်ထားဦးပါမို့လို့ပဲ"

ဟုန်ကျင်းတို့သည် ဆက်လက်ခရီးထွက်ရန် ပြင်ဆင်ကြသည်။ နေရောင်က မြို့စားကြီးဝမ်ပင်း၏မှတ်တိုင်ဆီသို့ ကျဆင်းလာ၏။ အားလုံးပင် မြို့စားကြီးဝမ်ပင်း၏မြေပုံကိုကျောခိုင်း၍ ထွက်လာကြသည်။

ထိုအချိန်တွင် ခမောက်နှင့် လူတစ်ယောက်သည်လည်း ရေခဲပြင်ပေါ်၌ လှည့်ပတ်နေ၏။ ထိုစဉ် ဝေးကွာသောအရပ်မှ မြားတစ်



င်းသည် အရှိန်အဟုန်ဖြင့် ဖြတ်သန်းလာ၏။

"ဝှီး"

"ဒုတ်"

မြားသည် သစ်ပင်ပင်စည်၌ စိုက်ဝင်နေလေ၏။

ခမောက်ဆောင်းထားသူသည် ဖန်ကောက်တင်ဖြစ်လေသည်။ သူသည် မြားကိုဆွဲနုတ်ပြီး မြား၌ရစ်ပတ်ထားသည့်စာကိုတ်လေ၏။

"ဂိုဏ်းချုပ်ကြီး....

သူတို့ကို တတိယတောင်ကုန်းမှာ အရိပ်အယောင်တွေ့ယ်၊ ဘယ်လမ်းကြောင်းနဲ့ ထွက်ပြေးမယ်ဆိုတာတော့ မသိသေးပါး။ ကျုပ်ကတော့ အနံ့ခံလိုက်နေတုန်းပါပဲ။ ကျုပ်ကြောင့် တစ်ယောက်ယောက်တော့ ဒဏ်ရာရနိုင်တယ်။

ဟန်ချင်း"

စာဆုံးသောအခါ ဖန်ကောက်တင်က ကျေနပ်စွာ ပြုံးလေ၏။ သူသည် ကျားမှဆိုးဟန်ချင်းကိုတော့ အားရသည်။ ဟန်ချင်းသည် ပေးအပ်သောတာဝန်ကိုကျေပွန်စွာ ဆောင်ရွက်လေ့ရှိသည်။

သူသည် သူ၏မြင်းကြီးချည်နှောင်ထားရာသို့ ပြန်လည်လျှောက်လာ၏။ သူသည် အနီးဆုံး သူ၏တပ်သားများရှိရာသို့သွားသည်။

မြင်းဖြင့် ဆိုက်ရောက်လာသောဂိုဏ်းချုပ်ကြီးကို ထိုတပ်စုသည် ကပျာကယာ အရိုအသေပြုကြလေ၏။ ဂိုဏ်းချုပ်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



တပ်စုခေါင်းဆောင်ကို ပါးရိုက်လိုက်သည်။

"မင်း သောက်သုံးမကျဘူး"

"ဂိုဏ်း... ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ကျွန်တော်တို့လဲ ရှာရှာ"

"မင်း ဘာတွေလိုက်ရှာနေတာလဲ၊ သူတို့ဟာ ဆဋ္ဌမတောင်တုန်းကနေ တတိယတောင်ကုန်းကိုဖြတ်တက်သွားပြီ၊ မင်းတို့တတိယတောင်ကုန်းကိုရှာတော့ ဘာမှမတွေ့ဘူးလို့ ဘာဖြစ်လို့ အစီရင်ခံတာလဲ"

"ကျွန်... ကျွန်တော်တို့"

"ဘာဆင်ခြေပေးမလို့လဲ၊ မင်းတို့ ဘာသောက်သုံးကျသလဲ"

"ကျွန်တော်တို့ အမဲလိုက်ခွေးတွေနောက်က လိုက်ကြတာပါ"

"သေလိုက်ပါလား၊ စခန်းရောက်တာနဲ့ အဲဒီခွေးတွေကိုအဆိပ်ကျွေးသတ်လိုက်၊ ကျောက်စိမ်းနဂါးဂိုဏ်းမှာ ခွေးကအစ ထက်မြက်နေရမယ်၊ လွဲချော်တဲ့လူဆိုရင် ကိုယ့်ကိုကိုယ်သတ်သေလိုက်ကြ"

ဂိုဏ်းချုပ်ကြီး၏စကားများက ပြင်းထန်လှသည်။

"သွားကြ၊ လိုက်ကြစမ်း၊ တတိယတောင်ကုန်းကိုလိုက်ကြ အဲဒီမှာ ဟိုကောင်တွေရှိတယ်"

တပ်သားတစ်စုသည် အမဲလိုက်ခွေးများနှင့်အတူ တောင်ကုန်းသို့ပြေးကြလေတော့၏။ သူတို့သည် တတိယတောင်ကို ဆက်တက်ကြလေ၏။



ချင်ချင်သည် သူတို့၏ခြေရာများကို သားရေချပ် တစ်ချပ်ဖြင့်ဖျက်ရင်း နောက်ဆုံးမှလိုက်လာသည်။

နောက်ဆုံးတွင် သူတို့သည် အမြင့်ဆုံးတောင်ထွတ်သို့တက်ရန် ရောက်ရှိလာတော့၏။ ထိုတောင်ထွတ်မှာ ပေနှစ်ဆယ်ခန့် မြင့်သည်။ ထိုတောင်ထွတ်ကို ကြိုးဖြင့် တက်မှသာရပေလိမ့်မည်။

ဟုန်ကျင်းက...

"ဒီတောင်ထွတ်က မတ်စောက်တယ်၊ ကျုပ် အလျင်တက်သွားပြီး ကြိုးပစ်ချလိုက်မယ်၊ အဲဒီကြိုးကိုဆွဲပြီး တက်ခဲ့ကြပေတော့"

စီလင်ရှုက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

ဟုန်ကျင်းသည် တောင်ထိပ်သို့ခက်ခက်ခဲခဲတက်သွားလေ၏။ အောက်မှလူများက စိုးတထိတ်ထိတ်ဖြင့် ကြည့်နေကြရသည်။ သို့သော် ဟုန်ကျင်းသည် တောင်ထိပ်သို့အောင်မြင်စွာ ရောက်ရှိသွား၏။ မကြာမီ ကြိုးတစ်ချောင်းကျလာသည်။

စီလင်ရှုသည် ချင်ချင်အား ပထမဆုံးတက်စေချင်သည်။ သို့မှသာ အောက်မှလူများသည် ချင်ချင်ကိုဝိုင်း၍ဖေးကူနိုင်မည်ဖြစ်၏။

"ချင်ချင် တက်ပေတော့"

"ဟင့်အင်း... ကျွန်မကြောက်တယ်"

"ချင်ချင် အခုတက်မှဖြစ်မယ်၊ နောက်ဆုံးမှတက်ရင် ချင်ချင်အတွက် အောက်က ဘယ်သူဖေးမနိုင်တော့မှာလဲ အခု ချင်ချင်တက်ရင် အောက်က သုံးယောက်တောင်ရှိနေမယ်၊ ချင်ချင် သဘောပေါက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်သည် စီလင်ရှုရှင်းပြသည်များကို သဘောပေါ်
သွားလေ၏။

"ကဲ... တက်မယ်"

သူမသည် ခက်ခဲစွာတက်တော့သည်။ မကြာမီ သူ
အောင်မြင်စွာ တက်သွားနိုင်၏။

"ချင်ချင်တော့ ရောက်လာပြီ၊ ကျန်တဲ့လူတွေ တက်ခဲ့
တော့"

ကျန်လူများသည် တစ်ယောက်စီတက်ကြသည်။ လက်တ
ဖက်မရှိသော ဝမ်ဖေးကိုခါး၌ ကြိုးချည်ပြီး ဆွဲတင်ကြရသည်။ သူ
အားလုံး တောင်ထိပ်ပေါ်သို့ရောက်ရှိလာကြလေ၏။ သူတို့သည်
တောင်အောက်ခြေသို့ကြည့်လိုက်သည်။

တောင်အောက်ခြေ၌ ချောင်းကလေးတစ်ခု စီးဆင်းနေ
သည်ကို တွေ့ရသည်။

ဟုန်ကျင်းက...

"ကျုပ်တို့အားလုံး အဲဒီချောင်းအတိုင်း သွားကြရမှာပဲ
ချောင်းရိုးဆုံးရင် စန်းပိုမြစ်ကိုတွေ့ရမယ်၊ စန်းပိုမြစ်ရောက်ရင် ကျုပ်
တို့လွတ်မြောက်ပြီ"

အားလုံးဝမ်းသာသွားမိကြသည်။ သူတို့သည် ရေခဲတောင်
ပတ်ဝန်းကျင်၌ လှည့်ပတ်ပြေးနေရသည်ကိုငြီးငွေ့သွားမိသည်။ စန်းပို
ရောက်ရှိရန် လူအားလုံးစိတ်စောနေကြသည်။

သူတို့သည် တောင်ထိပ်မှကြည့်နေရသဖြင့် အားလုံးကိုမြင်
စီးမြင်နေရသည်။



သူတို့၏ရန်သူ ကျောက်စိမ်းနဂါးဂိုဏ်းသားများကို တွေ့မ
လားဟူသောအကြည့်ဖြင့် ကြည့်ကြခြင်းဖြစ်သည်။

လုံးဝအရိပ်အယောင်မမြင်ရပေ။ သစ်ပင်များနှင့် ဝတ်မှုံ
စိမ်းများ ရောနှောနေတတ်သဖြင့် အမြင်များ မှောက်မှားနေသလား
ဟု သေချာစွာကြည့်ကြရသည်။

အချိန်အတော်ကြာကြာ စောင့်ကြည့်သော်လည်း အခြေအ
နေသည် ပို၍ထူးခြားမလာခဲ့ချေ။ သူတို့အားလုံးသည် အန္တရာယ်
ကင်းရှင်းပြီဟု ဆုံးဖြတ်လိုက်ကြ၏။

"ကဲ... အန္တရာယ်ကင်းပြီလို့ ယူဆရတာပဲ၊ အားလုံးအောက်
ဆင်းကြစို့"

ဟုန်ကျင်းက ပြောပြီး သူက ရှေးဦးစွာ စတင်ဆင်းသက်
လာလေတော့သည်။

(၃၈)

## အများအတွက် တစ်သက်

ဟန်ချင်းသည် တတိယတောင်ကုန်း၌ မြားချက်တစ်ချက်
ပစ်လွှတ်ခဲ့သော်လည်း သူပစ်သည့်လူသည် သေသည်ရှင်သည်ကိုမ
သိခဲ့ချေ။ ဟန်ချင်းသည် ခြေရာခံပြီး တောင်ပေါ်သို့တက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေရာခံရာတွင် အခက်အခဲတွေ့ရသည်။ ခွန်ချန်းသည် ခြေ ရာများကို သားရေချပ်ဖြင့် ဖျက်ခဲ့သောကြောင့်ဖြစ်သည်။ သို့သော် ဟန်ချင်းသည် ကျားမုဆိုးဟု နာမည်ကျော်ခဲ့သူဖြစ်သည်။

ခြေရာခံ၊ အနံ့ခံရာတွင် သူမတူအောင် အစွမ်းထက်ခဲ့သည် မဟုတ်ပါလော။ သူသည် ဆီးနှင်းများကို လက်ဖြင့်ကိုင်၍ နမ်း ကြည့်သည်။

ဟန်ချင်းသည် ချက်ချင်းပင် ပြုံးမိလေ၏။ အဘယ်ကြောင့် ဆိုသော် ခွန်ချန်းသည် အရက်သောက်ခဲ့သည့် လမ်းတစ်လျှောက်အ ရက်များဖိတ်စဉ်ကျခဲ့သောကြောင့်တည်း။ ဤအရက်နံ့ကို ဟန်ချင်း နှာခေါင်းက အနံ့ခံမိသည်။

ဟန်ချင်းသည် တောင်ထိပ်ဆီသို့တဖြည်းဖြည်း တက်လာ လေတော့၏။ သူသည် ပတ်ဝန်းကျင်ကိုအလစ်မပေးဘဲ အကဲခတ် လာသည်။ သူ၏ကြီးမားလှသောလေးကြီးကိုလည်း လက်ထဲမှာကိုင် ထားသည်။

"ပြေးကြစမ်း... မင်းတို့ကပဲ ပြေးနိုင်မလား၊ ငါကပဲ လိုက် နိုင်မလားဆိုတာ တွေ့ကြသေးတာပေါ့ကွာ"

သူသည် အရက်နံ့ကိုခံရင်း ခွန်ချန်းတို့တောင်ထိပ်သို့မတက် မီနေရာသို့ ရောက်ရှိလာ၏။

ထိုနေရာတွင် ခွန်ချန်းတို့ကိုခြေရာပြတ်သွားသည်။ အရက် နံ့လည်းမရ၊ ခြေရာလည်းခံ၍ မရတော့ချေ။

ထို့ကြောင့် ဟန်ချင်းသည် မျက်စိရှင်ရှင်ဖြင့် ပတ်ဝန်းကျင် ကို လိုက်ကြည့်တော့သည်။



ထိုစဉ် တောင်နံရံတွင် ဆိတ်သားရေးဘူးမှ အမွေးအမှင်စ များကို မြင်လိုက်ရတော့သည်။ ထိုအခါ သူသည် ခွန်ချန်းတို့ပြေးမည့် လမ်းကိုမှန်းဆမိတော့၏။

သူတို့သည် ချောင်းကလေးအတိုင်းပြေးကြမည်။ ထိုချောင်း ကလေးမှ စန်းဝှီမြစ်သို့ပြေးကြမည်ကို သူသည်မြင်ယောင်လိုက်မိ လေ၏။ ထိုအခါ သူပြုံးတော့သည်။

"မင်းတို့ ဒီလမ်းအတိုင်းမပြေးရင် ဘယ်လမ်းအတိုင်းပြေး မှာလဲ"

ဟန်ချင်းသည် စာတစ်စောင်ရေးလေ၏။ သူသည် ဂိုဏ်း ချုပ်ကြီးဖန်ကောက်တင်ရှိနေမည့်အရပ်ကို သူသိသည်။ မြားဖြင့်ပစ် ခတ်ပြီးသတင်းပို့ရပေဦးမည်။

သူသည် တောင်ထိပ်သို့မတက်တော့ဘဲ တောင်ပတ်လမ်း အတိုင်း တရွေ့ရွေ့ထွက်ခွာ လာလေ၏။

ထိုအချိန်၌ ဟုန်ကျင်းတို့လည်း အပန်းဖြေနားနေကြချိန်ဖြစ် ၏။ အန္တရာယ်ကင်းနေပြီဖြစ်၍ အားလုံးစိတ်ချမ်းသာနေကြသည်။

စီလင်ရှုမှာလည်း ချင်ချင်၏မျက်နှာကလေးကိုသာ အရိပ် တကြည့်ကြည့်ဖြစ်နေ၏။ လမ်းတစ်လျှောက်လုံးလည်း သူက ချင်ချင် ကို စောင့်ရှောက်ခဲ့လေသည်။

ဟုန်ကျင်းကတော့ သူတို့ထွက်ရမည့် အပြန်လမ်းအတွက် မြေပုံစာရွက်ကိုကြည့်ပြီး စဉ်းစားနေသည်။

ဟုန်ကျင်းရှာ....

"ဒီချောင်းတစ်လျှောက် ကျုပ်တို့သွားတဲ့အခါမှာ ဘေးကင်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းဖြစ်ဖို့ လိုတယ်၊ ဒီချောင်းတစ်လျှောက်ဟာ ကျောက်စိမ်းနဂါးဂိုဏ်းရဲ့ပိုင်နက်နယ်မြေပဲ၊ ဒီလမ်းကြောင်းမှာ သူတို့ရန်ကို ထည့်တွက်ရမယ်"

ခွန်ချုန်းက ထောက်ခံ၏။

"မှန်တယ်၊ ဒါဟာ ဒီကောင်တွေ ရဲ့နယ်မြေပဲ၊ ဒီကောင်တွေက နယ်မြေလဲကျွမ်းတယ်၊ အင်အားကလဲ ကောင်းတယ်၊ တကယ်တမ်းရင်ဆိုင်တိုက်ခိုက်ရင် ကျုပ်တို့ဘက်က ရှုံးနိမ့်ဖို့များပါတယ်"

ဟုန်ကျင်းက....

"ဘယ်သူမှ နစ်ခါသေတယ်မရှိပါဘူး၊ အန္တရာယ်ကိုတော့ ကြည့်ရှောင်ရမှာပေါ့"

ချင်ချင်တစ်ယောက်မှာမူ မျက်လုံးအဝိုင်းသားဖြင့် လျှောက်ကြည့်နေသည်။ ဟုန်ကျင်းတို့ပြောသည့်စကားများကို သူမ နားလည်လာသည်။

သူမသည် အတိတ်ကိုတစ်စတစ်စပြန်သတိရလာလေပြီ။ ထို့ကြောင့် သူမကိုယ်သူမ ကျောက်စိမ်းသခင်မဆိုသောအစွဲသည် ကျွတ်စပြုလေပြီ။

ဟုန်ကျင်းက....

"ကျုပ်တို့လှေတစ်စင်းလောက်ရရင်တော့ ကောင်းမယ်"

ဝမ်ဖေးက....

"ကျုပ် ချောင်းရိုးတစ်လျှောက်လှေရမလားလို့ လျှောက်ကြည့်လိုက်မယ်"

"ကောင်းတယ်... လျှောက်ကြည့်ပါ"



ဝမ်ဖေးသည် ထွက်ခွာသွားလေတော့၏။ သူသည် ချောင်းတစ် လျှောက် လျှောက်လာသဖြင့် သူ့လူများနှင့်ဝေးဝေးလာသည်။ နောက်ဆုံး လူလုံးပျောက်သွားတော့သည်။

ထိုစဉ် လှေတစ်စင်းနှင့် တံငါသည်တစ်ယောက်သည် အဝေး၌ ငါးရှာနေသည်ကိုတွေ့ရသည်။ အချိုရှာသကာတွေ့ဆိုသလို ဖြစ်သွားသည်။

"ဟေး... မိတ်ဆွေ၊ ဟေး..."

ဝမ်ဖေးသည် ဝမ်းသာအားရလှမ်းခေါ်လေ၏။ တံငါသည်မှာ ဝမ်ဖေးကိုလှည့်၍မျှပင် မကြည့်ဘဲ သူ့ငါးကိုသာ သူကြည့်နေသည်။

ထိုတံငါသည် အဆင်ပြေသွားလျှင် သူတို့အုပ်စုသည် ယိုလှေကလေးနှင့် ချောင်းရိုးစုန်ဆင်းရန် အဆင်ပြေပေလိမ့်မည်။

တံငါသည်မှာ ကြည်လင်လှသောရေပေါ်၌ လှေကလေးကို မျှောနေသည်။ ငါးများသည် ရေခဲချောင်းထဲ၌ ပေါများလှသည်။

ဝမ်ဖေးခေါ်နေသည်ကို လုံးဝဂရုမစိုက်ပေ။ ဝမ်ဖေးသာ တဖြည်းဖြည်းနီးလာသည်။

"ဗျို့... မိတ်ဆွေကြီး၊ ဒီဘက်ကို ခဏလောက်ကပ်ပါဦးဗျာ"

ဝမ်ဖေးက အနီးကပ်အော်တော့မှ ခေါင်းထောင်ကြည့်သည်။ သူသည် လှေကိုတဖြည်းဖြည်း လှော်ခတ်လာ၏။ဝမ်ဖေးက...

"ကျုပ် ခင်ဗျားနဲ့လမ်းကြုံလိုက်ပါရစေ"

"လိုက်ချင်လိုက်လေ"

ထိုလူက ခပ်ပြတ်ပြတ်ပြော၏။ ဝမ်ဖေးက...

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မသိလို့ မေးစမ်းပါရစေဗျာ၊ ခင်ဗျားက ဘယ်အထိ သွားမှာလဲ"

"မရဏပြည်အထိလေ"

ထိုလူက မာရေကျောရေဖြင့် ပြောလေ၏။ ဝမ်ဖေး ခေါင်း ထောင်သွား၏။

"ခင်ဗျား ဘာပြောတာလဲ"

"ကျုပ်ပြောနေတာ ရှင်းနေတာပဲ၊ မရဏပြည်အထိ ရောက်အောင်သွားမယ်လို့ပြောနေတာပဲ"

လှေသည် ကမ်းသို့ကပ်လာလေ၏။ ဝမ်ဖေးက....

"ခင်ဗျား ဒီလိုပြောဖို့ မကောင်းပါဘူးဗျာ၊ ကျုပ် လူကောင်း သူကောင်းပါ"

"လူကောင်းသူကောင်းလဲ ကျုပ်ဂရုမစိုက်ဘူးဗျာ၊ ကျုပ်က တော့ လူကောင်းသူကောင်းမဟုတ်ဘူး၊ လူဆိုးသူခိုးပဲဗျ"

ထိုလူသည် လှေပေါ်မှကမ်းပေါ်သို့ ခုန်တက်လာလေ၏။ ထိုလူသည် ရွမ်းခနဲ သူ့ဓားကိုဆွဲထုတ်လိုက်ပြီး ဦးထုပ်ကိုလှန်ချလိုက်၏။

ထိုအခါ ကျောက်စိမ်းနဂါးဂိုဏ်းသားတစ်ဦးဖြစ်နေကြောင်း တွေ့လိုက်ရသည်။ထိုသူကား အရှေ့ပိုင်းနယ်မြေတာဝန်ခံတည်း။ သူ့အား ဖန်ကောက်တင်က လွန်စွာ ယုံကြည်အားလေ၏။

"သြော်... မင်းက ကျောက်စိမ်းနဂါးဂိုဏ်းသားကိုး"

"ဟုတ်တယ်... ကျုပ်ဟာ ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်ရဲ့ လက်ရုံးပဲ၊ ခင်ဗျားတို့ကို ကျုပ်နည်းကျုပ်ဟန်နဲ့လိုက်ရှာနေတာဗျ"



သူသည် ဝမ်ဖေးကိုထိုးခုတ်တိုက်ခိုက်လေတော့၏။

"ခင်ဗျားတို့အားလုံးကို မရဏပြည်ကိုအရောက်ပို့မယ်"

"ဝှီး... ဝှစ်... ဝှစ်"

"ထန်း... ခြွမ်း... ခြွမ်း"

ဝမ်ဖေးသည် ခေါင်းငုံ့ရှောင်တိမ်းလိုက်၏။ ကျောက်စိမ်းန ဂါးဂိုဏ်းသားသည် ဝမ်ဖေးအား တရကြမ်းတိုက်ခိုက်၏။ ဝမ်ဖေးနှင့် ထိုဂိုဏ်းသားတို့မှာ ပညာချင်းသိပ်မကွာလှပေ။ ထို့ကြောင့် အကြိတ် အနယ်တိုက်ခိုက်နေကြရသည်။

သို့သော် စိတ်ဓာတ်အားဖြင့်တော့ ဝမ်ဖေးကသာသည်။ သူ သည် သူတို့မိစ္ဆာဂိုဏ်းအား ကျောက်စိမ်းနဂါးဂိုဏ်းက ဖြိုခွင်းသွား သည်ကို အခဲမကျေဘဲပြန်၍ လက်စားချေချင်နေ၏။

ဝမ်ဖေးသည် သူ့ဓားကို ခပ်ကြမ်းကြမ်းဝှေ့ယမ်းတိုက်ခိုက် လိုက်၏။ ကျောက်စိမ်းနဂါးဂိုဏ်းသား၏ဓားသည် လွင့်ထွက်သွား သည်။ ဆရာကျန်ရှုအတွက် ကလဲ့စား။ ကြာဖြူကန်ဘွားဘွားအ တွက် ကလဲ့စား။ မိစ္ဆာအဖွဲ့အတွက် ကလဲ့စား။

ထိုကလဲ့စားများအတွက် သူသည် ကျောက်စိမ်းနဂါးဂိုဏ်း သားကို ဖိတိုက်နေခြင်းဖြစ်သည်။ ကျောက်စိမ်းနဂါးဂိုဏ်းသားမှာ လက်နက်ဆုံးရှုံးသွားပေပြီ။

လူရှုံးဖို့သာ လိုတော့သည်။ သိုင်းလောကတွင် ထုံးစံကစ် ခုရှိသည်။ လက်နက်ရှုံးလျှင်ပွဲရှုံးသွားခြင်းပေတည်း။ တချို့က လက် နက်ရှုံးသော်လည်း လူက အရှုံးမပေးသေးချေ။

ထိုလူစားမျိုးတွင် ကျောက်စိမ်းနဂါးဂိုဏ်းသား ပေါင်ဟန်တု

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် အရှုံးမပေးဘဲ ဆက်လက်တိုက်ခိုက်နေသည်။

ဝမ်ဖေးသည် သူနှင့်လက်ရည်တူဖြစ်သည့် ကျောက်စိမ်းနဂါးဂိုဏ်းသား လက်နက်လွတ်ကျသွားသောအခါ သူသည်အားတက်သွားပြီး တရကြမ်းတိုက်ခိုက်သည်။ ကျောက်စိမ်းနဂါးဂိုဏ်းသားမှာအသေအလဲရှောင်တိမ်းနေ ရပေပြီ။ ဟာကွက်များလည်း များစွာပေါ်နေပေပြီ။ ထိုစဉ်....

"ဗိုး"

"ဒုတ်"

"အား"

အဝေးမှလာသော မြားတစ်စင်းသည် ဝမ်ဖေး၏ရင်ဝသို့ လာရောက်ထိမှန်တော့သည်။ ထိုအခါ ဝမ်ဖေးသည် သူ၏ဓားကို အားကုန်ထုတ်၍ ခုတ်ထစ်လိုက်၏။

"အား"

ကျောက်စိမ်းနဂါးဂိုဏ်းသားမှာ ဝမ်ဖေး၏ဓားချက်ကို မရှောင်နိုင်ခဲ့ချေ။ ထိုအခါ ဝမ်ဖေးလည်း လဲကျသေဆုံးသွားပြီး ကျောက်စိမ်းဂိုဏ်းသားလည်း လဲကျသေဆုံးသွားလေတော့၏။



(၃၉)

## လွတ်မြောက်ရေးလမ်းစ

ဟုန်ကျင်းတို့သည် ဝမ်ဖေးထွက်သွားသည့်အချိန်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း ပြန်ရောက်မလာသေးသဖြင့် ဝမ်ဖေးနောက်သို့ လိုက်လာကြလေ၏။ သူတို့သည် ရေခဲချောင်းတစ်လျှောက်သို့ လိုက်လံရှာဖွေကြသည်။

ဟော... တွေ့ပါပြီ၊ လှေကလေးတစ်စင်းလည်း တွေ့သည်။ အလောင်းနှစ်လောင်းလည်းတွေ့သည်။ သူတို့သည် အခြေအနေကို စေ့ငုမိသွားကြလေ၏။ သူတို့သည် ဝမ်ဖေးအလောင်းကို ကမ်းနားအ၌ပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြ၏။

"ကဲ... လှေတစ်စင်းတွေ့တာ ကံကောင်းတာပဲ၊ ဒါဟာလဲ ကျောက်စိမ်းနဂါးဂိုဏ်းသားရဲ့ သေမှု ကျူပ်တို့ရတာ၊ လှေပေါ်အားလုံးတက်ကြ"

ထိုအခါ စီလင်ရှူ၊ ချင်ချင်နှင့် ခွန်ချန်းတို့လည်း လှေပေါ်တက်လိုက်ကြရသည်။ မကြာမီ လှေကလေးသည် ရေစုန်သို့မျှောချလေတော့သည်။

သူတို့ခရီး၌ ဝမ်ဖေးသည် ဒုတိယမြောက်ကျဆုံးသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမကျဆုံးသူကား မြို့စားကြီးဝမ်ပင်းတည်း။ လှေကလေးသည် ရေစီးအတိုင်း လှော်ခတ်မျှောချလာခြင်းဖြစ်၍ လျင်မြန်လှသည်။

လှေပေါ်၌ သူတို့လေးယောက်စလုံး ငြိမ်သက်စွာပါလာကြ၏။ သူတို့အားလုံး ဝမ်ဖေးသေဆုံးသွားသည့်အတွက် ကြေကွဲဝမ်းနည်းနေကြ၏။ မကြာမီ သူတို့အလှည့်သို့ရောက်ရှိလာတော့မည်လော။

ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်အား ပြန်လည်လက်စားချေရမည်ကို သူတို့မတွေးနိုင်တော့ချေ။

သူတို့အခြေကျကျရပ်တည်နိုင်ရန် ရေခဲတောင်ဒေသမှ သူတို့ထွက်ခွာကြရမည်။ သို့မှသာ ဖန်ကောက်တင်အား ပြန်လည်လက်စားချေနိုင်ပေလိမ့်မည်။

ဟုန်ကျင်းက....

"ကျုပ်တို့ မြစ်ကွေ့အထိမသွားဘူး၊ ရှေ့အချိုးအကွေ့တစ်ခုကျရင် တစ်ဖက်ကမ်းကိုကပ်မယ်၊ အဲဒီမှာ ကမ်းပေါ်ဆင်းပြီး အခြေအနေကြည့်ရမယ်၊ ခြေကျင်လျှောက်သင့်ရင် လျှောက်ကြရမယ်"

ဟုန်ကျင်းက ဆက်ပြောလေ၏။

"ကျုပ် အခုပြောလိုက်မယ်၊ ကျုပ်နောက်ပိုင်းမှာ သတင်းတစ်ခုကြားထားတယ်၊ ကျားမုဆိုးဟန်ချင်းဟာ ကျောက်စိမ်းနဂါးဂိုဏ်းထဲကို ဝင်သွားတယ်လို့၊ မြို့စားကြီးဝမ်ပင်းကိုပစ်တဲ့မြားနဲ့ ဝမ်ဖေးကိုပစ်တဲ့မြားဟာ အတူတူပဲ၊ ဒီမြားတွေဟာ သာမန်မြားတွေထက် ကြီးတယ်၊ သာမန်လေးနဲ့ ပစ်လို့မရဘူး၊ လေးကိုင်းကလဲ ကြီးရမယ်။ လေးညှို့ကလဲ သန်ရမယ်၊ အဲဒီလေးနဲ့ပစ်မှ ရမယ်၊ ကျုပ်စိတ်ထင်တော့ မြို့စားကြီးနဲ့ဝမ်ဖေးဟာ ကျားမုဆိုးဟန်ချင်းရဲ့ လက်ချက်မိသွားတယ်လို့ ထင်တာပဲ"

စီလင်ရှူက....

"ဒီလိုဆိုရင် တပည့်တော်တို့နောက်ကို ကျားမုဆိုးဟန်ချင်း လိုက်လာတယ်လို့ ကိုယ်တော်ထင်လို့လား"

ဟုန်ကျင်းက စဉ်းစဉ်းစားစားပြော၏။

"ဒီမုဆိုးဟာ ဖန်ကောက်တင်အပေါ် အတော်သစ္စာရှိတယ်လို့လဲ ကြားတယ်၊ နောက်ပြီး သူဟာ တောတောင်တွေ ခရီးခြေကြောင်းကို ကျွမ်းတယ်လို့သိရတယ်၊ ဒီတော့ ဟန်ချင်းမှ ကျုပ်တို့နောက်ကို လိုက်ရင် ဘယ်သူလိုက်မှာလဲ၊ အခုပဲ ကျုပ်တို့သွားမယ့်နေရာကို သူ ကဖြတ်လမ်းက ဖြတ်လိုက်လာမယ်လို့ ကျုပ်ထင်တယ်၊ ကျုပ်တို့ လွတ်မြောက်အောင် ဒီကောင်ကြီးနဲ့ဉာဏ်ရည်ပြိုင်ရဦးမယ်"

ဟုန်ကျင်းသည် သူ့ဝတ်စုံထဲမှ ယန္တရားဖွား တပ်ဆင်ထားနိုင်သည့် ကျမ်းကိုထုတ်ပြလေ၏။

"ဒီမှာကြည့်ကြပါ၊ ဒီကျမ်းဟာ ကျုပ်အတွက် အင်မတန်အရေးကြီးပါတယ်၊ ဒီရေခဲတောင်က ထွက်လာတဲ့အရေးအခင်းထဲမှာ ကျုပ်သေသွားရင် ဒီကျမ်းကိုရှောင်လင်ကျောင်းကို အရောက်ပို့ပေးကြပါ"

"စိတ်ချပါ ကိုယ်တော်"

စီလင်ရှူက ကတိပေးလေ၏။

"တပည့်တော် ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်ချန်းကလည်း ကတိပေးသည်။

"ခင်ဗျားတို့ ဒီလိုကတိပေးတဲ့အတွက် ကျုပ်အင်မတန် ဝမ်းသာပါတယ်၊ သေခြင်းတရားဆိုတာ အချိန်မရွေးရောက်ရှိတတ်တယ်၊ သေခြင်းတရားကို ဘယ်သူမှမလွန်ဆန်နိုင်ပါဘူး၊ ဒါကြောင့် ကျုပ်ဟာ သေခြင်းတရားကိုလဲ မကြောက်ပါဘူး"

ဟုန်ကျင်းက ပြောလိုက်သည်။

ချင်ချင်သည် သူမ၏အတိတ်များကို ပြန်လည်သတိရနေသည် ဖြစ်ရာ ဟုန်ကျင်းက ထိုသို့ပြောလိုက်သောအခါ သူမသည် ချင်ချင်အဖြစ်သို့ လုံးဝပြန်လည်ရောက်ရှိသွားလေ၏။

"ယန္တရားဖားကြီးကိုဖျက်ဆီးဖို့ ကိုယ်တော်မှာ တာဝန်ရှိတယ် မဟုတ်လား၊ မပူပါနဲ့ကိုယ်တော်၊ ယန္တရားဖားကြီးကို တပည့်တော်လဲ ဖျက်ဆီးပါ့မယ်"

ခွန်ချန်းက ထပ်မံ၍ ကတိပေးလေ၏။

ဟုန်ကျင်းသည် ပတ်ဝန်းကျင်ကိုကြည့်၍ သက်ပြင်းချလိုက်၏။

ကျားမုဆိုးဟန်ချင်းသည် သူတို့နောက်ခြေရာခံလိုက်နေသည်ကို သိသည်။ ကျောက်စိမ်းနဂါးဂိုဏ်းသားများလည်း ရှိသေးသည်။

သူတို့သည် ယခုတိုင် ရေခဲတောင်အပြင်သို့မရောက်သေးချေ။

သူတို့လှေကလေးကို ကွေ့ကလေး၌ရပ်ပြီး အားလုံးဆင်းလျှောက်ကြသည်။ သူတို့သည် လှေကိုစွန့်လွှတ်လိုက်ပေပြီ။



"သွားပေတော့ လှေကလေး"

ခွန်ချန်းသည် လှေကလေးကိုရေထဲမျှောချလိုက်၏။ လှေကလေးသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေသည်။

"ကဲ... ရေခဲတောင်နယ်စပ်ရောက်အောင် အားလုံးဆိုတက်ကြစို့"

ဟုန်ကျင်းက ပြောပြီး ရှေ့ဆုံးမှသွားလေ၏။ သူတို့လျှောက်ကြရာ မည်သည့်ဘေးအန္တရာယ်မျှ မတွေ့ရဘဲ ရေခဲတောင် နယ်စပ်အစွန်သို့ရောက်ရှိလာလေ၏။

ထိုနေရာသည်ကား အံ့မခန်းလှပသည့် နေရာပေတည်း။ ဤနေရာ၌ ရေခဲပြင်သား ဆီးနှင်းများလွှမ်းသည့်ဒေသမဟုတ်တော့ပေ။

သစ်ပင်များသည်လည်း သူ့နေရာနှင့်သူ ပေါက်နေ၏။ အချို့နေရာ၌ ဆီးနှင်းများ စုစုအုပ်အုပ်ကလေးကျနေ၏။ တောပန်းတောင်ပန်းကလေးများလည်း ပွင့်နေကြသည်။

"ဒီနေရာကလေးရောက်တာ တကယ်စိတ်ချမ်းသာစရာကောင်းတယ်"

ခွန်ချန်းက ပြောသည်။

စီလင်ရှူက....

"ဟုတ်တယ်ဗျာ ကိုယ်တော်၊ ဒီလိုဒေသမှာ ဒီလိုနေရာမျိုးရှိလိမ့်မယ်လို့ တပည့်တော် ဘယ်လိုမှမထင်ခဲ့ဘူး"

ဟုန်ကျင်းက ရှင်းပြ၏။

"ကျုပ်တို့ရောက်နေတဲ့နေရာဟာ ရေခဲတောင်ရဲ့နယ်စပ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဗျ၊ ကျုပ်တို့လွတ်မြောက်ပါတော့မယ်၊ နယ်စပ်ဆိုတော့ ရေမြေသဘာဝမတူတဲ့နှစ်နေရာထိစပ်နေတဲ့နေရာလေးများ ဒါကြောင့် ဒီနေရာဟာ အထူးလှပနေတာပေါ့"

ဟုန်ကျင်းက ဆက်၍ပြောဏ်။

"ကျုပ်တို့အသက်ရှုချောင်သွားတာပေါ့၊ ကျုပ်တို့ကို ကျောက်စိမ်းနဂါးဂိုဏ်းသားတွေ ဝိုင်းမတိုက်နိုင်ပါဘူး၊ ဝိုင်းတိုက်ရင်လဲ တစ်ဖက်နယ်စပ်ကို ဆုတ်ရုံပဲ"

စီလင်ရှုက ပြောလိုက်သည်။

"ကဲ... လှပတဲ့နေရာကလေးကို ရောက်လာတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် နားဖို့နေရာရှာကြပါဦး၊ ဟောဟိုမှာ သစ်ပင်ကြီးတွေ စုစုပေါက်နေတဲ့နေရာ အဲဒီနေရာကိုသွားနားကြတာပေါ့"

ဟုန်ကျင်းက ခေါင်းညိတ်၏။

"သွားကြတာပေါ့"

သူတို့အားလုံး ထိုသစ်ပင်အုပ်စုရှိရာသို့ သွားကြလေ၏။ အားလုံးပင် စိတ်လွတ်ကိုယ်လွတ် အနားယူကြသည်။

ဟုန်ကျင်းနှင့် ခွန်ချန်းတို့သည် သစ်ပင်ကြီး၏အခြားတစ်ဖက်၌ထိုင်ပြီး ချင်ချင်နှင့်စီလင်ရှုတို့က သစ်ပင်ကြီးတစ်ဖက်၌ထိုင်သည်။

စီလင်ရှုသည် ပန်းကလေးတစ်ပွင့်ကိုခူးပြီး ချင်ချင်ခေါင်း၌ ထိုးစိုက်ပေးလေ၏။ သူမ ပြုံးလေ၏။ သူမ၏အပြုံးကား ကျေနပ်နှစ်သိမ့်ပြုံးပေတည်း။

"ချင်ချင်... ညီမရဲ့ဖေဖေဆုံးသွားပြီးတဲ့နောက် ညီမ ခိုကိုး ရာမဲ့ဖြစ်သွားပြီနော် ညီမ၊ အစ်ကိုက ညီမကို သစ္စာရှိရှိစောင့်ရှောက်ပါ့မယ်၊ အစ်ကို့ကိုစောင့်ရှောက်ခွင့်ပေးပါနော်"



သမက ပြုံးပြုံးလေး ခေါင်းညိတ်၏။

သူတို့နှစ်ဦး၏ပြောစကားများကို ဟုန်ကျင်းနှင့်ခွန်ချန်းတို့ ကြားပြီး ပြုံးမိကြလေ၏။

သူတို့သည် ယခုအခါ ရှောင်လင်ကျောင်းမှ ယန္တရားအတတ်ပညာကျမ်းနှင့် ချင်ချင်ကိုပြန်လည်ရရှိခဲ့ကြပေပြီ။ သို့သော် ကျောက်စိမ်းနဂါးနက်ဂိုဏ်းကိုဖြိုခွင်းရန်နှင့် ယန္တရားဗာကြီးကိုဖျက်ဆီးရန် အကြံသာရှိတော့သည် မဟုတ်ပါလော။ သူတို့ကြိုးစားရပေမည်။

(၄၀)

## သေခြင်းဟူသည်

"ရှီ... ရှီ... ရှီ"

"ရှီ... ရှီ... ရှီ"

ထူးခြားသော ပလွေသံသည် ဟုန်ကျင်းတို့ပတ်ဝန်းကျင်၌ သာယာစွာ ထွက်ပေါ်လာလေ၏။ ကြားလိုက်ရသောပလွေသံသည် မည်သည့်အရပ်က ထွက်ပေါ်လာမှန်းမသိနိုင်ဘဲ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပလွေသံကိုနားစွင့်သည်။ ပလွေသံသည် အရှေ့ မြောက်အရပ်မှ လာနေသည်။

"ဒါဟာ အလကားမှုတ်နေတဲ့ပလွေသံမဟုတ်ဘူး။ ဒီနေရာမှာ ဘယ်သူမှပလွေမမှုတ်နိုင်ဘူး။ ဒါ ကျောက်စိမ်းနဂါးကိုထိန်းချုပ်ကြီးဖန်ကောက်တင်ရဲ့ပလွေသံပဲ၊ ကျုပ်တို့နောက်မှာတော့ အန္တရာယ်ကပ်လာပြီ"

ဟုန်ကျင်းက ပြောလိုက်သည်။

စီလင်ရှုက....

"တပည့်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဒကာကြီးနဲ့ ခွန်ချန်းတို့ ဒီမှာနေခဲ့ပေါ့၊ ချင်ချင်ကို စောင့်ရှောက်ကြပါ၊ ကျုပ် ပလွေသံကြားရာကိုသွားလိုက်မယ်၊ ကျုပ်အတွက် ဘာမှမစိုးရိမ်ကြပါနဲ့"

ဟုန်ကျင်းသည် အားလုံးအတွက် သူ့အသက်ကိုစွန့်လွှတ်ထားသူဖြစ်၍ ပလွေသံကြားရာသို့ သူသွားမည်ဟုသာ ပြောသည်။

"ဒီတစ်ခါတော့ တပည့်တော်သွားပါရစေ၊ ရေခဲတောင်ဌာနချုပ်ထဲမှာ ကိုယ်တော်တစ်ခါစွန့်ပြီးပါပြီ၊ ဒီနယ်မြေကို ကျွမ်းကျင်တာကလဲ ကိုယ်တော်ပါ၊ ချင်ချင်နဲ့ ခွန်ချန်းကိုကယ်ထုတ်သွားနိုင်တာက ကိုယ်တော်ပါ၊ တပည့်တော်လဲ တစ်ခါတစ်လေ အသက်စွန့်ပါရစေဦး။ ဒါက ပြောမယ့်သာ ပြောရတာပါ၊ သေချင်မှလဲ သေမှာပါ၊ သေခြင်းတရားဟာ ရဲဝံ့သူတွေအပေါ် မကျရောက်တတ်ပါဘူး"

စီလင်ရှု၏ပြောစကားများမှာ ကျိုးကြောင်းဆီလျော်သည်။

ချင်ချင်ကတော့ နှုတ်ခမ်းကလေးများတုန်ယင်ပြီး စီလင်



ကိုကြည့်နေ၏။

"အစ်ကို"

"ဟင်... ညီမ"

"အစ်ကို... အစ်ကို"

"ဘာမှမပူပါနဲ့ ညီပရယ်၊ အစ်ကို ပြန်လာခဲ့မှာပါ"

စီလင်ရှုသည် ချင်ချင်အား နှုတ်ဆက်ပြီး ထွက်ခွာသွားလေ၏။ စီလင်ရှုသည် အရေးကြီးသောအချိန်အခါဖြစ်၍ သူ၏ရွှေဓားနှစ်ချောင်းကို အသေအချာယူသွားလေ၏။

"ရွှီ... ရွှီ... ရွှီ"

ပလွေသံကြားရာသို့ သူလျှောက်လာခဲ့သည်။ ပလွေသံသည် တဖြည်းဖြည်းနှင့် နီးကပ်လာလေ၏။ ဟုန်ကျင်းတို့နှင့်မှ ဝေးကွာသွား သည်။

သူသည် သတိနှင့်ပတ်ဝန်းကျင်ကိုကြည့်သည်။

"ဟင်"

လူတစ်ရပ်မျှမြင့်သည့် ဆီးနှင်းပုံကြီးတစ်ခုပေါ်တွင် စာခြောက်ရပ်ကြီးတစ်ခုတင်ထားသည်ကို တွေ့ရလေ၏။ ထိုစာချောက်ရပ်ကြီး၏ပါးစပ်တွင် ပလွေကဲ့သို့ပိုက်လုံးတစ်ချောင်းတပ်ဆင်ထားသည်။ စင်စစ် ထိုပိုက်လုံးကား ပလွေကြီးတစ်ခုပင်တည်း။

စီလင်ရှုသည် ထိုပလွေကြီးကိုကြည့်၍ သတိနှင့်ချဉ်းကပ်လာ၏။ ထိုပိုက်လုံးကြီးသည် သူ့ထံသို့ တဖြည်းဖြည်း ~ည်လာ၏။

"ဝှစ်... ဝှစ်... ဝှစ်"

အဆိပ်အပ်ကလေးသုံးချောင်းသည် တဝှစ်ဝှစ်နှင့် ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။

"ကျား"

စီလင်ရှုသည် ဓားနှစ်လက်ကိုရှုပ်ယှက်ခတ်အောင် ဝှေ့ယမ်းပြီး အပ်များကို ခါထုတ်ပစ်လိုက်လေ၏။ အပ်ကလေးများသည်အသံမထွက်ဘဲ လွင့်စဉ်ထွက်သွားလေ၏။

"ဝုန်း"

စာခြောက်ရုပ်ကြီးသည် ပေါက်ကွဲထွက်သွား၏။ ထိုပေါက်ကွဲမှုနှင့်အတူ အစိမ်းရောင်ဝတ်စုံဝတ်ထားပြီး မကောင်းဆိုးဝါးမျက်နှာဖုံးစွပ်ထားသည့် ဂိုဏ်းသားနှစ်ယောက်သည် ဘွားခနဲပေါ်လာသည်။

တစ်ယောက်က သံလုံးတပ်သံကြိုးကိုကိုင်ထားပြီး တစ်ယောက်က လင်းကွင်းနှစ်ချပ်ကိုကိုင်ထားသည်။

"ဝိုး... ဝိုး... ဝိုး"

သံလုံးတပ်သံကြိုးကိုဝှေ့ယမ်းနေသည်။ လေတိုးသံသည် မြည်ဟည်းနေ၏။ လင်းကွင်းမြည်သံကလည်း တခြိမ်းခြိမ်းနှင့်ဖြစ်နေ သည်။

သူတို့နှစ်ဦး၏တိုက်ကွက်မှာ အလွန်ညီညာလှသည်။ ယိမ်းတိုက်ထားသကဲ့သို့ ညီညာလှသည်။ ပူးပေါင်းတိုက်ကွက်မျိုးဖြစ်သည်။

စီလင်ရှုမှာ ရွှေဓားနှစ်လက်ဖြင့် ခက်ခက်ခဲခဲ ခုခံနေရ၏။ သံလုံးတပ်သံကြိုးသည် သူ့ဦးခေါင်းနားမှဖြစ်သွားသကဲ့သို့ လင်းကွင်းကလည်း သူ့ဗိုက်ကြောကိုဖြတ်ရန် ဝိုးခနဲဖြတ်သန်းသွားသည်။



ရန်သူနှစ်ယောက်၏လက်နက်များသည် သူ့အသက်ကို ခြွေလုနီးနီးဖြစ်သွား၏။

မကောင်းဆိုးဝါး မျက်နှာဖုံးတပ်ဂိုဏ်းသားနှစ်ဦးသည် သိုင်းပညာအလွန်ကောင်းကြသည်။

"ခြိမ်း... ချလွမ်း... ချလွမ်း"

စီလင်ရှု၏ဓားနှစ်လက်မှာ အနားမရရှာပေ။ နားသည်နှင့်သူ့ခေါင်းပြတ်သွားမည်ဖြစ်ပါသည်။ စီလင်ရှုသည် မြေပေါ် လှဲအိပ်၍လည်းကောင်း၊ ခုန်ပျံ၍လည်းကောင်း ရှောင်တိမ်းနေရသည်။ တစ်ချက်တွင် လင်းကွင်းသမားတစ်ချက်ဟာသွားသည်ကို စီလင်ရှုတွေ့လိုက်ရသည်။

စီလင်ရှုသည် သာမာန်သိုင်းသမားမဟုတ်ပေ။ အတွေ့အကြုံများသော သိုင်းသမားဖြစ်၏။ အခွင့်အရေးကိုလက်လွှတ်မခံပေ။ ဟာသွားသည်နှင့် ဓားနှင့်လှမ်းတွက်လိုက်၏။

"ဒိုး"

လင်းကွင်းတစ်ချပ်မှာ လွင့်ထွက်သွားလေ၏။

"ဟာ"

လင်းကွင်းသမား အံ့သြသွား၏။ သူသည် လန့်ဖျတ်ပြီး ခြေတစ်လှမ်းဆုတ်သွား၏။

သံလုံးတပ် သံကြိုးသမားသည် လန့်သွားသည်။ သူလည်း နောက်ဆုတ်သွားသည်။ သူတို့သည် စီလင်ရှုကိုအထင်သေးပြီး မတိုက်ခိုက်ဝံ့တော့ချေ။ သူတို့လက်နက်တစ်ခြမ်း လွင့်စဉ်သွားပြီမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စီလင်ရှုကို ကျားချောင်းသကဲ့သို့ ချောင်းနေကြ၏။ သူတို့တိုက်ကွက်သည် ထိရောက်မှုဖြစ်မည်။

"ဝိုး... ဝိုး... ဝိုး"

"ဝုစ်... ဝုစ်... ဝုစ်"

သူတို့၏လက်နက်များသည် စီလင်ရှု၏ကိုယ်ခန္ဓာပေါ်သို့ လျှပ်တပြက် ကျရောက်သွားသည်။ စီလင်ရှုကလည်း လျှင်သည်။ သူ၏ရွှေဓားနှစ်လက်ဖြင့် ခုခံသည်။

ထိုအချိန်တွင် သံလုံတပ်ကြိုးသည် စီလင်ရှု၏ရွှေဓားလက်ကိုင်ရိုးကိုလာရောက်ရစ်ပတ်လေ၏။ စီလင်ရှုသည် ဆောင့်ဆွဲလိုက်သည်။

"ဝုန်း"

သံကြိုးသမား ရှေ့သို့ငိုက်ဆင်းလာ၏။

"ရွှမ်း"

စီလင်ရှု၏ဓားသည် ပြိုးပြက်သွားသည်။

"အား"

သံကြိုးသမား နာကျင်စွာအော်လိုက်သည့်အသံသည် ပဲ့တင်ထပ်သွား၏။ သံကြိုးသမားသေသွားပြီ။ စီလင်ရှု အသာစီးရသွား၏။

သူသည် တစ်ယောက်ချင်းယှဉ်လျှင် မည်သူ့ကိုမျှမကြောက်ချေ။ ရန်သူနှစ်ယောက်ဝိုင်းတိုက်နေကြသဖြင့်သာ ဤမျှကြာရှည်အောင် တိုက်နေခြင်းဖြစ်သည်။

လင်းကွင်းသမားမှာ လင်းကွင်းတစ်ချပ်ဖြင့်သာ တိုက်ခိုက်ရသည်။ သူသည် လင်းကွင်းနှစ်ချပ်ဖြင့် တိုက်ခိုက်နေကျဖြစ်၍ တစ်ချပ်တည်း တိုက်ရသောအခါ အထာမကျချေ။ လက်နက်တစ်ခုဟာနေသည်။ လက်တစ်ဖက်တည်းဖြင့် တိုက်ရသလိုဖြစ်နေသည်။



တစ်ကြိမ်တွင် စီလင်ရှု ဟာသကဲ့သို့ဖြစ်သွား၏။ တကယ်တော့ စီလင်ရှုက ဟာကွက်ဖြစ်စေရန် တမင်လုပ်ပြလိုက်ခြင်းဖြစ်သည်။

လင်းကွင်းသမားသည် စီလင်ရှု၏ဟာကွက်ကိုတွေ့လိုက်သည်။ သူသည် အကွက်ရပြီဟုထင်သည်။ သူ၏လင်းကွင်းကို ပစ်လွှတ်လိုက်၏။

"ဝိုး"

ထိုလင်းကွင်းကို စီလင်ရှုသည်ရှောင်လိုက်၏။ သူဟာ သည်မှမဟုတ်ဘဲ ဟာကွက်ပေါ်သည်ဟု ထင်မြင်အောင်ပရိယာယ်ဆင်ခြင်းသာ ဖြစ်သည်။ သူသည် ဓားကိုထိုးသွင်းလိုက်၏။

"အား"

လင်းကွင်းသမား သေဆုံးချေပြီ။

စီလင်ရှုသည် ထိုနှစ်ယောက်၏မျက်နှာဖုံးများကို ချွတ်ကြည့်လိုက်၏။

တစ်ယောက်ကား ကျောက်ဖိန်ဖြစ်၏။ အခြားတစ်ယောက်မှာလည်း ဖန်ကောက်တင်၏လက်ရိုးတပည့်တစ်ဦးဖြစ်၏။ သူသည် သေးဘေးမှလွတ်မြောက်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## (၄၁)

## အကုသိုလ်ဖိစီးသူ

ကျားမုဆိုးဟန်ချင်းသည် ဟုန်ကျင်တို့အား ခြေရာခံလိုက်လာသည်။ သူသည် နယ်စပ်၌ ဟုန်ကျင်းတို့ကိုမီလာသည်။

သူသည် ဟုန်ကျင်းတို့ကိုခြေရာခံလိုက်လာသည်မှာ သားကောင်များနောက်သို့ ခြေရာခံလိုက်သည်နှင့်မခြား ခံစားရပေသည်။

သူသည် တတ်နိုင်သမျှ ဟုန်ကျင်းတို့၏သတင်းကိုဂိုဏ်းချုပ်ကြီး ဖန်ကောက်တင်ထံသို့ပို့ခဲ့သည်။ ဂိုဏ်းချုပ်ကြီးသည် ဟုန်ကျင်းတို့ကိုမတားနိုင်ချေ။

ဟုန်ကျင်းတို့ဖောက်ထွက်လာခဲ့သည်။ သူတို့ရေခဲတောင်ဒေသမှ လွတ်မြောက်လာခဲ့ကြသည်။ ထို့ကြောင့် ကျောက်စိမ်းနဂါးဂိုဏ်းကို ဒေါသထွက်မိသည်။ ဤရန်သူလေးငါးယောက်ကိုမျှ ထိုဂိုဏ်းသည် အဘယ်ကြောင့် မတားဆီးနိုင်ပါသနည်း။

သူသည် ဖြစ်ပေါ်လာသည့်ဒေါသကိုမျိုသိပ်လျက် သူ၏လေးမြားတို့ကိုပြင်ဆင်လိုက်၏။ သူသည် သစ်ပင်အကွယ်မှ ရန်သူများကိုကြည့်လိုက်သောအခါ ဟုန်ကျင်းအား တွေ့လိုက်ရသည်။ သူ၏ဒေါသများသည် တရှိန်ရှိန်ထလာ၏။ လေးနှင့်မြားကိုချိန်ရွယ်လိုက်



ပြီး ဟုန်ကျင်းအား ပစ်လိုက်သည်။

"ဝိုး"

"ဒုတ်"

"အား"

ဟုန်ကျင်းတို့မှာ ရန်သူများမရှိဟု ယူဆပြီး စိတ်အေးလက်အေးနေကြခြင်းဖြစ်ရာ ဟန်ချင်း၏လက်မောင်းသို့လာစိုက်သည်။

ဟုန်ကျင်းသည် ချက်ချင်းပင် ခွန်ချန်းနှင့် ချင်ချင်တို့အား အော်ဟစ်သတိပေးလိုက်၏။

"ခွန်ချန်း... ပြေး... ပြေး"

"ဝုစ်... ဝုစ်... ဝုစ်"

နောက်ထပ် မြားသုံးစင်း ထပ်မံလွှင့်စဉ်လာသောအခါ ဟုန်ကျင်းသည် သူ့ဓားဖြင့်ခုတ်ဖြတ်ဖယ်ထုတ်ပစ်လေ၏။ ထို့နောက် သူ့လက်မောင်းတွင် စိုက်ဝင်နေသည့်မြားတံကို ဓားဖြင့် ဖြတ်တောက်ပစ်လိုက်သည်။ လက်မောင်းအထက်မှ အကြောကိုလည်း ပိတ်လိုက်သည်။ သို့မှသာ အဆိပ်များမတက်နိုင်မည် မဟုတ်ပါလား။

ထိုစဉ် ကျားမုဆိုးဟန်ချင်းလည်း တစ်ဟုန်ထိုးပြေးလာပြီး ဟုန်ကျင်းကိုရင်ဆိုင်လေ၏။ ဟန်ချင်း၏လက်ထဲတွင် လေးအစားဓားတစ်ချောင်းရောက်ရှိနေပေပြီ။

"အဲဒီလိုမှပေါ့၊ လေးနဲ့ချောင်းပစ်တယ်ဆိုတာဟာ သတ္တိရှိရာမကျပါဘူး၊ ရင်ဆိုင်တိုက်မှပေါ့"

"ဟား... ဟား... ဟား ကျလဲကျတဲ့ကောင်တွေပဲ မုဆိုးဆိုတာ သားကောင်ကိုချောင်းပစ်ပစ် ရင်ဆိုင်ပစ်ပစ် ပစ်ရတာပဲ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုပစ်ရမယ် ဘယ်လိုမပစ်ရဘူးလို့ ဥပဒေမရှိဘူး"

"ကျုပ်တို့က ခင်ဗျားရဲ့သားကောင်မှမဟုတ်ဘဲ"

"ဟား... ဟား... ဟား မင်းအထင်မှားနေပြီ၊ မင်းတို့ဟာ သားကောင်တွေပေါ့၊ မင်းတို့နောက်ကို ကျောက်စိမ်းနဂါးကိုဏ်းသားတွေလိုက်နေတယ် မဟုတ်လား၊ အခု ငါလဲ မင်းတို့နောက်ကိုလိုက်နေရတာပဲ"

ထို့နောက် အပြင်းအထန်ဝင်ရောက်ထိုးခုတ်လေတော့၏။

ဟုန်ကျင်းမှာ လက်တစ်ဖက်ဒဏ်ရာရထားပြီး အဆိပ်မိထားရာမှ တစ်ဖက်တည်းဖြင့် ခံရသည်။ သူသည် ဒဏ်ရာရထားသဖြင့် ခံစစ်သာ ကစားရသည်။ တိုက်စစ်မဆင်နိုင်ချေ။

"ဝိုး... ဝုစ်... ဝုစ်"

ကျားမှဆိုးဟန်ချင်းကသာ အဆက်မပြတ်တိုက်စစ်ဆင်နေလေ၏။ နောက်ဆုံးတွင် ဟုန်ကျင်းမှာ တစ်ကွက်မှားသွား၏။

"ဝိုး"

"အား"

ဟန်ချင်း၏ဓားသည် ဟုန်ကျင်း၏ကိုယ်ထဲသို့ဖောက်ဝင်သွား၏။ ထိုအခိုက် စီလင်ရှုသည်လည်း ပြန်ရောက်လာသည်။ သူသည် ဟုန်ကျင်းကို ဟန်ချင်းက ဓားနှင့်ထိုးသွင်းလိုက်သည်ကိုမြင်လိုက်ရ၏။

"ဟော့"

သူသည် အလန့်တကြားအော်ဟစ်ပြီး ဟန်ချင်းကိုပြေးခုန်ကန်လိုက်၏။



"ဝုန်း"

ဟန်ချင်း လွင့်စဉ်ထွက်သွား၏။ ဤကန်ချက်လောက်ကိုတော့ ဟန်ချင်းမမှုပေ။ သူ၏ကြွက်သားများ အရိုးအရေများသည် သံမဏိကဲ့သို့ မာကျောနေသည်။ သူသည် ပြုံးပြုံးကလေးထလာပြီး စီလင်ရှုကို ရင်ဆိုင်၏။

"မင်း... သူ့ကိုသတ်လိုက်သလား"

ဟန်ချင်းက ပြုံးပြီး...

"အေး... ကျန်တဲ့ မင်းတို့သုံးယောက်ကိုလဲသတ်ရမှာကွ။ ငါက အကုန်သတ်မှာ"

စီလင်ရှု၏မျက်လုံးများသည် ဝင်းဝင်းတောက်နေ၏။ သူ့အလွန်ဒေါသထွက်နေသည်။

"အေး... ငါတို့သေမလား မင်းပဲသေမလား ကြည့်ဦးပေါ့ကွာ"

ထို့နောက် သူတို့နှစ်ယောက် အပြင်းအထန်တိုက်ခိုက်ကြတော့သည်။ ရွှေဓားစီလင်ရှုသည် ဟုန်ကျင်းထိခိုက်သွားသည်ကိုသိရှိသဖြင့် ဒေါသမုန်တိုင်းတိုက်တော့သည်။ သူတိုက်ခိုက်သမျှထဲတွင် ယခုတိုက်ခိုက်မှုမှာ အပြင်းအထန်ဆုံးဖြစ်တော့သည်။

သူ၏ရွှေဓားနှစ်ချောင်းသည် တဝိုးဝိုး တဝုစ်ဝုစ်နဲ့ ဟန်ချင်း၏ဦးခေါင်းကိုဖြတ်သည်။ ခြေလက်များကို ဖြတ်သည်။ ခန္ဓာကိုယ်ကို ထိုးစိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



(၄၂)

သို့သော် တစ်ချက်မျှ မထိချေ။ ဟန်ချင်းသည် တရကြမ်း ဆုတ်ခွာသည်။ စီလင်ရှု၏ဒေါသကို ဟန်ချင်းမယှဉ်နိုင်ချေ။

စီလင်ရှုသည် ဆုတ်ခွာသွားသောဟန်ချင်းအား တရကြမ်း ဝင်တိုက်သည်။ ဟန်ချင်း မပြုံးနိုင်တော့ချေ။ မဲ့မဲ့ရွဲ့ရွဲ့ဖြစ်လာသည်။ ချွေးသီးချွေးပေါက်ကြီးများ ကျလာသည်။

စီလင်ရှုသည် ညာဘက်လက်မှ ရွှေဓားဖြင့်ခုတ်ချလိုက်၏။ ထိုဓားကို ဟန်ချင်းက ဓားရှည်ကြီးဖြင့် ခုခံလိုက်သည်။

စီလင်ရှုသည် ဘယ်ဘက်လက်မှ ရွှေဓားဖြင့်ထိုးလိုက်၏။ ဟန်ချင်းသည် ဗိုက်ရုပ်၍ ရှောင်လိုက်သည်။

"ဒီလောက်ရှောင်ချင်တဲ့ကောင်"

စီလင်ရှုသည် ခြေထောက်ဖြင့် ပတ်ကန်လိုက်၏။

"ဝုန်း"

ဟန်ချင်း လွင့်စဉ်သွား၏။ သူသည် ဖွဲ့အိတ်ကြီးတစ်ခုကဲ့သို့ ပစ်ကျသွားသည်။

ကိုင်ထားသောဓားလည်း လွင့်စဉ်သွား၏။ ရွှေဓားသခင်စီ လင်ရှုသည် ဟန်ချင်းဆီသို့ခုန်ဝင်လာ၏။ ဟန်ချင်းမှာ မထနိုင်ချေ။

ထိုအခါ စီလင်ရှုက ဟန်ချင်း၏လည်ပင်းပေါ်သို့ ဓားတင် လိုက်၏။ ထိုစဉ် ဟန်ချင်းထံမှ မမျှော်လင့်သောကန်ချက်တစ်ချက်



ကျရောက်လာလေ၏။

"ဝုန်း"

စီလင်ရှုဓားတင်သည်မှာ အနည်းငယ်နေးသွားသည်။ ထိုအ ခါ အကန်ခံလိုက်ရသည်။ လွင့်စဉ်သွားသည်။ စီလင်ရှု၏ဓားနှစ်လက် လည်း လွင့်သွားသည်။ သူတို့လက်နက်မဲ့ချင်း တူညီသွားလေပြီ။

စီလင်ရှုသည် မာန်သွင်းပြီး ဟန်ချင်းဆီသို့ခုန်ဝင်လိုက် သည်။ လက်သီး၊ လက်မောင်း၊ တံတောင်နှင့် အချက်ကျကျထိုးသွင်း ခုတ်ထုတ်ကန်ကျောက်တိုက်ခိုက်ကြသည်။

အခြေအနေသည် တူညီသွားပြီဖြစ်၍ ကျားမုဆိုးဟန်ချင်း သည် ပြုံးနိုင်ခဲ့လေပြီ။ သူသည် စီလင်ရှု၏တိုက်ကွက်များကို ကောင်း စွာရှောင်တိမ်းနေရ၏။

"ဝုန်း"

"ဝုန်း"

သူတို့သည် တစ်ယောက်တစ်ချက်စီ ကန်ကြ၏။ နှစ် ယောက်စလုံး လွင့်စဉ်သွားသည်။

စီလင်ရှုသည် ကျားမုဆိုး ဟန်ချင်းအားအပူးမခံဘဲ ခွာ၍ တိုက်သည်။ ကြမ်းတမ်းမာကျောသောကျားမုဆိုးအား ထိုသို့တိုက် ခြင်းသာ သဘာကျပေသည်။

စီလင်ရှုသည် ဟန်ချင်း၏ဟာကွက်ကို ရှာနေသည်။ တစ် ကြိမ်တွင် ကျားမုဆိုးဟန်ချင်းသည် ဆင့်ကဲဆင့်ကဲ လက်ဝါးဖြင့် ရိုက် ၏။

"ဝုန်း... ဝုန်း... ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



စီလင်ရှု ရှောင်သည်။ တစ်ကြိမ်တွင် ဟန်ချင်း ဟာသွားသည်။ လွတ်သွား၏။ စီလင်ရှုသည် ဟန်ချင်း၏ဟာကွက်ကို အလွတ်မပေးပေ။ လက်ဝါးနှင့်တစ်ချက်ရိုက်ပြီး ခြေထောက်ဖြင့်ကန်ရိုက်လိုက်လေ၏။

"ဝုန်း"

"ဖြောင်း"

ဟန်ချင်း လွင့်ထွက်သွားသည်။

"အား"

ဟန်ချင်းထံမှ နာကျင်စွာအော်သံထွက်ပေါ်လာ၏။ စီလင်ရှုသည် ဟန်ချင်းထံသို့ခုန်ဝင်သွား၏။ ကြည့်သည်။

ဟန်ချင်း၏ကျောမှဖောက်ဝင်နေသော ကျောက်ချွန်ကြီးတစ်ခုသည် ရင်ဝ၌ပေါက်ထွက်နေသည်။

ဟန်ချင်း သူ့အကုသိုလ်နှင့် သူသေသွားပြီ။

(၄၃)

သေဘေးချောက်ပင်ခရီးနှင်

စီလင်ရှုသည် သူ၏ဓွေဓားနှစ်လက်ကိုကောက်ယူသိမ်းဆည်းပြီး ရှောင်လင်ကိုယ်တော်ဟန်ကျင်းထံသို့သွားလေ၏။ ခွန်ချန်းက မွေ့ပိုက်ထားလေပြီ။ ချင်ချင်လည်း ဘေးမှတရှုံ့ရှုံ့ငိုနေသည်။

"ဟုန်ကျင်း... ကိုယ်တော်ဟုန်ကျင်း"

စီလင်ရှုကြည့်လိုက်သောအခါ ဟုန်ကျင်းတစ်ကိုယ်လုံး ပြာနှမ်းနေလေပြီ။ အဆိပ်မြားထိစဉ်က ဟုန်ကျင်းအကြောပိတ်လိုက်သော်လည်း ထိုအကြောသည် တစ်စုံတစ်ခုကြောင့် ပြန်ပွင့်သွားပုံရသည်။

"ကိုယ်တော်ဟုန်ကျင်း ပျံလွန်တော်မူသွားပြီ"

ခွန်ချန်းက ငိုသံပါကြီးဖြင့်ပြောလေ၏။ ကိုယ်တော်ဟုန်ကျင်းကို သူတို့အားလုံးမမေ့နိုင်ပေ။ သူသည်ကိုယ်ကျိုးစွန့်လွတ်သူမဟုတ်ပါလား။

သူတို့သည် ကိုယ်တော်ဟုန်ကျင်း၏ဆန္ဒကိုသိရှိကြ၏။

ဟုန်ကျင်းသည် ယန္တရားတပ်ဆင်သည့်ကျမ်းကို ရှောင်လင်ကျောင်းတော်သို့ပို့ပေးစေချင်သည်။ ယန္တရားဖားကြီးကိုဖျက်ဆီးစေချင်သည်။

ကျောက်စိမ်းနဂါးဂိုဏ်းကိုဖျက်ဆီးပစ်ချင်သည်။ ဤသည်လည်း သူ့ကောင်းစားရေးအတွက် မဟုတ်ပါ။ ပြည်သူလူထုစိတ်ချမ်းသာ ကိုယ်ကျန်းမာရေးအတွက်ဖြစ်ပါသည်။

ဟုန်ကျင်း၏ ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့သောအလုပ်များကို စီလင်ရှုနှင့်ခွန်ချန်းတို့လုံးဝမ မမေ့နိုင်ပါ။

ချင်ချင်သည်လည်း ကိုယ်တော်ဟုန်ကျင်း၏ဆောင်ရွက်မှုများကို မြင်တွေ့နေရရာ လွန်စွာ ယူကျုံးမရဖြစ်နေသည်။ စီလင်ရှုသည် ခွန်ချန်းလက်ထဲမှ ဟုန်ကျင်း၏အလောင်းကိုယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အလောင်းကိုမြေမြှုပ်ကြစို့"

ခွန်ချုန်းသည်လည်း အလိုက်သိပါသည်။

စီလင်ရှသည် အလောင်းကိုယ်ထဲမှ ယန္တရားတပ်ဆင်သည့် ကျမ်းကိုယူလိုက်သည်။ သည်ကျမ်းကို ရှောင်လင်ကျောင်းအရောက် ပို့ဆောင်ပေး ရလိမ့်မည်။

ကိုယ်တော်ဟုန်ကျင်းကို မြေမြှုပ်ပြီးနောက် မြေပုံ၏ခြေရင်း၌ သုံးယောက်စလုံးငြိမ်သက်စွာ ရပ်လိုက်ကြလေသည်။

နှင်းမိုးများ တဖွဲဖွဲကျနေသည့် ရေခဲပြင်ဒေသကိုမြင်းတစ်စီးသည် ကျော်ဖြတ်နေလေ၏။ မြင်းစီးသူသည် ခမောက်ကြီးတစ်လုံး ဆောင်းထားသည်။

ထိုသူကား ကျောက်စိမ်းနဂါးဂိုဏ်းချုပ်ကြီးဖန်ကောက်တင် ဖြစ်သည်။ သူသည်သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသည့် ကျောက်ဖိန်နှင့် သူ၏လက်ရုံးတပည့်ကိုတွေ့လိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ်သွားလေ၏။

သူ၏လက်ရုံးတပည့်များမှာ ကုန်သလောက်ဖြစ်နေပြီမဟုတ်ပါလား။

ကျောက်စိမ်းနဂါးဂိုဏ်းကြီးပွားကြီးထွားရန် သူတစ်ယောက်တည်းလုပ်၍ မရပေ။ သူ၏လက်ရုံးတပည့်တပန်းများဖြင့် လုပ်ဆောင်ရသည်။



ယခု လက်ရုံးတပည့်များတစ်ယောက်ပြီးတစ်ယောက် သေဆုံးနေကြလေပြီ။ သူ့ရင်ထဲ၌ ဒေါသမီးတောက်ကြီး ကြီးထွားလာသည်။

"တောက်"

သူ၏တက်ခေါက်သံသည် ပတ်ဝန်းကျင်သို့ပင် ပဲ့တင်ထပ်သွား၏။

ကျားမှဆိုးဟန်ချင်သည် တာဝန်ကျေပွန်လှ၏။ သူသတင်းပေးပို့သည့်အတိုင်း မိမိဂိုဏ်း၏ဂိုဏ်းသားများကို ညွှန်ကြားသည်။ ဂိုဏ်းသားများက ဟုန်ကျင်းတို့ကိုမတားနိုင်ခဲ့ချေ။

သူသည် ယန္တရားတပ်ဆင်သည့်ကျမ်း ဆုံးရှုံးသွားသဖြင့် ထိုကျမ်းကို ယခုပြန်ယူရမည်။ ဟုန်ကျင်းတို့လက်ထဲတွင်ရှိမည်မှာ သေချာနေ၏။

သူသည် ပတ်ဝန်းကျင်ကိုကြည့်ရှုရင်း ရှေ့ခရီးဆက်လာသည်။

"ဟာ"

သူသည် အလောင်းတစ်လောင်းကိုမြင်လိုက်သဖြင့် မြင်းကိုဒုန်းစိုင်းစီးသွားတော့၏။

အလောင်းကို ပီပီသသမြင်လိုက်ရသောအခါ အကြီးအကျယ်စိတ်ဓာတ်ကျသွားသည်။ သူသည် မြင်းပေါ်မှအောက်သို့ဆင်းလိုက်သည်။

မှန်သည်။ ကျားမှဆိုးဟန်ချင်းပေတည်း။ သေပုံကလည်း မကောင်းချေ။ ရန်သူ၏ဓားချက်ဖြင့် သေရခြင်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချွန်ကြီး ကျောကိုဖောက်ဝင်ပြီးသေနေခြင်းဖြ
သည်။

ဟန်ချင်းသည် မည်သည့်အခါမျှဆုံးရှုံးမည်သူမျိုးမဟုတ် ဟု
သူထင်ခဲ့သည်။ ယခုတော့ သေနေလေပြီ။ ဖန်ကောက်တင်သည်
ချောက်ချားသွားလေ၏။

"သင်းတို့ကို တိုက်ခိုက်စရာဆိုလို့ ယန္တရားဖားတစ်ကောင်
ပဲ ရှိတော့ပါကလား"

သူသည် ယန္တရားဖားကြီးကို ပြေး၍သတိရလိုက်မိသည်။

"သင်းတို့ကို ယန္တရားဖားနဲ့တိုက်သတ်မယ်၊ ငါ့ကို ဒီလိုလုပ်
လို့ဘယ်ရမလဲ"

ဖန်ကောက်တင်သည် ရေခဲတောင်ဒေသမှ ကျောက်စိမ်း
ဂါးကိုဏ်းသားများကို အားကိုး၍မရတော့ကြောင်းသိလိုက်သည်။

သူသည် ဟန်ကျင်းတို့ထွက်ခွာနိုင်မည့် ထွက်ပေါက်လမ်း
တစ်ခုကိုရွေးချယ်လိုက်၏။ သူတို့သည် ထိုထွက်ပေါက်မှသာ ရေခဲ
တောင်ဒေသပြင်ပသို့ ထွက်ပေတော့မည်။

(၄၄)

စီလင်ရှု၊ ခွန်ချန်းနှင့် ချင်ချင်တို့သည်စန်းပိုမြစ်ရှိရာသို့ မှန်း
ဆပြီး ထွက်လာကြသည်။ သူတို့သည် တံငါးလေ့တစ်စင်းတစ်လေ



တွေ့ပြီး အကူအညီတောင်းပါက ရနိုင်မည်ဟုထင်ထားကြသည်။

သူတို့သည် တဖြည်းဖြည်း ချောင်းကျယ်ရာသို့ရောက်ရှိလာ
သည်။

စီလင်ရှုက...

"ခွန်ချန်း... ကျုပ်တို့ခဏနားကြရင်ကောင်းမယ်ထင်တယ်"

"နားလေ... မောင်ရင့်သဘောပဲ"

ခွန်ချန်းက သဘောတူလေ၏။

ချင်ချင်ကတော့ ဘာမှမပြောပေ။ သူတို့နားမည်ဆိုလျှင်
နားလိုက်ရုံသာ ရှိသည်။ သူမသည် စီလင်ရှုဘေး၌ဝင်ထိုင်လိုက်၏။

ခွန်ချန်းကား သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ်
နေသည်။

"အစ်ကို"

"ဟင်... ဘာလဲညီမ၊ ညီမ ဘာပြောမလို့လဲ"

"အစ်ကိုရယ် ကျောက်စိမ်းနဂါးကိုဏ်းဟာ သိပ်ယုတ်မာတာ
ပဲနော်၊ ညီမကို ကျောက်စိမ်းသခင်မလေးဆိုပြီး ဘဝပြောင်းပစ်ကြ
တယ်"

"ဟုတ်တယ်... သူတို့ကြောင့် ဟန်ကျင်းနဲ့ဝမ်ဖေးတို့လဲ သေ
ကြရပြီ၊ ဒီကြားထဲမှာ မြို့စားကြီးဟာလဲ အချောင်သေရတယ်၊ မြို့
စားကြီးဟာ သူ့ဘာသာ အေးအေးဆေးဆေးနေတဲ့လူပါ၊ ဒါပေမယ့်
သေတဲ့လူတွေဟာ စိနမ္မနာကောင်းတွေပြသွားကြတယ်၊ အစ်ကိုလဲ
သူတို့လမ်းစဉ်ကိုလိုက်ရမှာပဲ"

"အို... အစ်ကိုရယ်"

www.burmeseclassic.com



ချင်ချင်သည် စီလင်ရှုအား လှမ်းဖက်၍ငိုလေတော့၏။

"တိတ်ပါ... ညီမ"

စီလင်ရှုသည် သူမအား ချော့မော့နှစ်သိမ့်ရလေ၏။

"ကဲ... ကဲ... ခွန်ချန်း၊ ကျုပ်တို့ထိုက်သင့်သလောက်ဝဲ အနား ယူပြီးပြီ၊ ရှေ့ဆက်ခရီးဆက်ကြစို့"

စီလင်ရှုတို့သည် ရှေ့ခရီးကိုဆက်ထွက်ကြတော့၏။ ရှေ့တွင် စန်းဗိုဖြစ်ကိုတွေ့ရမည်ဖြစ်ကြောင်း သူတို့သိထားသည်။

လှေတစ်စင်းစင်းရလျှင်တော့ သူတို့သည် ကျောက်စိမ်းနဂါးဂိုဏ်းသားတို့၏ဘေးရန်မှ လွတ်ပြီကိုသိကြသည်။

သုံးယောက်သား ခရီးထွက်လာကြတော့သည်။

ချင်ချင်သည် လွန်စွာပင်ပန်းခံနိုင်သည်။ ယောကျ်ားရင့်မာကြီးနှစ်ယောက်နှင့်အတူ ရင်ဘောင်တန်း၍ ခရီးပြင်းကြီးကိုလျှောက်လာနိုင်စွမ်းရှိလေ၏။ အာဂ ချင်ချင်ပေတကား။

သူတို့လျှောက်လာစဉ် သစ်ပင်များကြား၌ အဆောက်အအုံပျက်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ဟာ... ဟိုမှာ... ဟိုမှာ"

သူမက လက်ညှိုးထိုး၍ ပြောလိုက်လေ၏။



(၄၅)

သချိုင်းနေရာ

"အဲဒီအဆောက်အအုံထဲဝင်ကြည့်ရင်ကောင်းမယ် ထင်တယ် ခွန်ချန်း"

"သွားကြည့်လေ"

ခွန်ချန်းက ပြန်ပြောလိုက်၏။

သူတို့သုံးယောက်သည် ထိုအဆောက်အအုံပျက်ကြီးဆီသို့ လျှောက်လာလေ၏။ သူတို့သည် ချုံနွယ်ကြားမှအဆောက်အအုံပျက်ကြီးဆီသို့ လျှောက်လာကြခြင်းဖြစ်သည်။

သို့သော် အဆောက်အအုံနှင့်နီးလာသောအခါ အပုပ်နံ့လိုလိုရရှိလာသဖြင့် စီလင်ရှုမသင်္ကာပေ။

စီလင်ရှုက....

"ခွန်ချန်း ခဏနေပါဦးဗျ"

"ဘာတုံးကွ"

"အခုသွားမယ့် အဆောက်အအုံပျက်ကြီးထဲမှာ လူသေကောင်တွေရှိတယ်နဲ့တူတယ်"

"ဘာ... လူသေတွေ"

ချင်ချင်သည် စီလင်ရှု၏လက်မောင်းကိုတင်းကျပ်စွာ ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်သည်။

စီလင်ရှုက....

"လူသေတွေ ရှိလဲရှိစေတော့၊ ကျုပ်တို့ကြည့်တာကတော့ ကြည့်ရမယ်၊ အပြင်မှာလျှောက်လာတာလဲ ကျုပ်တို့သိပ်အေးနေပြီ၊ အထဲဝင်ကြည့်ကြစို့"

"သချိုင်းကြီးများလားကွာ"

"လူသေတွေရှိတယ်ဆိုတော့ သချိုင်းပေါ့ဗျာ၊ ကဲ... လာ ဝင်ကြည့်ကြမယ်"

စီလင်ရှုသည် ချင်ချင်ဒအား လှည့်ကြည့်လိုက်၏။

"ချင်ချင် ညီမ... ဘာမှမကြောက်ပါနဲ့၊ အပြင်မှာနေလို့ မဖြစ်ဘူး၊ ဒီတစ်ညတော့ ဒီမှာတည်းခိုရမှာပဲ"

သူတို့သည် အဆောက်အအုံပျက်ကြီးဆီသို့ဝင်လာကြလေ၏။ **အဆောက်အအုံပျက်ကြီး၌** အခေါင်းများကိုတွေ့ရသည်။

**စစ်**သည်တော်များ၏အခေါင်းများပေတည်း။

**စီလင်ရှုက....**

"ကျုပ်တစ်ခုစဉ်းစားမိတယ် ခွန်ချန်း"

"ဆိုစမ်းပါဦး"

"ဒီနေရာကို ကျုပ်တို့အလျှင်ကျောက်စိမ်းနဂါးဂိုဏ်းရောက် မလာဘူးလို့ မပြောနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ခေါင်းတွေဘေးနားမှာ ခြေရာတွေရှုပ်ယှက်ခတ်နေလို့လဲ၊ အခုမြင်ရတဲ့ခြေရာတွေဟာ လတ်လတ်ဆတ်ဆတ်ဖြစ်နေသည်။

ခွန်ချန်းသည် လိုက်လံစစ်ဆေးကြည့်လေ၏။ မှန်သည်။ စီ



လင်ရှုပြောသကဲ့သို့ ခြေရာများ လတ်လတ်ဆတ်ဆတ်ဖြစ်နေသည်။

"ဒီကောင်တွေ ကျုပ်တို့ကိုလာရှာတာပဲဖြစ်လိမ့်မယ်"

ခွန်ချန်းက ခေါင်းညိတ်၏။

"ဟုတ်တယ်... လာရှာပြီး မတွေ့လို့ပြန်သွားတာပဲ ဖြစ်လိမ့်မယ်"

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ အဖွဲ့တွေခွဲပြီး ရှာနေပုံရတယ်၊ ဒီတစ်ဖွဲ့လာရှာပြီးရင် နောက်တစ်ဖွဲ့ ထပ်ရှာဦးမှာပဲ"

"သူတို့လာရှာရင် ဘယ်လိုလုပ်မလဲ"

"ကျုပ်တို့အားလုံး ဒီတစ်ညတော့ ဝီရိယထားပြီး အိပ်ကြရမယ်၊ အပြင်မှာ **အေးတော့ ဒီအလောင်း**တွေရှိတဲ့နေရာမှာပဲ ကျုပ်တို့ နိုကြတာပေါ့"

သူတို့မှောင်**စပျိုးလာသော** **အ**လင်းရောင်ကိုလှမ်းကြည့်လျက် ခေါင်းများနှင့်လွတ်ကင်းရာ **ထောင့်တစ်ထောင့်**တွင် နေရာယူလိုက်ကြ၏။

ခွန်ချန်းက....

"ငါတို့ ဒီအတိုင်းအိပ်လို့တော့ မဖြစ်ဘူးနဲ့တူတယ်"

"ဘယ်လိုအိပ်ချင်လို့လဲ"

"ကင်းစောင့်ကြရမယ်လေ"

"ဟုတ်ပြီ... ခင်ဗျားအလျှင်စောင့်မလား၊ ကျုပ်အလျှင် စောင့်ရမလား"

"ငါပဲ အလျှင်စောင့်ပါ့မယ်၊ ညတစ်ဝက်ကျတော့ ကင်းစောင့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ချင်ချင်သည် စီလင်ရှုအနီး၌ ခွေခွေကလေးအိပ်နေသည်။ စီလင်ရှုသည် ခွန်ချန်းနှင့်သဘောတူညီမှုရသွားပြီဖြစ်၍ အိပ်ရန်ပြင်ဆင်တော့၏။

"ခွန်ချန်း... ခင်ဗျား သတိတော့ထားနော်"

စီလင်ရှုသည် ခွန်ချန်းအား သတိပေးပြီး အိပ်စက်လေတော့၏။

ညဥ့်နက်လာသည်။ သူတို့ပုန်းအောင်းနေသည့် သချိုင်းအဆောက်အအုံကို တိတ်ဆိတ်မှုက ဖုံးလွှမ်းနေ၏။ ညဥ့်နက်များ အော်မြည်သံကလွဲ၍ အခြားမည်သည့်အသံမျှ မကြားရချေ။

သူတို့သုံးယောက်အလယ်တွင် မီးဖိုတစ်ခုတော့ရှိသည်။ ထို့ကြောင့် အဆောက်အအုံပျက်တွင် မီးအလင်းရောင်ရှိနေခြင်းဖြစ်သည်။

စီလင်ရှု အိပ်ပျော်နေသည်။

ချင်ချင်လည်း အိပ်ပျော်နေ၏။ သူတို့ပင်ပန်းလာကြသကိုး။

ခွန်ချန်းကတော့ မအိပ်နိုင်ပါ။ သူသည် အခေါင်းများရှိသည့်နေရာသို့ လိုက်ကြည့်နေသည်။

"ရှပ်... ရှပ်... ရှပ်"

ခွန်ချန်း ခေါင်းထောင်လာသည်။ ခြေသံ။

တစ်စုံတစ်ယောက်၏ခြေသံသည် ပျောက်သွား၏။ ခွန်ချန်း ခေါင်းပြန်လှဲချသွားသည်။ သို့သော် သူစိတ်ကတော့မူ နိုးကြားနေသည်။



"ရှပ်... ရှပ်... ရှပ်"

ဟော... ခြေသံပြန်ပေါ်လာပြန်ပြီ။ သူသည် သိုင်းသမားဖြစ်သော်လည်း သရဲတစ္ဆေကိုတော့ကြောက်လန့်သည်။

ထိုစဉ် လူသေထည့်ထားသည့် ခေါင်းတစ်စုံတစ်ခုထဲမှ အလောင်းတစ်လောင်းသည် ငေါက်ခနဲထထိုင်တော့သည်။

ခွန်ချန်း နဖူးမှ ဆီးကင်းခန့်ရှိသော ချွေးသီးချွေးပေါက်ကြီးများ ကျလာလေ၏။ အလောင်းကြီးသည်ခေါင်းထဲမှထွက်ကာ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် လျှောက်သွားလေတော့၏။

အလောင်းကြီးသည် သူ့ဘက်သို့မလာပေ။ သူနှင့်ဆန့်ကျင်ရာသို့သွားသဖြင့် ခွန်ချန်း စိတ်သက်သာရာရသွား၏။ သူသည် မီးစတစ်စကိုကိုင်ကာ အလောင်းကြီးနောက်သို့လိုက်လေတော့သည်။

ထိုစဉ် အလောင်းကြီးသည် သူ့ဘက်သို့ချာခနဲလှည့်လာသည်။

"ဟား... ဟား... ဟား"

သူ့ရယ်သံမှာ ချောက်ချားစရာမကောင်းပေ။ လူတစ်ယောက်၏ရယ်သံမျိုး ဖြစ်နေသည်။

ခွန်ချန်းသည် မသင်္ကာသဖြင့်မေးလိုက်လေ၏။

"မင်း ဘယ်သူလဲ"

အလောင်းကြီးသည် သူ့မျက်နှာ၌စွပ်ထားသည့် မျက်နှာဖုံးကြီးကို ခွာချလိုက်သည်။

ထိုအခါ ခွန်ချန်းအကြီးအကျယ် အံ့သြသွားလေတော့၏။

"ဖန်ကောက်တင်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ကောက်တင်ကတော့ ရယ်မောမပျက်ပေ။ သူသည် လက်ခုပ်သုံးချက် တီးလိုက်၏။

"ဖြောင်း… ဖြောင်း… ဖြောင်း"

အလောင်းထည့်ထားသည့် ခေါင်းသုံးခုထဲမှ ဖန်ကောက်တင်၏လက်ရွေးစင်သိုင်းသမားသုံးယောက် ထလာလေ၏။

ဖန်ကောက်တင်၌ သူယုံကြည်စိတ်ချရသော လက်ရုံးတပည့်များရှိသလို ယုံကြည်စိတ်ချရသောသိုင်းသမားလက်ရွေးစင် တစ်စုတစ်ဖွဲ့ရှိသည်။

ထိုသူများသည် သိုင်းပညာဖြင့်မားသူများဖြစ်၏။ စုစုပေါင်း ဆယ့်နှစ်ယောက်ရှိသည်။

ထိုသိုင်းသမားတစ်စုထဲမှ ယခုသိုင်းသမားသုံးယောက်သည် အထူးချွန်ဆုံးသော သိုင်းသမားများဖြစ်ကြသည်။ သူတို့သည် ခေါင်းထဲမှခုန်ထလာပြီး ခွန်ချန်းကိုဝိုင်းထားလိုက်ကြသည်။

(၄၆)

ထွက်လာသောသန္တရာဖား

သုံးယောက်သုံးယောက်သည် လက်နက်မျိုးစုံကိုင်ဆောင်ထား၏။ သူတို့သည် သူ၏လက်စွဲတော်သိုင်းကွက်ဖြစ်သည့် အမူးသမားသိုင်းကွက်ဖြင့် ရှောင်တိမ်းတော့သည်။ အမူးသမားသိုင်းကွက်သည် အလွန်ထိရောက်သည်။



လက်ရွေးစင်သိုင်းသမားသုံးယောက်သည် ခွန်ချန်းကိုထိအောင် လုံးဝမတိုက်နိုင်ပေ။ လက်ရွေးစင်သိုင်းသမားသုံးယောက်သာ မောဟိုက်ပင်ပန်းလာသည်။

"ဝုန်း"

"အား"

ခွန်ချန်းသည် လက်ရွေးစင်သိုင်းသမားတစ်ယောက်ကို လက်ဝါးဖြင့် ရိုက်လိုက်သည်။ ထိထိမိမိကြီး ရိုက်မိသဖြင့် လက်ရွေးစင်သိုင်းသမားမှာ နာကျင်စွာအော်ရင်း လွင့်စဉ်သွားသည်။

သို့သော် ထိုသိုင်းသမားမှာ ဒယီးဒယိုင်ဖြင့် ပြန်ထလာသည်။

"ဝုန်း"

"အား"

တစ်ယောက် ထပ်မံအရိုက်ခံရပြန်သည်။ သူလည်း ထနိုင်သည်။ ပြန်လည်ဝိုင်းတိုက်ကြပြန်သည်။

"ဝုန်း"

"အား"

သူတို့သုံးယောက်မှာ တစ်ယောက်စီ အလှည့်ကျအရိုက်ခံရသကဲ့သို့ ဖြစ်နေသည်။ ထိုစဉ် သူ့အနီး၌ရှိသော သစ်သားစည်ကြီးတစ်လုံးကို လက်ရွေးစင်သိုင်းသမားများကြားထဲသို့ တွန်းလွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်သိုင်းသမားသုံးယောက် အလဲလဲအကွဲကွဲ ရှောင်နေကြစဉ် သူသည် ဓားဖြင့် သိုင်းသမားတစ်ယောက်ကိုခုတ်ပစ်လိုက်သည်။

"ရွှမ်း"

"အား"

လက်ရွေးစင်သိုင်းသမားတစ်ယောက် ကျဆုံးသွားတော့သည်။

အဆောက်အအုံထဲမှ တိုက်သံခိုက်သံများ၊ မာန်သွင်းသံများ ထွက်ပေါ်လာသဖြင့် စီလင်ရှူအိပ်ရာမှနိုးလာသည်။ သူသည် ခွန်ချန်းရှိရာသို့ပြေးထွက်လာ၏။

ထိုအခါ မည်သည့်နေရာက ပစ်လွှတ်လိုက်မှန်းမသိသော အဆိပ်အပ်လက်နက်ပုန်းများသည် ဝှစ်ခနဲ ဝှစ်ခနဲ သူ့ဆီသို့ပြေးလာလေ၏။

"ကျား"

စီလင်ရှူသည် ရွှေဓားနှစ်လက်ဖြင့် အလျင်အမြန်ကာကွယ်လိုက်ပြီး ပြေးထွက်လိုက်၏။

စီလင်ရှူသည် ခွန်ချန်းအား ဝိုင်းတိုက်သည့်နေရာသို့ရောက်လာခဲ့၏။ သူသည် ဖန်ကောက်တင်ကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသည်။

"သြော်... ခင်ဗျားကိုး"

"ဟုတ်တယ်... ငါပဲ၊ မင်းတို့ကို ဟောဒီသချိုင်းထဲမှာမြှုပ်ပစ်ဖို့ စောင့်နေတာကွ"



စီလင်ရှူက မဲ့လိုက်၏။

"ခင်ဗျား အပြောမကြီးပါနဲ့၊ အမြှုပ်ခံရမှာက ခင်ဗျားပဲ"

စီလင်ရှူသည် ရွှေဓားနှစ်လက်ဖြင့် ဖန်ကောက်တင်အား ခုန်ဝင်တိုက်ခိုက်၏။ ဖန်ကောက်တင်သည် နောက်ကျွမ်းပစ်၍ခုန်ရှောင်သွားသည်။

သုံးလေးကွက်မျှ တိုက်ခိုက်မိသည်နှင့် ဖန်ကောက်တင်သည် စီလင်ရှူ၏သိုင်းပညာကိုခန့်မှန်းမိသွားသည်။ အသက်ငယ်ရွယ်သော်လည်း သိုင်းပညာအဆင့်မနိမ့်သူဖြစ်လေသည်တကား။

တကယ်တော့ ဖန်ကောက်တင်မှာ သိုင်းပညာအဆုံးအစမရှိတတ်မြောက်ထားသည့် ဂိုဏ်းချုပ်ကြီးတစ်ယောက်မဟုတ်ပေ။

သူသည် ယန္တရားဖားကိုတီထွင်ပြီး ယန္တရားဖား၏အကူအညီဖြင့် သိုင်းလောကကိုခြယ်လှယ်စိုးမိုးရန် ကြံစည်ခြင်း ဖြစ်သည်။

သူသည် အမှောင်ထုထဲသို့ခုန်ဝင်သွား၏။ ဖန်ကောက်တင် ပျောက်သွားလေပြီ။

ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ချန်းကို လက်ရွေးစင်သိုင်းသမားနှစ်ယောက် ယှဉ်ပြိုင်မတိုက်နိုင်ပေ။

သူတို့သည် ခွန်ချန်းကိုတိုက်ရသည်ထက် ခွန်ချန်းကပြန်လှန်တိုက်ခိုက်သည်ကိုရှောင်တိမ်းနေရသည်က များနေ၏။

"ဟေ့... လာကြလေကွာ၊ တိုက်ကြလေကွာ"

ခွန်ချန်းက သိုင်းသမားနှစ်ယောက်ကို ဖိတ်ခေါ်လိုက်လေ၏။

"မင်းတို့သွေးကြောင်သလား၊ ဝင်တိုက်စမ်းပါကွာ၊ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



က ငါတို့ကို မြေမြှုပ်ဖို့စောင့်နေကြတာဆို၊ အခုတော့ မင်းတို့ ကြောက်နေပြီ၊ ငါတို့က မင်းတို့ကို မြေမြှုပ်မှာကိုကြောက်နေပြီ”

လက်ရွေးစဉ်သိုင်းသမားနှစ်ယောက်သည် မခံချင်စိတ်ဖြစ် ပေါ်လာ၏။

“ကျား”

မာန်သွင်းအော်ဟစ်ပြီး ဝင်ရောက်တိုက်ခိုက်ကြတော့၏။ တစ်ယောက်က ရှေ့ကတိုက်သည်။ တစ်ယောက်က နောက်ကတိုက် သည်။

(၄၇)

ခွန်ချန်းသည် နောက်မှတိုက်သူ၏လေတိုးသံကိုကြားပြီးဖြစ် သဖြင့် ဘယ်ဘက်သို့အသာရှောင်တိမ်းပြီး ဓားဖြင့်နောက်သို့တွက် လိုက်၏။

“ရှပ်”

“အား”

နောက်မှ သိုင်းသမားမှာ ရင်ဝသို့ဓားစိုက်ပြီး သေဆုံးသွား တော့သည်။ ရှေ့မှသိုင်းသမားတစ်ယောက်သာ ကျန်တော့သည်။

သုံးယောက်ပင်မမှုဘဲ တိုက်နေရာမှတစ်ယောက်တည်းဆို တော့ ပို၍ပင်မဖြုံသေး။



ခွန်ချန်းသည် ရှေ့သိုင်းသမား၏ခုတ်ချက်ကိုခေါင်းငုံ့ရှောင် တိမ်းပြီးနောက် ဓားပြားဖြင့် ကျောကိုရိုက်လိုက်သည်။

“ဖြန်း”

“အား”

ထို့နောက်၊ တင်ပါးကိုဆောင့်ကန်လိုက်ရာ လက်ရွေးစဉ် သိုင်းသမားမှာ ရှေ့သို့ငိုက်စိုက်ငိုက်စိုက်နှင့် လွင့်သွားပြီး ခေါင်းတစ်ခု နှင့် သူ့ခေါင်းတိုက်မိသည်။

“မင်းခေါင်းကို မင်း ရွေးတာပေ့ါလေ”

ခွန်ချန်းသည် ပြောပြောဆိုဆိုလဲကျနေသည့် သိုင်းသမား တစ်ဦး၏ဓားကိုကောက်ယူပြီး ပစ်စိုက်လိုက်၏။

“ဗိုး”

ထိုသိုင်းသမားမှာ ဓားကိုမရှောင်နိုင်ချေ။ သူ့ကျောတွင် ဓား တန်းလန်းဖြင့် သေဆုံးသွားတော့၏။ ခွန်ချန်းကား သူ့ကိုဝိုင်း တိုက်သူများကို အနိုင်တိုက်နိုင်ခဲ့လေပြီ။

“ခွန်ချန်း”

စီလင်ရှု၏ခေါ်သံ ထွက်ပေါ်လာ၏။

ခွန်ချန်းက....

“သူတို့က ငါ့ကိုမြေမြှုပ်ဖို့စောင့်နေတယ်၊ ငါက သူတို့ကို မြေမြှုပ်ပစ်လိုက်ပြီ”

“ခင်ဗျား နိုင်ပြီပေ့ါ”

“ဟား... ဟား... ဟား နိုင်တာပေ့ါကွာ၊ မလောက်လေး မလောက်စားတွေပါကွာ၊ ဒါနဲ့များ သူတို့ကိုယ်သူတို့ ကျောက်စိမ်းနဂါး

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားဆိုပြီး ဂုဏ်ယူနေကြသေးတယ်"

ခွန်ချန်းသည် ဂိုဏ်းချုပ်ကြီးဖန်ကောက်တင် မှောင်ရိပ်ခို သွားသည်ကိုသိသဖြင့် တမင်ပြောလိုက်ခြင်းဖြစ်သည်။

"ခင်ဗျား ကျုပ်ဆီကိုလာဗျ"

"ဘာလဲ ဂိုဏ်းချုပ်ကြီးထွက်ပြေးလို့လား"

"ထွက်ပြေးတာမဟုတ်ဘူးဗျ။ မှောင်ရိပ်ခိုပြီး ပုန်းနေလို့ရှာ မလို့ ခင်ဗျားကိုလာပေါင်းဖို့ ပြောနေတာဗျ၊ ပျောက်သောသူ ရှာရင် တွေ့ရမှာပေါ့ဗျာ၊ ဒီဂိုဏ်းချုပ် ဘယ်လောက်ပုန်းနိုင်မှာလဲ"

ခွန်ချန်းသည် ထင်းရှူးချောင်းကြီးတစ်ချောင်းကိုယူပြီး မီး ကူးလိုက်၏။

"ရှဲ"

ထင်းချောင်းကြီးသည် မီးတုတ်သဖွယ် တရှဲရှဲနှင့် တောက် လောင်နေတော့၏။

"ရှီ... ရှီ...ရှီ"

ပလွေသံ၊ ဖန်ကောက်တင်၏ပလွေသံပင် ဖြစ်ပါ၏။

"ခွန်ချန်း သတိထား"

စီလင်ရှု၏သတိပေးသံကြောင့် ခွန်ချန်း သတိထားလိုက် သည်။ သူသည် မှောင်ထဲသို့လှမ်းကြည့်လိုက်၏။

"ဟာ"

ခွန်ချန်းမြင်လိုက်သည့်အရာကား ယန္တရားဖားကြီးတစ် ကောင်ပေတည်း။



(၄၈)

ယန္တရားဖားကြီးသည် တစ်ချက်ခုန်လိုက်ရုံဖြင့် သူ့ထံသို့ ရောက်ရှိလာလေ၏။

ထိုဖားကြီးကို ခွန်ချန်း မုန်းသည်။ စီလင်ရှုလည်း မုန်း သည်။ ဟုန်ကျင်းလည်း မုန်းသည်။ သူတို့မုန်းသော ယန္တရားဖား ကြီးကို သူတို့တိုက်ရပေတော့မည်။

စီလင်ရှုသည် လှံကြီးတစ်ချောင်းကိုကောက်ယူပြီး ဖားကြီး အား လှမ်းပစ်လိုက်သည်။

"ဒေါင်"

လှံသည် ကွေးကောက်ပြီး အောက်သို့ပြုတ်ကျသွားသည်။ လှံသွားသည် ဖားကြီး၏သံချပ်ကာကိုယ်ထည်ကို မထိုးဖောက်နိုင် ချေ။

စီလင်ရှုနှင့် ခွန်ချန်းတို့သည် အခြေအနေမဟန်မှန်းသိလိုက် သည်နှင့် ခုန်ဆုတ်လိုက်ကြလေတော့သည်။ သူတို့သွက်လက်[illegible] ရှောင်ရှားနိုင်မှ အသက်ရှင်နိုင်မည်မှန်း သိလိုက်ကြသည်။

ဖန်ကောက်တင်အား တိုက်ခိုက်ရန်မလွယ်ပေ။ ဖန်ကောက် တင်သည် ဖားကြီး၏နောက်၌ ပလွေမှုတ်နေသည်။ ထို့ကြောင့် ဖန် ကောက်တင်အား တိုက်ခိုက်ရန်မလွယ်ပေ။

www.burmeseclassic.com

ဖားကြီးကလည်း တစ်ဈွေ့ခုန်နှစ်ဈွေ့ခုန်လျက် စီလင်ရှုတို့အား တိုက်ခိုက်လျက်ရှိသည်။

"ခွန်ချန်း လူချင်းခွဲထား၊ ခွဲမထားရင် နှစ်ယောက်စလုံးသေနိုင်တယ်၊ ခွဲထားတော့ ဖားဟာ တစ်ယောက်တည်းကိုပဲတိုက်ခိုက်နိုင်မယ်"

စီလင်ရှုက အော်ဟစ်ပြောကြားလေ၏။ ခွန်ချန်းသည် စီလင်ရှုသတိပေးထားသည့်အတိုင်း လူချင်းခွဲလိုက်သည်။ ထိုအခါ ဖားကြီးသည် မည်သူ့ကိုတိုက်ခိုက်ရမည်မှန်း မသိဘဲဖြစ်သွားတော့သည်။

"ရှိ... ရှိ... ရှိ"

ပလွေမှုတ်သံ ပြန်ပေါ်လာ၏။

"ဝုန်း"

ဖားကြီးသည် စီလင်ရှုထံသို့ခုန်လိုက်၏။ စီလင်ရှုသည် ဖားကြီး၏သဘောကိုသိနေသူဖြစ်ရာ ချက်ချင်းပင် ခုန်ရှောင်သည်။

သူသည် ရွှေဓားတစ်ချောင်းကိုဆွဲထုတ်ပြီး ဖားကြီး၏ပျော့ကွက်ကိုတိုက်ခိုက်ရန် အခြေအနေကြည့်နေသည်။ သူသည် ယခုအချိန်အထိ ဖားကြီး၏ပျော့ကွက်က မတွေ့သေးပေ။ ဖားကြီးကိုအသက်သွင်းနေသူမှာ ဖန်ကောက်တင်ဖြစ်တော့၏။

ယခုတော့ စီလင်ရှုသည် အရေးမကြီးသောဖားကြီးကိုဖျက်ဆီးရန်သာ စဉ်းစားနေတော့သည်။



(၄၉)

သွေးနိဂုံး

စီလင်ရှု၏တွေးတောချက်ကို ခွန်ချန်းရိပ်မိလိုက်၏ သူ စဉ်းစားသည်။

ဖန်ကောက်တင်နှင့် တကယ်တမ်းယှဉ်ပြိုင်တိုက်ခိုက်နိုင်သူမှာ စီလင်ရှုသာဖြစ်သည်။

သူကတော့ ဖန်ကောက်တင်နှင့် အစပိုင်းလောက်တင်သာ ယှဉ်ပြိုင်နိုင်မည့်သူဖြစ်၏။

ထို့ကြောင့် ယန္တရားဖားအား သူကတိုက်ခိုက်ပြီး ဖန်ကောက်တင်အား စီလင်ရှုက ယှဉ်ပြိုင်တိုက်ခိုက်မှသာ သဘာဝကျပေလိမ့်မည်။

"စီလင်ရှု... စီလင်ရှု ဖားနောက်မှာ ဖန်ကောက်တင်ရှိတယ်၊ သူ့ကိုတိုက်... သူသေရင် ဖားလဲသေတာပဲကွ"

ထိုအခါ စီလင်ရှု သတိရသွား၏။ သို့သော် သူသည် ဖားကို တိုက်ခိုက်ချင်သေးသည်။

သူသည် ဖားရှေ့ လှုပ်တစ်ပြက်ဝင်ပြီး ဖားကြီး၏လက်

www.burmeseclassic.com



ချောင်းများကြားသို့ဓားလှည့်ပြီး ကန့်လန့်လိုက်သည်။ ဖား၏လက်ချောင်းများကို ချိုးပစ်လိုက်ခြင်းဖြစ်သည်။

သို့သော် ဖားက ယန္တရားဖားပဲ၊ သက်ရှိဖားမှ မဟုတ်ပေ။ သူ၏လက်ကြီးကိုလှုပ်လိုက်သည်နှင့် ရွှေဓားသည် ယက်ပိုင်းကျိုးသွားလေ၏။

"ဟာ"

စီလင်ရှု ခုန်ဆုတ်သွားသည်။ ထိုအခါ သူ့ဘေးသို့ ခွန်ချွန်းရောက်လာ၏။

"စီလင်ရှူ... မင်း ဖန်ကောက်တင်ကိုသွားတိုက်၊ ငါက ရွှေမှာဖားကြီးကိုတိုက်မယ်"

"ဖန်ကောက်တင်က ဘယ်မှာလဲ"

"ယန္တရားဖားရဲ့နောက်ကွယ်မှာ ပလွေမှုတ်နေတယ်၊ အဲဒီပလွေနဲ့ဖန်ကောက်တင်ဟာ အဓိကပဲ၊ သူသေရင် ယန္တရားဖားလဲ သေပြီ"

ထိုစဉ် ဖားကြီးသည် ဝုန်းခနဲခုန်ဝင်လာသဖြင့် ခွန်ချွန်းနှင့် စီလင်ရှုတို့ ခုန်ရှောင်လိုက်ကြ၏။

"သွားသွား... မင်းသွား"

ခွန်ချွန်းက အော်၏။

စီလင်ရှုသည် ဖားကြီး၏နောက်ဘက်သို့ကျွမ်းပစ်၍ ထွက်သွားတော့သည်။

တကယ်တော့ ဖန်ကောက်တင်သည် မှောင်ရိပ်ခိုပြီး ဖားကို ထိန်းကျောင်းနေခြင်းဖြစ်သည်။ စီလင်ရှုသည် ဖန်ကောက်တင်ကိုရှာ



မတွေ့ဘဲဖြစ်နေသည်။

ထိုစဉ် ခွန်ချွန်းနှင့်ဖားကလေး [illegible] နေကြပေပြီ။ ဖားကြီးသည် ခွန်ချွန်းအား ခုန်နင်း၏ လက်ကြီး [illegible] ကြဲတ်ခွေ၏။

ပါးစပ်ဖြင့်ကိုက်သည်။ ခွန်ချွန်းမှာ လူးလှိမ့်ရှောင်တိမ်းနေသည်။

သူ မည်မျှရှောင်တိမ်းနိုင်ပါမည်နည်း။ တစ်ကြိမ်တွင် ဖားကြီးသည် သူ၏ဝတ်ရုံကို တစ်စွန်းတစ်စမိသွား၏။

"ဟာ"

ခွန်ချွန်း ရင်ထိတ်သွားသည်။ သူသည် ဝတ်စုံကိုဆွဲဆုတ်သည်။

"ဗြဲ"

သူသည် လှိမ့်ထွက်သွား၏။ သို့သော် ဖားကြီး၏ဘယ်လက်ကို မလွတ်ပေ။ ဘယ်လက်ကြီးသည် သူ၏ခန္ဓာကိုယ်ပေါ်သို့ကျရောက်လာသည်။

"အား"

သူ၏အော်သံသည် ပဲ့တင်ထပ်သွား၏။ ခွန်ချွန်း အသက်ဆုံးရှုံးသွားပေပြီ။

"ခွန်ချွန်း"

စီလင်ရှုသည် အခြေအနေကိုနားလည်သဘောပေါက်သွားသဖြင့် ငိုသံပါကြီးနှင့် အော်လိုက်၏။ သူ့အော်သံက ခွန်ချွန်း၏အသက်ကိုမကယ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖားကြီးသည် ချက်ချင်းပင် သူ့ထံလှည့်လာလေ၏။ စီလင်ရှူသည်မှောင်ထဲသို့ ခုန်ဝင်လိုက်၏။

ဖန်ကောက်တင် မှောင်ရိပ်ခိုသကဲ့သို့ သူလည်း မှောင်ရိပ်ခိုရ လေတော့မည်။

သို့သော် သူခုန်ဝင်လိုက်သည့်မှောင်ရိပ်မှာ ဖန်ကောက်တင်ရှိနေသည့် မှောင်ရိပ်ဖြစ်နေသတည်း။

"ခွေးမသား... မင်းက ဒီထဲမှာ ငါရှိနေတယ်ဆိုတာကို သိတယ်ပေါ့"

ဖန်ကောက်တင်သည် ကျောက်စိမ်းပလွေဖြင့် ဆီးရိုက်လိုက်ရာ စီလင်ရှူသေလုမြောပါး ရှောင်တိမ်းလိုက်ရ၏။

"ဟား... ဟား... ဟား သိတာပေါ့၊ ခင်ဗျား သေဖို့သာပြင်ပေတော့"

စီလင်ရှူသည် သူ့၌ကျန်ရှိနေသည့် ရွှေဓားတစ်လက်ဖြင့် တိုက်ခိုက်လေတော့ရာ ထိပ်သီးနှစ်ဦး၏ပြိုင်ပွဲသည် အကြီးအကျယ်ဖြစ်ပေါ်လာတော့သည်။

ဖန်ကောက်တင်က ကျောက်စိမ်းပလွေဖြင့် တိုက်သည်။ စီလင်ရှူက ရွှေဓားဖြင့်တိုက်သည်။

"ဝိုး"

"ဝှစ်... ဝှစ်"

ဖန်ကောက်တင်က ကျောက်စိမ်းပလွေဖြင့်တစ်ချက်ရိုက်ပြီး ခုန်ရှောင်ထွက်သွားသည်။ စီလင်ရှူက ဖန်ကောက်တင်ကိုလေထဲ၌ ဓားဖြင့်လိုက်တွက်သည်။



ဖန်ကောက်တင်မှာ အလွန်လျင်မြန်သဖြင့် ဓားတွက်ချက်မထိလိုက်ပေ။

"မင်းက ငါ့ကိုလာတိုက်ရအောင် မင်းနဲ့ငါ တူသလား တန်သလား"

စီလင်ရှူ ရယ်မောလေ၏။

"ဟား... ဟား... ဟား ကျုပ်ကိုသေအောင်သတ်ပစ်လိုက်လေ၊ မတူရင် မတန်ရင် ကျုပ်သေတာ ကြာလှပြီပေါ့"

စီလင်ရှူသည် လေထဲ၌ပျံဝဲပြီး ဖန်ကောက်တင်အား ဓားဖြင့်ထိုးလိုက်၏။

ဖန်ကောက်တင်သည် စီလင်ရှူ၏ဓားကိုရိုက်ထုတ်ပြီး နောက်ဘက်သို့ခုန်ရှောင်လိုက်၏။ စီလင်ရှူ၏ရွှေဓားသည် ထန်းခနဲမြည်သွားပြီး ဘေးဘက်သို့ယမ်းဖယ်သွားလေ၏။

ယန္တရားဖားကြီးမှာ ပလွေမှုတ်ပြီး စေခိုင်းမည်သူမရှိတော့သဖြင့် သက်ငြိမ်အရုပ်ကြီးလိုဖြစ်သွားသည်။ ဖန်ကောက်တင်သည် အသေအလဲ ကြိုးစားနေရသည်မဟုတ်ပါလော။

ဖားကြီးအား ထိန်းချုပ်ရမည့်ကျောက်စိမ်းပလွေသည် သူ၏လက်နက်ဖြစ်နေခဲ့ပေသည်။

"ဝိုး... ဝိုး...ဝိုး"

"ဝှစ်... ဝှစ်... ဝှစ်"

ကျောက်စိမ်းပလွေနှင့် ဓားတို့သည် အပြန်အလှန်ဖြစ်နေသည်။

ရွှေဓား၏ခုတ်ချက်များကို ကျောက်စိမ်းပလွေက မာကျော

www.burmeseclassic.com

www.burmeseclassic.com



စွာ ခုခံနိုင်သည်။

စီလင်ရှုသည် မိုးလုံးပြည့်ကြယ်ဆိုသည့်တိုက်ကွက်ဖြင့် တိုက်သည်။ ဖန်ကောက်တင်က ရေကြီးလှေဖြတ်တိုက်ကွက်ဖြင့် ဖျက်သည်။

သူတို့သည် မြွေမြွေချင်း ခြေမြင်သူများဖြစ်နေရကား တစ်ယောက်၏တိုက်ခိုက်မှုသည် တစ်ယောက်အပေါ် ထူးထူးခြားခြား ထိခိုက်မှုမရှိလှပေ။

စီလင်ရှုသည် လေဖြင့်ထိုးစစ်ဆင်လေ၏။

"ခင်ဗျား စိတ်လျှော့လိုက်တော့ ဖန်ကောက်တင်၊ လောကကြီးမှာ ဖြစ်သင့်ဖြစ်ထိုက်တာပဲ ကောင်းတယ်ဗျ။ သဘာဝနဲ့ ဆန့်ကျင်တဲ့အရာတွေက မဖြစ်တာပဲကောင်းတယ်၊ ခင်ဗျားရဲ့ ရူးသွပ်မှုတွေကြောင့် လူအများကြီး မသေစေချင်ပါနဲ့တော့ဗျာ"

ဖန်ကောက်တင်က ရယ်မောလေတော့၏။

"ဟား... ဟား... ဟား မင်းက အာဂကောင်ပါလား၊ ငါ့ကို တရားလာချမနေနဲ့၊ တရားချလို့မရဘူးကွ"

"ထို့"

စီလင်ရှုက တံထွေးကိုဘေးသို့ထွေးလိုက်၏။ ထိုအခါ ဖန်ကောက်တင်သည် ကျောက်စိမ်းပလွေဖြင့် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

စီလင်ရှုသည် နောက်ဆုတ်ရှောင်တိမ်းရင်း ဖန်ကောက်တင်၏အကွက်များကို လေ့လာနေတော့သည်။

ဖန်ကောက်တင်သည် စီလင်ရှုအား သိုင်းကွက်ဖြင့် မနိုင်



သောအခါ လက်နက်ပုန်းဖြင့်ပစ်ရန် သံကွင်းကလေးများကို မသိမသာထုတ်ယူလိုက်၏။

စီလင်ရှုလေ့လာနေစဉ် ဖန်ကောက်တင်သည် စီလင်ရှုအား သံကွင်းဖြင့် အလစ်အငိုက်ပစ်တော့သည်။

"ဝိုး.. ဝိုး... ဝိုး"

စီလင်ရှု အသေအလဲရှောင်တိမ်းရ၏။ တစ်ကြိမ်တွင် စီလင်ရှုသည် ဖန်ကောက်တင်ပစ်လိုက်သည့်သံကွင်းကို ဖမ်းမိသွား၏။ သူသည် သံကွင်းကိုချိန်ဆရင်း ဖန်ကောက်တင်ကိုကြည့်နေသည်။

"ဝိုး"

တစ်ကြိမ်တွင် သူသည် ဖန်ကောက်တင်အား သံကွင်းဖြင့်ပစ်လိုက်၏။ ဖန်ကောက်တင်သည် စီလင်ရှုက ဤသို့ပစ်မည်ဟု လုံးဝမထင်မိပေ။

သူသည် ကျောက်စိမ်းပလွေဖြင့် အလစ်တိုက်ခိုက်ရန် ကြံစည်နေစဉ် သံကွင်းသည် သူ၏လည်ပင်းအား ဖြတ်တောက်သွားလေ၏။

"ဝုန်း"

ဖန်ကောက်တင်၏ခန္ဓာကိုယ်ကြီး ပစ်လဲကျသွားသည်။ အသက်မရှိလျှင် မည်သူမျှ ရပ်တည်၍မနေနိုင်ပေ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(၅၀)

မေတ္တာ၊ သစ္စာ

ချင်ချင်သည် စီလင်ရှူဆီသို့ပြေးဝင်လာပြီး စီလင်ရှူ၏လက်မောင်းအား ပြေးဖက်လိုက်သည်။

"အစ်ကို"

"ကြောက်မနေပါနဲ့ ညီမရယ်၊ အစ်ကိုတို့ကိုဒုက္ခပေးမယ့် မိစ္ဆာကောင်ကြီး မရှိတော့ပါဘူး"

"အစ်ကိုက မရှိဘူးသာဆိုတယ်၊ ဟိုမှာ ယန္တရားဖားကြီး ကြောက်စရာကြီး"

"အမ်... ဟုတ်သားပဲ၊ ဒီကောင်ကြီးကို ဖျက်ဆီးရဦးမယ်"

စီလင်ရှူသည် ဖားကြီး၏ကိုယ်ထဲသို့မီးလောင်နိုင်သော သစ်သားများကို ထိုးသွင်းတော့သည်။ ထို့နောက် မီးရှို့လိုက်သည်။

အထဲ၌ တပ်ဆင်ထားသောကိရိယာတန်ဆာပလာများမှာ မီးကြောင့် အရေပျော်သည့်အရာများ အရေပျော်၊ ပြုတ်ကျသည့်အရာ ပြုတ်ကျသဖြင့် ဖားကြီးမှာ အခွံချည်းသာ ကျန်ရစ်တော့သည်။

ကျောက်စိမ်းပလွေဖြင့် ဖားကြီးကို မည်သူမျှအသက်မသွင်းနိုင်တော့ပေ။



"ကဲ... ညီမကြောက်တဲ့ဖားကြီးကို အစ်ကိုဖျက်ဆီးလိုက်ပြီ ဟုန်ကျင်းရဲ့အလိုသန္တကလဲ ဒီဖားကြီးကိုဖျက်ဆီးစေချင်တာပဲ၊ ခွန်ချန်းအလောင်းကိုယူပြီး အစ်ကိုတို့မြေမြှုပ်သင်္ဂြိုဟ်လိုက်ရအောင်"

စီလင်ရှူသည် မြင်မကောင်းရှုမကောင်းသေနေသည့် ခွန်ချန်း၏အလောင်းကိုယူ၍ မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်လေ၏။

သူတို့၏ခရီးစဉ်မှာ အောင်မြင်သည့်ခရီးစဉ်ဖြစ်ခဲ့ပါ၏။ သို့သော် ပေးရသည့်အသက်တန်ဖိုးများမှာ နည်းလှသည်မဆိုနိုင်။

သူတို့ပေးလိုက်ရသည့် အသက်တန်ဖိုးများမှာ မြို့စားကြီး ဝမ်ပင်း၊ ဝမ်ဖေး၊ ဟုန်ကျင်းနှင့် ခွန်ချန်းတို့ပင်ဖြစ်ကြသည်။

"သူငယ်ချင်းတို့ရေ... မင်းတို့ဖြစ်စေချင်တဲ့အတိုင်း ယန္တရားဖားကြီးကို ငါဖျက်ဆီးလိုက်ပါပြီကွာ၊ မင်းတို့က တမလွန်ဘဝက ဝမ်းမြောက်ကျေနပ်ကြပါတော့၊ သိုင်းလောကမှာလဲ ကျောက်စိမ်းနဂါး ဂိုဏ်းဆိုတဲ့သိုင်းဂိုဏ်းကြီး ပျက်စီးသွားပါပြီကွာ၊ ဟုန်ကျင်းရဲ့ဆန္ဒဖြစ်တဲ့ယန္တရားတပ်ဆင်တဲ့သိုင်းကျမ်းကိုလဲ ရှောင်လင်ကျောင်းအရောက် ငါပြန်လည်ပေးအပ်လိုက်ပါ့မယ်ကွာ"

စီလင်ရှူသည် တီးတိုးရေရွတ်လိုက်၏။ သူသည် ချင်ချင်၏ ပခုံးကလေးကိုဖက်ကာ ရှောင်လင်ကျောင်းတော်ဆီသို့ဦးတည်သွားတော့သည်။

ဟုန်ကျင်းမှာကြားခဲ့သည့်အတိုင်း ယန္တရားတပ်ဆင်သည့် ကျမ်းကို ပြန်လည်ပေးအပ်ရမည်မဟုတ်ပါလား။

"ညီမ... ညီမကို အစ်ကိုတစ်သက်လုံးစောင့်ရှောက်သွားပါ့မယ်ကွာ၊ ညီမရဲ့သဘောကောဟင်"

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်သည် စိုးလင်းရှ၏ပခုံးကိုမှီလိုက်ပြီး....

"အစ်ကိုရယ်... ညီမဟာ အစ်ကို့ကိုသာ အားကိုးတာပါ။ ညီမဘဝဟာ အစ်ကိုပါ၊ အစ်ကိုမရှိရင် ညီမဘဝ ဘာအဓိပ္ပာယ်မှ မရှိတော့ပါဘူးရှင်"

"အို... ညီမရယ်"

စိုးလင်းရှသည် ချင်ချင်အား ပွေ့ပိုက်မိသည်။ အားကိုးရာမဲ့ ဖြစ်နေရှာသည့် ချင်ချင်အတွက် သူသည်အားထားရာ လဲလျောင်းရာဖြစ်စေရမည်ဟု စိတ်ထဲမှ ကြုံးဝါးမိတော့သည်။

သူ့ဘဝသည် ချင်ချင်၊ ချင်ချင်ဘဝသည် သူဟူ၍ နှစ်ကိုယ့်တစ်စိတ်ဖြစ်သွားပြီမဟုတ်ပါလား။

BURMESE CLASSIC .com

ပြီး၏။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com